ကြေးမုံ
The Mirror Daily
၁၉၅၇ ဇွန် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ကဆုန်လပြည့်ကျော် ၈ ရက် တနင်္ဂနွေနေ့ | 29, Sunday May 2016 | (၈၅၇၆)

**လူ့အပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဒွတည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူ့အပေါင်းသည် ချစ်မြတ်နိုး၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၂၁၇)



# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

**မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတို့ကို အဓိကထားဆောင်ရွက်သွားမည့် ပြည်ထဲရေးဝန်ကြီးဌာန၏ ရက် ၁၀၀**

စာမျက်နှာ
၁၆
၁၇
၁၈

# လုပ်သက်နှစ်(၃၀)ပြည့်ပါက အသက်(၅၅)နှစ်ပြည့်ရန်မလိုဘဲ နှစ်ပြည့်ပင်စင်ခံစားခွင့် ရရှိတော့မည်

**မင်းသစ်(သတင်းစဉ်)**

နိုင်ငံ့ဝန်ထမ်းများ လေ့ကျင့်ပြုစုပျိုးထောင်ရာ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ယခင်သင်တန်းများလို တက္ကသိုလ်မှထုတ်ပေးသည့် ဝတ်စုံဝတ်ဆင်ရန် မလိုတော့ဘဲ သက်ဆိုင်ရာဌာနဝတ်စုံများသာ ဝတ်ဆင်ခွင့်ရရှိတော့မည်ဖြစ်ပြီး ဌာနကြီး ခြောက်ခုတွင် စစ်ရေးပြဌာနများကို ဖျက်သိမ်းသွားမည်ဟု ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ သိရသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းများအတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေတွင်ပါရှိသော ပြက္ခဒိန်နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် ဝန်ထမ်းတစ်ဦး၏ ခွင့်စာရင်း၌ ကျန်ရှိသောလုပ်သက်ခွင့်များကို မူလက တစ်လစာစုဆောင်းခွင့်ရှိခဲ့ရာမှ အစိုးရသစ်လက်ထက်တွင် နှစ်လအထိ စုဆောင်းခွင့်ရရှိမည်ဟု ဆိုသည်။

ထို့အတူ ယခင်က ဝန်ထမ်းအမျိုးသမီး မီးဖွားမှသာ ခင်ပွန်းဖြစ်သူဝန်ထမ်းက မွေးကင်းစကလေးပြုစုစောင့်ရှောက်ခွင့် နှစ်ပတ် ခံစားခွင့်ရရှိရာမှ ယခုအခါ ဝန်ထမ်းမဟုတ်သော အမျိုးသမီး မီးဖွားပါကလည်း ယင်းအမျိုးသမီး၏ ခင်ပွန်းဖြစ်သူ ဝန်ထမ်းကို မွေးကင်းစကလေး ပြုစုစောင့်ရှောက်ခွင့် နှစ်ပတ်ခံစားခွင့်ရရှိတော့မည်ဖြစ်သည်။ **စာမျက်နှာ ၃ ကော်လံ ၄ သို့** ✱

# တိုက်ခန်းတန်ဖိုး ၃၀ ရာခိုင်နှုန်း ပေးဆောင်ပြီးပါက အသင့်နေထိုင်နိုင်သော တိုက်ခန်းများ ရောင်းချမည်

**ရန်ကုန် မေ ၂၈**

ရန်ကုန်မြို့ရှိ ဝင်ငွေနည်းမိသားစုများ အဆင်ပြေစေရန်အတွက် တစ်နှစ်မှ ငါးနှစ် အရစ်ကျစနစ်ဖြင့် အသင့်နေထိုင်နိုင်သော တိုက်ခန်းများအား ဒေါပုံနှင့်သာကေတမြို့နယ်တို့တွင် ရောင်းချပေးနေကြောင်း ဇင်မင်းပိုင်ဆောက်လုပ်ရေးလုပ်ငန်း မန်းနေးဂျင်းဒါရိုက်တာ ဦးမိုက်ကယ်ဇော်မင်းက ပြောသည်။

ရောင်းချမည့်တိုက်ခန်းများမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအသိအမှတ်ပြုလိုင်စင် ကန်ထရိုက်တာကိုယ်တိုင်တည်ဆောက်သောကြောင့် အရှုပ်အရှင်းအားလုံးတာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကာ ကနဦးတိုက်ခန်းတန်ဖိုး ၃၀ ရာခိုင်နှုန်း ပေးဆောင်ပြီးပါက တိုက်ပေါ်သို့ တက်ရောက်နေထိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"ခိုင်မာမှုနဲ့ပတ်သက်ပြီး အာမခံအပြည့်ပေးမယ်။ တချို့က တိုက်ခန်းကို လေပေါ်မှာဆောက်ပြီး လေနဲ့ပဲရောင်းနေကြတာ။ ကျွန်တော်တို့က အသင့်တည်ဆောက်ပြီး BCC ကျပြီးသားတွေကို ဘဏ်တွေနဲ့ချိတ်ဆက်ကာ ရောင်းပေးတာပါ။ ဝယ်ယူသူတွေ အဆင်ပြေတဲ့ဘဏ်နဲ့ ချိတ်ဆက်ဆောင်ရွက်ပေးပါတယ်" ဟု ၎င်းကပြောသည်။

အရစ်ကျစနစ်ဖြင့် ရောင်းချရာတွင် ကျပ်သိန်း ၂၀၀ ကျော်မှ ကျပ်သိန်း ၁၀၀၀ အတွင်း အခန်းများကို ရောင်းချပေးခြင်းဖြစ်ကာ **စာမျက်နှာ ၂ ကော်လံ ၄ သို့** ○



# အပွားမြန်သောဗေဒါပင်များကြောင့် ရေကြောင်းသွားလာမှုအခက်အခဲဖြစ်

**သတင်း-ဇာဏီ၊ ဓာတ်ပုံ-ဝင်းကြိုင်(ပြန်/ဆက်)**

မိုးတစ်ဖြိုက် နှစ်ဖြိုက်ရွာသွန်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ ဒါးကမြစ်အတွင်း ဗေဒါပင်များ ပွားများလာပြီး အနီးအနား ကျေးရွာများမှ ဈေးဝယ်လာကြသော စက်လှေများမှာ သွားလာရေးအခက်အခဲဖြစ်နေကြောင်း သိရသည်။

မေ ၂၈ ရက် နံနက်ပိုင်းက ခရီးသည်တင် စက်လှေနှစ်စင်းမှာ ဒါးကမြစ်အတွင်း စက်ကုန်ဖွင့်မောင်းနေကြသော်လည်း မရွေ့နိုင်ဖြစ်နေကြသည်ကို မြင်တွေ့ခဲ့ရသည်။ **(အပေါ်ပုံ)**ဈေးဝယ်လာကြသော ခရီးသည်များနှင့် စက်လှေမောင်းသူများမှာ စိတ်အနှောင့်အယှက်ဖြစ်ကာ အခက်အခဲဖြစ်ကြကြောင်း၊ မိုးကာလ၏ဒုက္ခတစ်မျိုးဟု ဆိုနိုင်ကြောင်း ဒေသခံတစ်ဦးက ပြောပြသည်။

ခရီးဆက်ပါ မဗေဒါ၊ ကိုယ့်ခရီးကို ကိုယ်ဆက်ပါ၊ ဗေဒါပျံ့အံ့ကိုခဲ ပန်းပန်လျက်ပဲ စသည်ဖြင့် ဗေဒါစာချိုး၊ ဗေဒါကဗျာတို့ကို စာဆိုတို့က ရေးဖွဲ့ခဲ့ကြသည်။ ထင်ရှားသော ကဗျာမှာ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



ကြေးမုံ

# ၂၁ ရာစု ပင်လုံညီလာခံ

မေလ ၂၇ ရက်နေ့က နေပြည်တော်ရှိ HORIZON LAKE VIEW RESORTS ၌ ကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၁ ရာစု ပင်လုံညီလာခံဆိုင်ရာ အခြေခံမူများကို ရှင်းလင်းချမှတ်ခဲ့ပါသည်။ ၂၁ ရာစု ပင်လုံညီလာခံ၏ အခြေခံမူများကို တင်ပြဆွေးနွေးရာ၌ ဒေါ်အောင်ဆန်းစုကြည်က ၂၁ ရာစု ပင်လုံညီလာခံသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ အမည်ကွဲဖြစ်ပြီး တစ်ခုတည်းသော ညီလာခံကို အမည်နှစ်မျိုးဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယခုအစည်းအဝေး၌ ထည့်သွင်းပြောကြားခဲ့ခြင်းမရှိသော်လည်း ၂၁ ရာစု ပင်လုံညီလာခံကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး တက်ရောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး တက်ရောက်သော ၂၁ ရာစုပင်လုံညီလာခံသည် နိုင်ငံတော်၏ အနာဂတ်ငြိမ်းချမ်းရေးအတွက် အားတက်စရာခြေလှမ်းဖြစ်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးပါဝင်ရေးသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၂၁ ရာစု ပင်လုံညီလာခံဆိုင်ရာ ပထမအခြေခံမူဟု ပြောနိုင်သကဲ့သို့ ဒုတိယအခြေခံမူသည် ပြုပြင်ပြောင်းလဲသင့်သည့် ကိစ္စရပ်များကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ဘောင်အတွင်းမှ ပြုပြင်ပြောင်းလဲရေးဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ပြောင်းလဲသင့် ပြောင်းလဲထိုက်သည့် ကိစ္စရပ်များကို ပြုပြင်ပြောင်းလဲရမည်ဟူသော သဘောထားသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အစဉ်အဆက်ဆုပ်ကိုင်ခဲ့သော သဘောထားဖြစ်ပြီး ရွေးကောက်ပွဲအောင်ပွဲရမှ ထွက်ပေါ်လာသော သဘောထားမဟုတ်သည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အလေးအနက်ထားထောက်ပြခဲ့ပါသည်။ ပြုပြင်ပြောင်းလဲသင့်သည့်ကိစ္စရပ်များကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ဘောင်အတွင်းက ပြုပြင်ပြောင်းလဲရေးဆိုသော အခြေခံမူကိုသုံးသပ်ပါက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် သမ္မတ ဦးသိန်းစိန်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အပြန်အလှန်ညှိနှိုင်းရယူခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို အသိအမှတ်ပြုဆက်လက်သယ်ဆောင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဤအစည်းအဝေး၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၂၁ ရာစု ပင်လုံညီလာခံ၌ ပါဝင်ဆွေးနွေးခွင့်ရှိသည့် နိုင်ငံရေးပါတီများရွေးချယ်သက်မှတ်ရေးမူကို တင်ပြဆွေးနွေးခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်တင်ပြခဲ့သော ရွေးချယ်ရေးမူအရ ၂၁ ရာစု ပင်လုံညီလာခံကို တက်ရောက်ဆွေးနွေးမည့် နိုင်ငံရေးပါတီများသည် အနိမ့်ဆုံးသက်ဆိုင်ရာပါတီကို ကိုယ်စားပြုသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးသည် လွှတ်တော်တစ်ရပ်ရပ်၌ ရှိရမည်ဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ချမှတ်ခဲ့သော ရွေးချယ်ရေးမူ၏ နိုင်ငံရေးအနှစ်သာရအဓိပ္ပာယ်မှာ ပြည်သူလူထုက ကိုယ်စားပြုဆောင်ရွက်ရန် တာဝန်ပေးအပ်ခံရသည့် နိုင်ငံရေးပါတီများသာ ၂၁ ရာစု ပင်လုံညီလာခံ၌ တက်ရောက်ဆွေးနွေးခွင့်ပြုမည်ဆိုသော သဘောဖြစ်ပါသည်။ ဤသဘော ဤမူသည် ဒီမိုကရေစီသဘော ဒီမိုကရေစီမူပင်ဖြစ်၍ ၂၁ ရာစု ပင်လုံညီလာခံ၏ ဂုဏ်ဒြပ်နှင့် လိုက်ဖက်ညီညွတ်မှုရှိပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၁ ရာစု ပင်လုံညီလာခံဆိုင်ရာလူမှုအဖွဲ့အစည်းများ (CSO)၏ အခန်းကဏ္ဍအပေါ် အလေးအနက်ထားဆွေးနွေးခဲ့သည်ကိုလည်း တွေ့ရသည်။ တိုင်းပြည်၏ အသွင်ကူးပြောင်းရေးကာလ၌ ပြည်သူလူထု၏လိုအပ်ချက်များ ကူညီဖြည့်ဆည်းပေးရန် အမျိုးမျိုးသော ဦးတည်ချက်များဖြင့် ဆောင်ရွက်နေကြသည်။ လူမှုအဖွဲ့အစည်းများ (CSO)အများအပြားရှိနေသည်ကို ထောက်ပြလျက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၁ ရာစု ပင်လုံညီလာခံ၌ လူမှုအဖွဲ့အစည်းများ (CSO)များအား တိုက်ရိုက်ပါဝင်ဆွေးနွေးခွင့်ပြုမည်မဟုတ်ကြောင်း တင်ပြခဲ့သည်။ ဤအချက်ကိုကြည့်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၂၁ ရာစု ပင်လုံညီလာခံ၌ လူမှုအဖွဲ့အစည်းများ (CSO)၏ အခန်းကဏ္ဍကိုလျစ်လျူရှုထားသည်ဟု မသတ်မှတ်နိုင်ပါ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၁ ရာစု ပင်လုံညီလာခံနှင့်မျဉ်းပြိုင်သဘောရပ်တည်မည့် လူမှုအဖွဲ့အစည်းများ (CSO) ဖိုရမ် ကျင်းပသွားမည်ဆိုသောမူကို ချမှတ်ထားသောကြောင့်ဖြစ်ပါသည်။ ၂၁ ရာစု ပင်လုံညီလာခံ၏ နိုင်ငံရေးလုပ်ငန်းစဉ်များ ချောမောစေရန် ရွေးချယ်ခံ နိုင်ငံရေးပါတီများကိုသာ တက်ရောက်ဆွေးနွေးခွင့်ပြုထားသော်လည်း ရွေးချယ်မခံရသော နိုင်ငံရေးပါတီများနှင့် ၂၁ ရာစု ပင်လုံညီလာခံလုပ်ငန်းစဉ်များကြား တစ်စုံတစ်ရာဆက်စပ်မှု ရှိသင့်သည်ဟူသောမူကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဆုပ်ကိုင်ထားပါသည်။ ဤအချက်များအရ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားသည် ရွေးချယ်မခံရသော နိုင်ငံရေးပါတီများအပါအဝင် လူမှုအဖွဲ့အစည်းများ (CSO) ပါဝင်သည့် ဖိုရမ်တစ်ခုကို ၂၁ ရာစုပင်လုံညီလာခံနှင့် မျဉ်းပြိုင်သဘောကျင်းပရေးဟု မှတ်ယူရပါသည်။ အထက်ပါ မူဝါဒသဘောထားများနှင့်အညီ ကျင်းပမည့် ၂၁ ရာစုပင်လုံညီလာခံလုပ်ငန်းစဉ်များ၌ အဓိကအခန်းကဏ္ဍမှ ပါဝင်ရမည်ဖြစ်သော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီကို ဖြစ်ပေါ်လာသော နိုင်ငံရေးအပြောင်းအလဲများနှင့်အညီ ပြင်ဆင်ပြောင်းလဲမည်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရှင်းလင်းတင်ပြခဲ့ပါသည်။ ဤသို့သော ပြင်ဆင်ပြောင်းလဲမှုများကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဝင်များ၏ သဘောထားကိုရယူပြီး ဆောင်ရွက်မည်ဖြစ်သောကြောင့် စုစည်းပေါင်းစည်းမှုအားကို ရယူနိုင်မည်ဖြစ်ပါသည်။ ဤစုစည်းပေါင်းစည်းမှုအားဖြင့် ၂၁ ရာစု ပင်လုံညီလာခံကို အောင်မြင်စွာကျင်းပနိုင်မည်ဟု ယုံကြည်မျှော်လင့်ရပါသည်။ ။




## ဂြိုဟ်တုချန်နယ်ငှားရမ်းသုံးစွဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုး

**နေပြည်တော် မေ ၂၈**

ပို့ဆောင်ရေးနှင့် ဆယ်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနနှင့် အမေရိကန်နိုင်ငံအခြေစိုက် (Intelsat Global Sale and Marketing Ltd.)တို့၏ ဂြိုဟ်တုချန်နယ်ငှားရမ်းသုံးစွဲမှု သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအမှတ်(၂)ရှိ စုပေါင်းခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီး ကိုယ်စား အမြဲတမ်းအတွင်းဝန် ဦးခင်မောင်သက်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆက်သွယ်ရေးခက်ခဲသည့် ဒေသများတွင် ဆက်သွယ်ရေးကွန်ရက်ဖြန့်ကြက်နိုင်စေရန် Intelsat ၏ ဂြိုဟ်တုချန်နယ်များကို MyanmarSat-1 အမည်ဖြင့် ငှားရမ်းအသုံးပြုသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းကြောင့် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကွန်ရက်များ သိသာစွာ ဖွံ့ဖြိုးတိုးတက်လာပြီး မြို့ပြနှင့် ကျေးလက်ဒေသများအထိ ကွန်ရက် Bandwidth များ ကျယ်ပြန့်စွာ ဆက်သွယ်အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ဝန်ကြီးဌာနများ၏ ကွန်ရက်ချိတ်ဆက် ဆောင်ရွက်မှုများနှင့် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ကွန်ရက်ချိတ်ဆက်မှုများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက်ပါ များစွာအထောက်အကူဖြစ်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Intelsat Global Sale and Marketing Ltd. ၏ Regional Vice President Asia-Pacific Mr. Terry Bleakley က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် Intelsat Global Sale and Marketing Ltd. ၏ Regional Vice President Asia-Pacific တို့က သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြပြီး စာချုပ်များအပြန်အလှန်လဲလှယ်ခဲ့ကြသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

**○ တိုက်ခန်းတန်ဖိုးမှ**

တိုက်ခန်းတန်ဖိုးအပေါ် မူတည်ပြီး လစဉ် သွင်းငွေပြောင်းလဲမည်ဖြစ်ကြောင်း သိရသည်။

"ဝန်ထမ်းတွေနဲ့ အိမ်မဝယ်နိုင်သေးသူတွေအတွက် ငါးနှစ်အတွင်းမှာ အိမ်ပိုင်နိုင်ဖို့ ရည်ရွယ်ထားပါတယ်။ တန်ဖိုးနည်းတဲ့ တိုက်ခန်းတွေကိုလည်း နှစ်ရှည်အရစ်ကျနဲ့ ရောင်းဖို့အတွက်တော့ အခက်အခဲနည်းနည်းရှိပါတယ်။ နိုင်ငံတော်ကနေ မြေနေရာတွေ ချထားပေးမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ကျပ်သိန်း ၁၀၀လောက်နဲ့ ရောင်းချပေးနိုင်မှာပါ။ အခုက မြေဈေးတွေကြီးနေလို့ တိုက်ခန်းဈေးတွေပါ လိုက်တက်နေတာပါ"ဟု ၎င်းကထပ်မံပြောသည်။

ယင်းအနေဖြင့် အသစ်တည်ဆောက်မည့်တိုက်ခန်းများကိုလည်း စရန် ၁၀ ရာခိုင်နှုန်းပေးဆောင်ပြီးပါက ၇၈ လ (ခြောက်နှစ်ခွဲ) အရစ်ကျဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **(ရဲဝင်း)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးတိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရန် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မှာကြား

**နေပြည်တော် မေ ၂၈**

အများပြည်သူအတွက် ဖွင့်လှစ်ပြသထားရှိသော အမျိုးသားပြတိုက် (နေပြည်တော်)၏ ခင်းကျင်းပြသမှု လုပ်ငန်းများကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့မွန်းလွဲ ၁ နာရီခွဲက ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက အမျိုးသားပြတိုက် (နေပြည်တော်) အဆောင် A ရှိ နိုင်ငံတော်သမ္မတများ၏ လက်ဆောင်ပစ္စည်းများပြခန်း၊ အဆောင် B ရှိ ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ် ယဉ်ကျေးမှုပြခန်း၊ သမိုင်းတင်ခေတ်ဦး ယဉ်ကျေးမှုပြခန်း၊ သမိုင်းတင်ပြီးခေတ်ယဉ်ကျေးမှုပြခန်း၊ အနုသုခုမပြခန်း၊ မြန်မာပန်းချီပြခန်း၊ အဆောင် C ရှိ သီဟာသနပလ္လင်ပြခန်း၊ အဆောင် D ရှိ မြန်မာ့လက်မှုအနုပညာပြခန်း၊ အာဆီယံပြခန်း၊ ကလေးသူငယ် ပညာပေးပြခန်းများ ခင်းကျင်းပြသထားရှိမှုနှင့် ပြတိုက်ပညာပေးရေးလုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေး၍ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ခြိုးခြံချွေတာရန်၊ ပြတိုက်များ၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် အသိပညာဖြန့်ဝေပေးရေးအတွက် လာရောက်လေ့လာသူ တိုးတက်များပြားလာစေရေးအတွက် နည်းလမ်းများရှာဖွေဆောင်ရွက်ရန်



တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

၂၀၁၆ ခုနှစ် မေလမှစတင်၍ နေပြည်တော်ရှိ အခြေခံပညာကျောင်းများနှင့် ပရဟိတကျောင်းများမှ ကျောင်းသားကျောင်းသူများအား အမျိုးသားပြတိုက် (နေပြည်တော်)သို့ ဖိတ်ကြားပြီး ကြိုဆိုပို့ဆောင်ရေး၊ ရှင်းလင်းပြသရေး အစီအစဉ်များဖြင့် ပြတိုက်ပညာပေးရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**✱ ရှေ့ဖုံးမှ**

ထို့ပြင် လုပ်သက်နှစ် (၃၀) ပြည့်ပါက အသက် (၅၅) နှစ်ပြည့်ရန်မလိုဘဲ နှစ်ပြည့်ပင်စင်ခံစားခွင့် ရရှိတော့မည်ဟုလည်း သိရသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့က စစ်ဆေးသော စာမေးပွဲများတွင် ယခင်က မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ သုံးဘာသာဖြေဆိုခဲ့ရာမှ ယခုနှစ် ဩဂုတ်နှင့် စက်တင်ဘာလတွင် ဖြေဆိုမည့် စာမေးပွဲများတွင် တွေးခေါ်မှု (Thinking) ဖြင့် ဖြေဆိုရတော့မည်ဖြစ်ကြောင်း ပြည်ထောင်စုရာထူးဝန်ရုံး ဒုတိယအမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်းက ပြောသည်။

“ကျက်ဖြေစနစ်ကနေ စဉ်းစားတွေးခေါ်ပြီး ဖြေရမယ်ဆိုတော့ ပိုကောင်းတာပေါ့၊ ဟိုတုန်းက ရာထူးဝန်ကခေါ်တဲ့စာမေးပွဲတွေဆို ဟိုသင်တန်းတက်ရ၊ ဒီသင်တန်းတက်ရ ပိုက်ဆံလည်းကုန်တယ်။ အချိန်လည်းကုန်တယ်။ အခုလို စဉ်းစားတွေးခေါ်ပြီး ဖြေရတယ်ဆိုတော့ လူတစ်ယောက်ရဲ့အရည်အချင်းကို ပိုသိတာပေါ့” ဟု ရာထူးဝန်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုဖူးသူ ရန်ကုန်မြို့နေ မနီလာက ပြောသည်။

ယခင်က ဗဟိုဝန်ထမ်းတက္ကသိုလ်တွင် အမျိုးသားဆုငါးဆု၊ အမျိုးသမီးဆု ငါးဆု စုစုပေါင်း ၁၀ ဆု ချီးမြှင့်ခဲ့ရာမှ ယခုအခါ စာပေဆုနှင့် စံပြသင်တန်းသားဆု နှစ်ဆုသာ ချီးမြှင့်တော့မည်ဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်၏ အောက်တွင် Civil Services Academy တစ်ခုဆီ တိုးချဲ့ဖွဲ့စည်းဖွင့်လှစ်သွားမည်ဖြစ်သည်။

“အရာထမ်းလောင်းတွေကို လေးလ သင်တန်းတက်ခိုင်းမယ်။ Diploma ပေးမယ်။ Mid level သင်တန်းတွေကို အဆင့်မြှင့် Diploma ပေးမယ်။ စီနီယာ Level ညွှန်မှူးတွေကိုလည်း တစ်နှစ်သင်တန်းတက်စေပြီး မဟာဘွဲ့တွေပေးသွားမယ်”ဟု ဒုတိယအမြဲတမ်းအတွင်းဝန်က ပြောသည်။

**❖ အပွားမြန်သောမှ**

ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာဖြစ်သည်။ ဆရာဇော်ဂျီကား ဖျာပုံနှင့်ရန်ကုန်အကြား မြစ်တစ်လျှောက်တွင် တွေ့မြင်ခဲ့ရသော ဗေဒါပင်တို့အပေါ် ခံစား၍ ရေးဖွဲ့ခဲ့ဟန်တူသည်။ ဆရာဇော်ဂျီရေးဖွဲ့ခဲ့သော ဗေဒါမှာ ဘဲအုပ်က တစ်ရာနှစ်ရာ မဗေဒါက တစ်ပင်တည်းဖြစ်နေသည့်ဘဝ၊ အခက်အခဲ အကျပ်အတည်းကြားတွင် မဗေဒါက တစ်ပင်တည်းရုန်းကန်လှုပ်ရှားရသော ဘဝကို ဗေဒါပင်နှင့် တင်စားထားခြင်းဖြစ်သည်။ ယခုခေတ်သစ်ဗေဒါများမှာ ထိုသို့မဟုတ်ချေ။ အလွန်ပွားလွယ်သော ဗေဒါပင်များမှာ အင်အားကောင်းနေပြီး လူတို့ပင်အခက်အခဲဖြစ်လာရသည်။ သရေခေတ္တရာခေတ်က သောင်စပ်တွင် ရေခပ်သော ဗေဒါ ဗေဒါ နှင့်ဘူးကို ဘယ်သူချဲ့ပြောဟဲ့ ဗေဒါ မိဗေဒါကိုလည်း မှတ်သားဖူးသည်။ လူမှုဘဝနယ်ပယ်တွင် ဗေဒါပင်အကြောင်း ဖွဲ့ဆိုသော စာပေများမှာ များစွာရှိခဲ့သည်။

မျက်မှောက်ကာလ ဗေဒါများမှာမူ အင်း၊ အိုင်၊ ချောင်း၊ မြောင်းနှင့် လူအပေါင်းတို့အား စိုးမိုးအနိုင်ယူနေပြီ။ ဗေဒါပင်မှာ မြန်မာနိုင်ငံ၏မျိုးရင်းအပင်မဟုတ်ချေ။ မြန်မာနိုင်ငံသို့ ဗေဒါပင်ရောက်လာသည်မှာ အချိန်ကာလတစ်ခုကဖြစ်သည်။ ရောက်လာစက ထိုအပင်ကို ပြည်ကြီးပန်းဟုခေါ်သည်ဟု မှတ်သားဖူးသည်။ တရုတ်အမျိုးသားတစ်ဦးက အလှစိုက်ရန် ယူလာခြင်းဖြစ်သည်ဟု မှတ်သားဖူးသည်။ နိုင်ငံရပ်ခြားမှ ရောက်လာပြီးနောက် မြစ်ပြင်တစ်လျှောက်တွင် ပေါက်ပွားလာသည်ကို မြင်တွေ့ရသောအချိန်တွင် သရေခေတ္တရာမှ မဗေဒါ၏ ရေဘူးနှင့်တူသော အဖူးပါသဖြင့် ဗေဒါပင်ဟု ခေါ်ဝေါ်လိုက်ခြင်းဖြစ်မည်ဟု ယူဆရသည်။ ဗေဒါပင်၏ မူရင်းဇာတိမှာ တောင်အမေရိကမှဖြစ်သည်။

ဗေဒါပင်သည် ယခုအခါ ရေရှိသောနေရာတွင် တစ်ပင်ရောက်သည်နှင့် ရေပြင်ပြည့် ပွားများတော့သည်။ မြစ်ဝကျွန်းပေါ်တွင်လည်းပေါက်သည်။ အညာဒေသတွင်လည်းပေါက်သည်။ ရှမ်းပြည်နယ်တွင်လည်းပေါက်သည်။ မည်သည့်အရပ်၊ မည်သည့်ရာသီမဆို အပေါက်အရောက်မြန်သည်။ မန္တလေးကျုံးဆည်ကန်အတွင်း ဗေဒါပင်များပြည့်နေသည်ကို မြင်ဖူးသည်။ ညောင်ရွှေမြို့နယ် အင်းလေးဒေသတွင် ခြောက်သွေ့ရာသီရောက်ရှိလာလျှင် ဘီလူးချောင်းမှ ရေဝင်နည်းလာသဖြင့် ကန်ရေမျက်နှာပြင်နိမ့်ကျလာသည်။ အင်းလေးကန်မြောက်ဘက်ဒေသအခေါ် မြောက်အင်းဘက်ရှိ ကျေးရွာများတစ်ဝိုက်တွင် ဗေဒါပင်များ ဘီလူးချောင်းအတွင်း ရောက်သွားပြီး ပိတ်ဆို့လေ့ရှိသည်။ တုန်ဟုန်းတံတားအောက်မှ ဖြတ်သန်းသွားလာနေသော စက်လှေများထံမှ အလှူခံကာ ရရှိငွေဖြင့် ဗေဒါပင်များဆယ်ယူခြင်းလုပ်ငန်း လုပ်ဆောင်ကြသော်လည်း ဗေဒါပင်ပိတ်ဆို့မှုမှာလျော့မကျဘဲ ပိုမိုတိုးပွားလာကြောင်း ဒေသခံတို့ကပြောသည်။ စံကား၊ အင်းတန်း စသည့် ကျေးရွာအုပ်စုများတွင် ဗေဒါပင်များ ကိုယ်ထူကိုယ်ထဆယ်ယူခြင်းကို ရှေးယခင်ကထက် ပိုမိုပြုလုပ်နေရကြောင်း ဒေသခံရွာသားများကပြောသည်။

ဗေဒါပင်များအား မြစ်၊ ချောင်း၊ အင်း၊ အိုင်များမှာ တစ်ပင်စ၊ နှစ်ပင်စတွေ့စက မည်သူမျှဂရုမပြုမိကြချေ။ တစ်စတစ်စနှင့် နှစ်အတော်ကြာလာသောအခါ ထိန်းမနိုင်သိမ်းမရ များပြားလာပြီး ရှင်းမရလင်းမရဖြစ်ကာ အင်း၊ အိုင်၊ ချောင်း၊ မြောင်းများ ပျက်စီးခြင်း၊ လူတို့သွားလာမှုခက်ခဲခြင်းတို့ကို သတိပြုရမည်ဖြစ်ပြီး ပွားများလွယ်သော ဗေဒါပင်များကို လူတို့အတွက်အကျိုးရှိအောင် မည်သို့အသုံးချရမည်ကို လေ့လာရမည်ဖြစ်သည်။

## လစာဝင်ငွေခွန် ယခင်က ကျပ်သိန်း ၂၀ ကျော်လျှင်ပေးသွင်းရပြီး ယခု ကျပ် ၄၈ သိန်းကျော်မှ ပေးသွင်းရမည်

**မကွေး မေ ၂၈**

မကွေးမြို့တွင် အထူးကုန်စည်ဥပဒေနှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာများ ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို မေ ၂၈ ရက် နံနက် ၁၀ နာရီက မကွေးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနတွင် ပြုလုပ်သည်။

အဆိုပါ ပညာပေးရှင်းလင်းပွဲတွင် မကွေးမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးသက်ဦးနှင့် တာဝန်ရှိသူများက အထူးကုန်စည်ဥပဒေနှင့် ၂၀၁၆ ခုနှစ်



ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာများကို ပညာပေးရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် တက်ရောက်လာသူများက ဥပဒေပါ ဆောင်ရွက်ရမည့်ကိစ္စများ၊ သိရှိလိုသည့် အချက်များ၊ အခွန်ဦးစီးဌာနအနေဖြင့် ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကိုမေးမြန်းရာ မကွေးမြို့နယ် အခွန်ဦးစီးဌာနက တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် လစာဝင်ငွေခွန်ကို ယခင်က ကျပ်သိန်း ၂၀ ကျော်လျှင် ပေးသွင်းရပြီး ယခု ၂၀၁၆ ခုနှစ် အခွန်ကောက်ဥပဒေတွင် ကျပ် ၄၈ သိန်းကျော်မှ ပေးသွင်းရမည်ဖြစ်ပြီး ကုန်သွယ်ခွန်မကျသင့်သည့် ကုန်စည် ၈၆ မျိုးနှင့် ဝန်ဆောင်မှု ၂၉ မျိုး ပါရှိကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

■

## မြန်မာ့ကင်းထောက် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

**ရန်ကုန် မေ ၂၈**

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၏ မြန်မာ့ကင်းထောက် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာလတွင် မြန်မာနိုင်ငံ ကင်းထောက် အမျိုးသား အမျိုးသမီးများ၏ လှုပ်ရှားမှုများနှင့်အတူ အာရှပစိဖိတ်နှင့် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ်များ ပါဝင်ဆင်နွှဲရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ကင်းထောက် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ အမျိုးသားကင်းထောက်ချုပ် မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်ညိုက မြန်မာနိုင်ငံ၏ ကင်းထောက်လှုပ်ရှားမှုများသည် ၁၉၁၆ ခုနှစ် နိုဝင်ဘာလအတွင်းကပင် ခိုင်ခိုင်မာမာဖွဲ့စည်းလှုပ်ရှားမှုများစတင်ခဲ့ကြောင်း၊ ထိုစဉ်ကထုတ်ဝေခဲ့သည့် သူရိယသတင်းစာပါ သမိုင်းအထောက်အထားများအရ မြန်မာ့ကင်းထောက်အဖွဲ့သည် လာမည့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် နှစ်(၁၀၀)ပြည့်မည်ဖြစ်၍ သမိုင်းဝင်ရာပြည့်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ အမှတ်တရကျင်းပရန် ရည်ရွယ်ပါကြောင်း၊ အဆိုပါအခမ်းအနားသို့ အာရှပစိဖိတ် ကင်းထောက်အဖွဲ့ချုပ်နှင့် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်ကိုယ်စားလှယ်များ ဂုဏ်ပြုတက်ရောက်ကြရန် ကမ်းလှမ်းလာပါကြောင်း၊ နှစ်(၁၀၀)ပြည့် အခမ်းအနားကျင်းပမည့် ကာလအတွင်းတွင် မြန်မာနိုင်ငံအား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုမည့်အကြောင်းကြားချက်ကိုလည်း လက်ခံရရှိရန် အလားအလာကောင်းများရရှိထားပြီဖြစ်ပါကြောင်း ပြောကြားသည်။

မြန်မာ့ကင်းထောက် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပမည်ဖြစ်ရာ မြန်မာ့ကင်းထောက်ရာပြည့်အထိမ်းအမှတ်ကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၅ ရပ်တို့အား ဖွဲ့စည်းထားပြီး ရာပြည့်အထိမ်းအမှတ် အခမ်းအနားတွင် ကင်းထောက်ကြီးများ၊ ကင်းထောက်မောင်မယ်များ ချီတက်သရုပ်ပြပွဲများ၊ စွမ်းရည်သရုပ်ပြပွဲများ၊ ဗဟိုနှင့် တိုင်းဒေသကြီး /ပြည်နယ် ကိုယ်စားပြုရာပြည့်အထိမ်းအမှတ်ကင်းထောက်ပြခန်းများ၊ ဟောပြောပွဲများ၊ အမှတ်တရဂုဏ်ပြုပွဲများ၊ ပြည်ထောင်စုတိုင်းရင်းသားကင်းထောက်လူငယ်များ၏ ဖျော်ဖြေတင်ဆက်မှုများနှင့် ဂုဏ်ပြုညစာစားပွဲတို့ကိုကျင်းပရန်နှင့် ရာပြည့်အထိမ်းအမှတ်လိုဂို၊ စာတမ်း၊ သီချင်းနှင့် ရာပြည့်အထိမ်းအမှတ်မဂ္ဂဇင်းတို့ကို ထုတ်ဝေသွားမည်ဖြစ်ပါသည်။

မြန်မာ့ကင်းထောက် ရာပြည့်အထိမ်းအမှတ် အခမ်းအနားပြပွဲများအတွက် အမှတ်တရ ကင်းထောက် အသုံးအဆောင်ပစ္စည်းများ ပြသလှူဒါန်းလိုသူများ၊ စာမူများ ပေးပို့လိုသူများနှင့် အကြံဉာဏ်များ ပေးအပ်လိုပါက အမှတ် ၂၄၀/စီ အထက်ပုဇွန်တောင်လမ်း စက်ဆန်းရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ရုံး ဖုန်း-၀၉-၂၆၃၃၁၀၉၀၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

**ကိုလတ် (သတင်းစဉ်)**

# ရုရှားနိုင်ငံ ကူရေးကျွန်းဆွယ်ဒေသတွင် ရေတပ်စခန်းတစ်ခု တည်ဆောက်မည်

**မော်စကို မေ ၂၈**

ရုရှားနိုင်ငံအရှေ့ပိုင်းရှိ ကူရေးကျွန်းဆွယ်ဒေသတွင် ရေတပ်အခြေစိုက်စခန်းတစ်ခု တည်ဆောက်ရန် နယ်မြေလေ့လာဆန်းစစ်မှုများ လုပ်ဆောင်လျက်ရှိကြောင်း ရုရှားတပ်မတော်က ယနေ့ကြေညာချက်တစ်ရပ်ထုတ်ပြန်သည်။

အဆိုပါကျွန်းဆွယ်ဒေသတွင် ဂျပန်နိုင်ငံက ၎င်းတို့ကျွန်းများဟု အခိုင်အမာဆိုထားသော ကျွန်းလေးကျွန်း ပါဝင်ကြောင်း သိရသည်။

အဖွဲ့ဝင် ၂၀၀ ပါဝင်သော နယ်မြေဆန်းစစ်လေ့လာရေးအဖွဲ့တစ်ဖွဲ့က ကူရေးကျွန်းဆွယ်ဒေသရှိ မာတူရာကျွန်းပေါ်တွင် ရေတပ်အခြေစိုက်စခန်းတစ်ခု တည်ဆောက်ရန် နယ်မြေလေ့လာရေးများ လုပ်ဆောင်လျက်ရှိကြောင်း ဆာခါလင်မြို့ အစည်းအဝေးတွင် ရုရှားအရှေ့ပိုင်းခရိုင်စစ်ဌာနချုပ်တိုင်းမှူး ဆာဂျီး ဆူရိုဗီကင်က ဆိုသည်။

ယင်းအဖွဲ့တွင် တပ်မတော်သားများနှင့် ပထဝီဆိုင်ရာကျွမ်းကျင်ပညာရှင်များ ပါဝင်သည်။ ရုရှားပစိဖိတ်ရေတပ်မှ စစ်သင်္ဘောခြောက်စင်းသည် မေ ၇ ရက်က ဗလာဒီဗိုစတုတ်မြို့မှ ထွက်ခွာလာခဲ့ပြီး မာတူရာမြို့သို့ မေ ၁၅ ရက်တွင် ရောက်ရှိခဲ့သည်။

ဒုတိယကမ္ဘာစစ်မတိုင်မီ အဆိုပါမာတူရာကျွန်းကို ဂျပန်နိုင်ငံက ပိုင်ဆိုင်အုပ်စိုးခဲ့သည်။ ယင်းကျွန်းပေါ်တွင် လေယာဉ်ကွင်းများ တည်ဆောက်ခဲ့သည်။ ယခုအချိန်တွင် အဆိုပါကျွန်းပေါ်၌ လူနေထိုင်မှုမရှိပေ။

မော်စကိုအနေဖြင့် ပစိဖိတ်ရေတပ်စစ်သင်္ဘောများ အခြေစိုက်နိုင်စေရန်အလို့ငှာ ကူရေးကျွန်းဆွယ်ဒေသတွင် စစ်အခြေစိုက်စခန်းများ တည်ဆောက်သွားမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီးရှူးဂူက မတ်လတွင် ဖွင့်ဟပြောကြားခဲ့သည်။



သို့သော် ရုရှားတပ်မတော်က အဆိုပါလေ့လာဆန်းစစ်ရေးအဖွဲ့၏ နယ်မြေလေ့လာရေးအစီအစဉ်များကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ယင်းအဖွဲ့သည် ဂျပန်နိုင်ငံက ၎င်းတို့ပိုင်ဆိုင်သည်ဟု အခိုင်အမာဆိုထားသော ကျွန်းလေးကျွန်းကို ရုရှားပိုင်နယ်မြေများအဖြစ် သတ်မှတ်ပြီး လေ့လာဆန်းစစ်မှုများပြုလုပ်နိုင်ခြေရှိသည်။

အဆိုပါကျွန်းလေးကျွန်းသည် ဂျပန်နိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်နယ်မြေများ ဖြစ်သည်ဟု ဂျပန်အစိုးရက အခိုင်အမာဆိုသည်။ ၎င်းကျွန်းများကို ဒုတိယကမ္ဘာစစ်အတွင်း သိမ်းပိုက်ခြင်းခံခဲ့ရသည်။

**အင်န်အိတ်ချ်ကေ။**

# တူရကီတပ်မတော်၏ထိုးစစ်ဆင်မှု အိုင်အက်စ်အဖွဲ့ဝင် ၁၀၄ ဦးသေဆုံး

**အန်ကာရာ မေ ၂၈**

ဆီးရီးယားနိုင်ငံမြောက်ဘက်ရှိ အိုင်အက်စ်တို့၏ခြေကုပ်စခန်းများကို တူရကီတပ်ဖွဲ့ဝင်များက တိုက်ခိုက်ခဲ့ရာ စစ်သွေးကြွ ၁၀၄ ဦးသေဆုံးခဲ့ကြောင်း ယနေ့ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အိုင်အက်စ်စစ်သွေးကြွများက ဒုံးပျံခြောက်ခုဖြင့် တူရကီနယ်စပ်ဒေသရှိ ကီလီးစ်ပြည်နယ်နှင့် စစ်စခန်းနှစ်ခုအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ လူငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် တူရကီတပ်ဖွဲ့ဝင်များက မေ ၂၇ ရက်နှောင်းပိုင်းမှစ၍ စစ်သွေးကြွများ၏အခြေစိုက်စခန်းများကို လက်တုံ့ပြန်တိုက်ခိုက်ခဲ့သည်။

တူရကီတပ်မတော်၏ လက်တုံ့ပြန်တိုက်ခိုက်မှုတွင် အိုင်အက်စ်အဖွဲ့ဝင် ၁၀၄ ဦး သေဆုံးခဲ့သည့်အပြင် အိုင်အက်စ်တို့၏ဘက်စုံသုံး ဒုံးပျံလောင်ချာလေးခု၊ ပြောင်းတိုအမြောက်တစ်ခု၊ မော်တာစခန်းတစ်ခုနှင့် ဌာနချုပ်အဖြစ်အသုံးပြုသည့် အိုင်အက်စ်တို့၏စခန်းခုနစ်ခုတို့ပါ ထိခိုက်ပျက်စီးခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထိုးစစ်ဆင်မှုအတောအတွင်း အိုင်အက်စ်တို့၏စခန်းကို ပြောင်းတိုအမြောက် ၂၃၃ ခု၊ ဘက်စုံသုံးဒုံးပျံလောင်ချာစနစ် ၄၀ အပြင် တင့်ကားလေးစီးတို့ဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ အိုင်အက်စ်တို့က စတင်ပစ်ခတ်ခဲ့ပြီးနောက် ငါးမိနစ်ခန့်အကြာတွင် လက်တုံ့ပြန်တိုက်ခိုက်ခဲ့ရာ အိုင်အက်စ်စခန်းများထိခိုက်သွားကြောင်း ထုတ်ပြန်ချက်အရသိရသည်။

အိုင်အက်စ်အဖွဲ့သည် ယခုနှစ်ဇန်နဝါရီလလယ်ပိုင်းကစပြီး ဆီးရီးယားနယ်စပ်အနီး တူရကီတောင်ပိုင်းရှိ မြို့များအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ လူ ၂၀ ဦးသေဆုံးပြီး ၇၀ ကျော်ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ။**

# နှစ်နိုင်ငံရေကြောင်းပိုင်နက် နယ်နိမိတ်မျဉ်းအား ဖြတ်ကျော်ခြင်းမပြုရန် မြောက်ကိုရီးယားက တောင်ကိုရီးယားကို သတိပေး

**ပြုံယမ်း မေ ၂၈**

တောင်ကိုရီးယား စစ်ဘက်အနေဖြင့် တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံအကြားသတ်မှတ်ထားသော ရေကြောင်းပိုင်နယ် နယ်နိမိတ်အား ကျူးကျော်ဝင်ရောက်ခြင်းမပြုရန် ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ(ဒီပီအာရ်ကေ)က မေ ၂၈ ရက်တွင် သတိပေးပြောကြားလိုက်ပြီး ရေကြောင်းနယ်နိမိတ်အား ကျူးကျော်ဝင်ရောက်ပါက မြောက်ကိုရီးယားတပ်မတော်၏ တိုက်ခိုက်ပစ်ခတ်မှုများနှင့် ကြုံတွေ့ရမည်ဟု ပြောကြားသည်။

မြောက်ကိုရီးယားပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်က ၎င်းသတိပေးထုတ်ပြန်ချက်ကို တောင်ကိုရီးယား အာဏာပိုင်များထံ ပေးပို့ခဲ့ခြင်း ဖြစ်သည်။

မေ ၂၇ ရက် နံနက်ပိုင်းတွင် မြောက်ကိုရီးယားနိုင်ငံပိုင် ရေပြင်ပိုင်နက်အတွင်းသို့ တောင်ကိုရီးယားရေတပ်မှ ရေယာဉ်အချို့အား စေလွှတ်ကာ လက်နက်တပ်ဆင်ထားခြင်းမရှိသည့် မြောက်ကိုရီးယား ကူးတို့ရေယာဉ်အား ဒုံးကျည်များ၊ အမြောက်များဖြင့် ပစ်ခတ်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရ ကေစီအင်န်အေသတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယား၏ အဆင်ခြင်မဲ့စွာ စစ်ရေးအရ ရန်စလှုံ့ဆော် ကြံစည်မှုသည် တင်းမာမှုမြင့်မားနေသည့် ကိုရီးယားကျွန်းဆွယ်ဒေသတွင်း၌ တောင်နှင့်မြောက်နှစ်နိုင်ငံ ဆက်ဆံရေးအတွက် အတိတ်နိမိတ်မကောင်းသည့် ရှုပ်ထွေးမှုများဖြစ်ပေါ်သည့် စီစဉ်ကျူးလွန်မှုအဖြစ် အထင်အရှားတွေ့မြင်နိုင်ကြောင်း မြောက်ကိုရီးယားအစိုးရ သတင်းဌာနက ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံ မြောက်ပိုင်းရေကြောင်းပိုင်နက်နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်လာပါက မည်သည့် တောင်ကိုရီးယား စစ်ရေယာဉ်ကိုမဆို မြောက်ကိုရီးယားတပ်ဖွဲ့များက ဦးစွာသတိပေးခြင်းမပြုဘဲ ပစ်ခတ်သွားမည်ဟု မြောက်ကိုရီးယား စစ်ဦးစီးချုပ်က သတိပေးပြောကြားခဲ့သည်။ **ဆင်ဟွာ။**





# ကက်ရှ်မီးယားဒေသတွင် အိန္ဒိယအစိုးရတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများတိုက်ခိုက် စစ်သွေးကြွခြောက်ဦးနှင့် အိန္ဒိယအစိုးရတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

**ဆရီနာဂါ မေ ၂၈**

အိန္ဒိယနိုင်ငံမှ ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသတွင် အိန္ဒိယအစိုးရ တပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ စစ်သွေးကြွခြောက်ဦးနှင့် အိန္ဒိယတပ်ဖွဲ့ဝင်တစ်ဦးတို့ သေဆုံးခဲ့ကြောင်း အိန္ဒိယအစိုးရတာဝန်ရှိသူက မေ ၂၇ ရက်တွင် ပြောကြားသည်။

အိန္ဒိယအစိုးရတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများ၏ တိုက်ခိုက်မှုများသည် အိန္ဒိယနိုင်ငံမှ ထိန်းချုပ်ထားသော ကက်ရှ်မီးယားဒေသ၏ နွေရာသီ မြို့တော်ဘာရန်၏ ဒေသတွင်း၌ ပါဝင်သော နော်ဂရန်ခရိုင်မှ ကက်ပါဝါရာနှင့် တန်မာ့ဂ်ဒေသများ၌ ဖြစ်ပွားခြင်းဖြစ်သည်။

မေ ၂၆ ရက်တွင် စစ်သွေးကြွများနှင့် အိန္ဒိယတပ်ဖွဲ့ဝင်များအကြား ပစ်ခတ်တိုက်ခိုက်မှုများ နော်ဂမ်ဒေသတွင် စတင်ဖြစ်ပွားခဲ့သည်။ အိန္ဒိယအစိုးရတပ်ဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံက ထိန်းချုပ်သော နယ်စပ်မျဉ်းတစ်လျှောက်တွင် စစ်သွေးကြွများခိုအောင်းနိုင်ဖွယ်ရှိသော နေရာများအား ရှာဖွေရာမှ ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားခြင်းဖြစ်သည်။

ကက်ရှ်မီးယားဒေသသည် ဟိမဝန္တာတောင်တန်းဒေသအတွင်း ပါဝင်ပြီး အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံအဖြစ် ဗြိတိသျှတို့က ခွဲခြားတည်ထောင်ပေးပြီးနောက်တွင် ယင်းဒေသအား အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများက အပြည့်အဝပိုင်ဆိုင်ကြောင်း တောင်းဆိုခဲ့ကြသည်။ အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံတို့အကြား စစ်ပွဲသုံးကြိမ်ဖြစ်ပွားခဲ့ရာ နှစ်ကြိမ်မှာ ကက်ရှ်မီးယားဒေသ ပိုင်ဆိုင်ရေးကို အကြောင်းပြုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ **ဆင်ဟွာ။**

# ရွေးကောက်ပွဲတွင်အုပ်ချုပ်သူများပေးခဲ့သော ကတိကဝတ်များအတွက် မီဒီယာဘယ်အခန်းကဏ္ဍကပါဝင်မလဲ

ရန်ကုန် မေ ၂၈

**၂၀၁၅ ရွေးကောက်ပွဲအပြီး ကတိကဝတ်များနှင့် အုပ်ချုပ်ရေး၊ မီဒီယာအခန်းကဏ္ဍများနှင့်ပတ်သက်၍ မြန်မာဂျာနယ်လစ်ကွန်ရက် (MJN) နှင့် Asian Network for Free Elections (ANFREL) တို့ပူးပေါင်းပြီး မြန်မာအယ်ဒီတာဖိုရမ် (ဒုတိယအကြိမ်)ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။**

အဆိုပါဖိုရမ်သို့ အနယ်နယ်အရပ်ရပ်ရှိ အကြီးတန်းသတင်းစာဆရာများအား ဖိတ်ခေါ်ပြီး အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ဖြေရှင်းနိုင်မည့်နည်းလမ်းများ၊ အရေးတကြီးလုပ်ဆောင်ကြမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း မြန်မာဂျာနယ်လစ်ကွန်ရက်(MJN)မှ အထွေထွေအတွင်းရေးမှူး ဦးဇေယျာလှိုင်က ပြောကြားသည်။

ANFREL မှ အကြံပေးဖြစ်သူ Mr. Bidhakyak Das က "ပထမဖိုရမ်မှာ ရွေးကောက်ပွဲရဲ့ အခွင့်အလမ်းနဲ့ စိန်ခေါ်မှုတွေကို အဓိကထားဆွေးနွေးခဲ့တယ်။ အခုတစ်ကြိမ်မှာတော့ ရွေးကောက်ပွဲဆိုင်ရာ ကတိကဝတ်တွေနဲ့ပတ်သက်ပြီး လုပ်ဆောင်မှုတွေကိုဆွေးနွေးမယ်။ ရွေးကောက်ပွဲ ကတိကဝတ်တွေအတိုင်း အမှန်တကယ်လုပ်ဆောင်ချက်ဖြစ်ရဲ့လား။ သတင်းမီဒီယာအတွက် အရေးကြီးဆုံးက လေ့လာစောင့်ကြည့်ဖို့ပဲ။ ဒါကြောင့် မီဒီယာဟာ တည်ဆောက်သူအခန်းကဏ္ဍကနေ ပါဝင်ရမယ်။ အယ်ဒီတာဆိုတာ ကိုယ့်ရဲ့မီဒီယာတွေကို ဦးတည်ချက်တွေချမှတ်ပေးတာပဲဖြစ်ပါတယ်။ ဒီနေ့ ဆွေးနွေးကြမယ့် ရွေးကောက်ပွဲကတိကဝတ်တွေနဲ့ ပတ်သက်တာတွေကပေါ်လစီချမှတ်မယ့် အုပ်ချုပ်သူတွေကို အထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ယနေ့ပြုလုပ်သည့်ဖိုရမ်နှင့်ပတ်သက်ပြီး သုံးသပ်သည်။

ဖိုရမ်တွင် ရွေးကောက်ပွဲအပြီး ကတိကဝတ်များနှင့် အုပ်ချုပ်ရေး၊ မီဒီယာအခန်းကဏ္ဍများခေါင်းစဉ်ကို Myanmar Knowledge Society မှ ဦးညွန့်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုး၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ သုတေသီ ဦးနေလင်းအောင်နှင့် မြန်မာသတင်းပညာသိပ္ပံ(MJI)မှ သင်တန်းဆရာ ဦးဇော်ထိုက်တို့က ဦးဆောင်ဆွေးနွေးခဲ့ကြပြီး အဖွဲ့လိုက်ဆွေးနွေးခြင်းအစီအစဉ်သို့ ပါဝင်တက်ရောက်သူများက အဖွဲ့လေးဖွဲ့ခွဲ၍ ဆွေးနွေးခဲ့ကြသည်။

ယနေ့ပြုလုပ်သည့် မြန်မာအယ်ဒီတာဖိုရမ်(ဒုတိယအကြိမ်)သို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်လည်း တက်ရောက်ခဲ့သည်။

ရွေးကောက်ပွဲအပြီး ကတိကဝတ်များ အကောင်အထည်ဖော်မှုနှင့် အုပ်ချုပ်ရေး၊ မီဒီယာအခန်းကဏ္ဍများအပေါ် အဆိုပါဖိုရမ်သို့ တက်ရောက်လာကြသူများ၏ သဘောထားအမြင်များကို မြန်မာ့သတင်းစဉ်မှ ထုတ်နုတ်ဖော်ပြပါသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်



ဦးသီဟစော (မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌ)


ဦးဇော်သက်ထွေး (မြန်မာသတင်းစာဆရာသမဂ္ဂ)

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်**

ဒီလိုမီဒီယာနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတွေကို ခမ်းနားစွာကျင်းပနိုင်တဲ့အခြေအနေရောက်လာတာကို မုဒိတာဖြစ်မိပါတယ်။ ဒီဖိုရမ်ဟာ စတုတ္ထမဏ္ဍိုင်ရဲ့အလုပ်ကို လုပ်တာပဲ။ စတုတ္ထမဏ္ဍိုင်ဟာ မဏ္ဍိုင်သုံးရပ်ကို စောင့်ကြည့်ထိန်းညှိတဲ့အလုပ်ကို လုပ်တာပါ။ အုပ်ချုပ်ရေးမဏ္ဍိုင်ရဲ့ အလုပ်ကို ဘယ်လိုစောင့်ကြည့်ရေးသားသုံးသပ်ကြမလဲ။ အစိုးရရဲ့ ကတိကဝတ်တွေရှိတယ်။ ဒါတွေကို ဘယ်လိုရေးသားဖော်ထုတ်ကြမလဲ။ အစိုးရသစ်အနေနဲ့ ရွေးကောက်ပွဲကြေညာစာတမ်းလို ကတိကဝတ်တွေရှိတယ်။ အဲဒီ ကတိကဝတ်တွေကို ပြန်ကြည့်ရင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ အများပြည်သူလူထုဘဝ မြှင့်တင်ရေးစတာတွေကို အစိုးရဖြစ်လာမယ့် အဖွဲ့အစည်းက ပေးခဲ့တယ်။

တရားဥပဒေစိုးမိုးရေးရရှိအောင်လုပ်ဆောင်ဖို့ ကတိပေးခဲ့တာတွေလည်းရှိပါတယ်။ အခု အစိုးရသစ်တက်လာတာ နှစ်လနီးပါးဖြစ်လာပြီ။ အစိုးရသစ်က သူ့ရဲ့ကတိကဝတ်တွေကို အကောင်အထည်ဖော်ဖို့ ကိုယ့်ကိုယ်ကိုယ် လှုံ့ဆော်တဲ့အနေနဲ့ ရက် ၁၀၀ အစီအစဉ်တွေလုပ်ပါတယ်။ ပထမရက် ၁၀၀ အတွင်း ဘာတွေလုပ်မယ်ဆိုတာကို ကိုယ့်ကိုယ်ကိုယ် အရှိန်တင်ပါတယ်။ ဒါဟာ ကတိကဝတ် နောက်တစ်ဆင့်ထပ်ပေးတဲ့သဘောပါပဲ။ ဒါကို စောင့်ကြည့်ပြီး သုံးသပ်ဝေဖန်ဖို့ရှိပါတယ်။ ၁၀၁ ရက်မှာ ဘယ်လိုအနေအထား ရှိသလဲဆိုတာကို သုံးသပ်ပြောဆိုဖို့တွေရှိပါတယ်။ ဒီလိုလုပ်ကိုင်ဆောင်ရွက်နိုင်ဖို့ ဝန်ကြီးဌာနအသီးသီးမှာ ပြောရေးဆိုခွင့်ရှိသူတွေကို ရွေးချယ်တာဝန်ပေးအပ်ထားတာရှိပါတယ်။ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့အတွက်လည်း အစည်းအဝေးတွေလုပ်ခဲ့ပါတယ်။ မီဒီယာထဲက ပညာရှင်တွေနဲ့တွေ့ဆုံပြီး ပြောရေးဆိုခွင့်ရှိသူတွေနဲ့ ဆွေးနွေးပွဲလုပ်ခဲ့တယ်။ ဒီလထဲမှာ ရက်တိုသင်တန်းနှစ်ခုလောက် လုပ်ဖို့စီစဉ်နေတယ်။ အစိုးရရဲ့ဆောင်ရွက်ချက်တွေကို ဆက်သွယ်မေးမြန်းနိုင်ဖို့နဲ့ ပြောရေးဆိုခွင့်ရှိသူများ ဘယ်လောက်ဖြေကြားနိုင်သလဲဆိုတာကိုလည်း စတုတ္ထမဏ္ဍိုင်က သုံးသပ်ဝေဖန်နိုင်ပါတယ်။

**ဦးသီဟစော (မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌ)**

ဒါက ဒုတိယအကြိမ်လုပ်တာဖြစ်ပေမယ့် အရင်ထက်ထူးခြားတယ်လို့ထင်ပါတယ်။ NLD အစိုးရရဲ့ ကတိကဝတ်တွေကိုဆွေးနွေးကြမယ်။ ဒီရွေးကောက်ပွဲမတိုင်ခင်မှာ ကျွန်တော်တို့ ပထမအကြိမ် အယ်ဒီတာဖိုရမ်လုပ်ခဲ့ပါတယ်။ အရှေ့တောင်အာရှရဲ့ ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာတယ်။ ရွေးကောက်ပွဲအတွက် ပြင်ဆင်ကြတာပါ။ ရွေးကောက်ပွဲဟာလည်း အတော်လေးထူးခြားပါတယ်။ လုပ်ရကိုင်ရတဲ့ အခြေအနေကလည်း ထူးခြားခဲ့ပါတယ်။ ၂၀၁၅ ကတိကဝတ်ဟာ အရင်ရွေးကောက်ပွဲတွေ၊ နိုင်ငံတကာက ရွေးကောက်ပွဲ ကတိကဝတ်တွေနဲ့မတူခဲ့ပါဘူး။ အပြောင်းအလဲဆိုတဲ့ ကြွေးကြော်သံနဲ့ပေးခဲ့တဲ့ ကတိကဝတ်ပါ။ ပြောင်းလဲမယ်ဆိုတဲ့ စကားလုံးနဲ့ ကတိပြုခဲ့ကြတာပါ။ ၂၀၁၅ NLD ပါတီရဲ့ ရွေးကောက်ပွဲကြေညာစာတမ်းဟာလည်း အလွန်ကို ယေဘုယျဆန်ခဲ့တယ်။ တကယ်လက်တွေ့အကောင်ထည်ဖော်ရာမှာ ဘယ်လိုသွားမလဲဆိုတာကို စောင့်ကြည့်ရမယ်။ ဒီအစိုးရက ချော်လဲတိုင်းဝိုင်းအော်ပေးမလား၊ ရေးမလား။ အားလုံးက ငါတို့အပြောင်းအလဲတစ်ခုကိုသွားနေပါလား ဆိုတဲ့ တွေးခေါ်ချက်နဲ့ သွားပါ။ အရင်ကဆိုရင် ပြန်ကြားရေးဆိုတာ ကျွန်တော်တို့နဲ့ ထိပ်တိုက်လုပ်ခဲ့ရတာ။ အခုဆိုရင် ပခုံးဖက်လုပ်ဆောင်တဲ့ အခြေအနေ ဖြစ်လာပြီ။ အခု ဖိုရမ်မှာဆိုရင် အစိုးရဘက်က တိုင်းဒေသကြီး ဝန်ကြီးတွေ ပါလာပြီ။ သတင်းသမားတွေမှာ အဖွဲ့အစည်းတွေ အများကြီးရှိနေတာကို ပြောကြတယ်။ ဒါပေမယ့် သတင်းမီဒီယာဆိုင်ရာအဖွဲ့အစည်းတွေ အများကြီးရှိစေချင်ပါတယ်။ ခြားနားတဲ့အခြေအနေတွေကို ကိုယ်စားပြုတဲ့အဖွဲ့အစည်းတွေ ရှိတာကောင်းတယ်။ ညီညွတ်စွာလုပ်ကြရင် တိုင်းပြည်နဲ့ ဒီနေ့ဖိုရမ်ရဲ့ ရည်ရွယ်ချက် အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။

**ဦးဇော်သက်ထွေး (မြန်မာသတင်းစာဆရာသမဂ္ဂ)**

(၅၈) ရက်သားအစိုးရသစ်ရဲ့ ကတိတွေကိုစောင့်ကြည့်ဖို့ အချိန်မလုံလောက်သေးဘူး။ ကောင်းမွန်တဲ့ပတ်ဝန်းကျင်အခြေအနေတွေကိုတွေ့မြင်နေရပါပြီ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖိတ်ခေါ်ခဲ့တဲ့ အစည်းအဝေးကိုပြီးခဲ့တဲ့ရက်က တက်ခဲ့ပါတယ်။ အရင်ကမီဒီယာသမားတွေက အခွင့်အရေးကိုတောင်းဆိုပြီး ပြန်ကြားရေးက ကန့်ကွက်ခဲ့တဲ့အခြေအနေနဲ့သွားခဲ့တယ်။ ပြီးခဲ့တဲ့ရက်က နေပြည်တော်မှာလုပ်ခဲ့တဲ့ Broadcast Media Conference ရဲ့ရည်ရွယ်ချက်က မီဒီယာကုမ္ပဏီကြီးတွေက ဦးထားတဲ့အခြေအနေကနေ နောက်ထပ်ဝင်လာမယ့်သူတွေကို ဘယ်လိုဆောင်ရွက်ပေးမလဲဆိုတာကို ဆွေးနွေးကြတာပါ။ ဒီအခါမှာ ပြန်ကြားရေးဝန်ကြီးက ဒိုင်ဖြစ်ပြီး လက်ရှိလုပ်ကိုင်နေတဲ့ ရုပ်သံမီဒီယာတွေနဲ့ နောင်ဝင်ရောက်လာမယ့် အသစ်တွေက Debate လုပ်ကြတဲ့ပုံစံမျိုးဖြစ်ခဲ့တယ်။ နည်းဥပဒေမပြီးသေးလို့ အချိန်ဆွဲထားမလား ဆွေးနွေးခဲ့တယ်။ အရင်ကြုံတွေ့ခဲ့ဖူးတဲ့ ပြန်ကြားရေးက အကြီးတန်းအရာရှိကြီးတွေဟာ ပြီးခဲ့တဲ့ရက်က Broadcast Media Conference မှာ နှစ်ဦးနှစ်ဖက်ပြေလည်စေမယ့်အရာတွေကို တက်တက်ကြွကြွပါဝင်ခဲ့တယ်။ နေ့တစ်နေ့တည်းကနေ ရလဒ်ထွက်အောင် ဆွေးနွေးနိုင်ခဲ့တယ်။ ဒီအခြေအနေကို အစိုးရက သယ်ဆောင်သွားနိုင်ဖို့ မျှော်လင့်တယ်။

**သတင်း - ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊**
**ဓာတ်ပုံ - ဖိုးထောင်**

# နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော် ဇူလိုင်လကုန်ခန့်တွင် ကျင်းပရန်စီစဉ်လျက်ရှိ

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**
**ရန်ကုန် မေ ၂၈**

နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့်ပတ်သက်ပြီး ယခင်က ဆွေးနွေးလေ့မရှိကြောင်း၊ နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲခေါင်းစဉ်အောက်တွင် ဆွေးနွေးစရာအကြောင်းအရာများ အများကြီးရှိကြောင်း၊ စာတမ်းဖတ်ပွဲတွင် နိုင်ငံရေးနောက်ခံဝတ္ထု၊ ခေတ်အဆက်ဆက်နိုင်ငံရေးသမိုင်း၊ နိုင်ငံရေးအတ္ထုပ္ပတ္တိစသဖြင့် ခေါင်းစဉ်အမျိုးမျိုးရှိကြပြီး မည်သည့်စာတမ်းရှင်က မည်သည့်ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြမည်ကို ဆွေးနွေးကြစေလိုကြောင်း ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေး၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောသည်။

မိုးရာသီစာအုပ်ဈေးပွဲတော်နှင့်ပတ်သက်၍ "စာတမ်းဖတ်ပွဲနှင့်အတူ မိုးရာသီစာအုပ် ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း၌ သုံးရက်တိုင်ကျင်းပသွားရန် ဆုံးဖြတ်ထားကြောင်း၊ လိုအပ်လျှင် ဖြစ်မြောက်ရေးကော်မတီဖွဲ့ပြီး ဆက်လက်ဆောင်ရွက်ကြရန်နှင့် အသေးစိတ် လိုအပ်သည်များကို စာပေပညာရှင်များနှင့် စာအုပ်ထုတ်ဝေသူများ ဝိုင်းဝန်းဆွေးနွေးကြရန်" ဟု ပြည်ထောင်စုဝန်ကြီးက ဆိုသည်။

အဆိုပါ အကြိုညှိနှိုင်းအစည်းအဝေးတွင် စာပေပညာရှင်များနှင့် စာအုပ်ထုတ်ဝေသူများ တက်ရောက်ကြပြီး ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူ နိုင်ငံရေးစာပေပညာရှင် ဦးကိုကိုလှိုင်က "သိသလောက်ပြောရရင် ဝန်ကြီးလည်း အဖွင့်မိန့်ခွန်းမှာပြောတဲ့အတိုင်း နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲဆိုတာ အရင်တုန်းက တစ်ခါမှ မလုပ်ဖူးပါဘူး။ စာပေဗိမာန် စာတမ်းဖတ်ပွဲ အစဉ်အလာရှိခဲ့တယ်။ အခု နိုင်ငံရေးအရ ပွင့်လင်းလွတ်လပ်လာတဲ့ ခေတ်ကိုရောက်လာတဲ့အတွက် နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲကို စာအုပ်အရောင်းပွဲတော်နဲ့တွဲပြီး ပထမဆုံးလုပ်နိုင်ဖို့အတွက် ရည်ရွယ်ပြီးတော့ ယနေ့အစည်းအဝေးလုပ်ဖြစ်တာပါ။ နိုင်ငံရေးစာပေဆိုတာ နိုင်ငံရေးနဲ့ပတ်သက်ပြီးတော့ ရေးသားထုတ်ဝေထားတဲ့ စာအုပ်စာနယ်ဇင်းပေါ်မှာ အခြေခံပြီးသုံးသပ်တဲ့ စာတမ်းတွေပါ။ နိုင်ငံရေးစာပေဆိုတာ ကျယ်ပြန့်ပါတယ်။ ပုံစံအမျိုးမျိုးနဲ့လည်းရေးခဲ့ကြတယ်။ ဥပမာ နိုင်ငံရေးကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုပုံစံမျိုးနဲ့ ရသစာပေပုံစံမျိုးလည်း ရေးကြတယ်။ အဲ့ဒါအပြင် နိုင်ငံရေးစာပေအတ္ထုပ္ပတ္တိ၊ နိုင်ငံရေးသမိုင်းစသဖြင့် အမျိုးမျိုးရှိတယ်။ ခေတ်ကာလအားဖြင့် ကြည့်မယ်ဆိုရင် ခေတ်တွေနဲ့ ပိုင်းလို့ရတယ်။ ခေတ်အမျိုးမျိုးရှိတယ်။ ရှုထောင့်အမျိုးမျိုးကလည်း ရေးနိုင်တယ်။ အင်မတန်စုံလင်တဲ့ နိုင်ငံရေးစာပေတွေကို စာတမ်းအဖြစ်တင်ပြရင် ဘယ်လိုခေါင်းစဉ်နဲ့ စာတမ်းပြုစုကြမလဲ၊ စာတမ်း ဘယ်နှခုလောက် လက်ခံမလဲ၊ ဆွေးနွေးနိုင်မလဲစသဖြင့် အသေးစိတ်တွေကို တတ်နိုင်သလောက် စဉ်းစားကာ စာတမ်းဖတ်ပွဲနဲ့ပတ်သက်ပြီး ဒီအစည်းအဝေးမှာ ဆွေးနွေးခဲ့ပါတယ်။ နိုင်ငံရေးစာပေ ထွန်းကားလာသမျှ ပြည်သူလူထုရဲ့ နိုင်ငံရေးအသိအမြင်တွေလည်း ထွန်းကားလာမယ်။ မှန်ကန်တဲ့ပြည်သူ့ကိုယ်စားလှယ်တွေလည်း ရွေးနိုင်လာမယ်။ နိုင်ငံအနာဂတ်ပိုမိုကောင်းမွန်စေမှာဖြစ်ပါတယ်။ နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲကိုကြိုဆိုသင့်တယ်လို့ ယူဆပါတယ်"ဟု ပြောသည်။



မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းစိုးက "မြန်မာနိုင်ငံရဲ့သမိုင်းမှာ နိုင်ငံရေးစာပေနဲ့ ပတ်သက်ပြီး စာတမ်းဖတ်ပွဲမျိုး တစ်ခါမှ မလုပ်ဖူးပါဘူး။ စာတမ်းဖတ်ပွဲကို ဒီထက်စည်ကားသွားအောင် နိုင်ငံရေးစာပေတွေ၊ အခြားစာပေတွေနဲ့ စာအုပ်ဈေးရောင်းပွဲပါ ထည့်ဖို့ဆိုပြီး ဝန်ကြီးဌာနအစီအစဉ်နဲ့လုပ်တဲ့အခါ စာအုပ်ဈေးပွဲတော်ဖြစ်မြောက်ရေးကော်မတီအနေနဲ့ အစည်းအဝေးတက်ပြီး ဖွဲ့စည်းခဲ့ပါတယ်။ အခု ဈေးရောင်းပွဲတော်ကတော့ နေရာအကျယ်အဝန်း တော်တော်ရတဲ့အတွက် ကန့်သတ်စရာမလိုတော့ဘူး။ ပါဝင်ပြီး ဖွင့်လှစ်ချင်တဲ့စာအုပ်ဆိုင်တွေ အကုန်လုံး နေရာပေးနိုင်မှာပါ။ အနည်းဆုံး စာအုပ်တိုက်ကော၊ စာအုပ်အရောင်းဆိုင်ကော ၁၀၀ လောက် ပါဝင်မယ်လို့ ထင်ပါတယ်"ဟု ဆိုသည်။

**စာမျက်နှာ ၉ ကော်လံ ၃ သို့ ◆**

# မြေယာစီမံခန့်ခွဲရေးနှင့်ပတ်သက်သော အခြေခံသဘောတရားများ

မြေကြေးမောင်

ဖွံ့ဖြိုးမှုနောက်ကျကျန်နေခဲ့သော ကျွန်ုပ်တို့၏မြန်မာနိုင်ငံသည် အခြားသောနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်ရန် များစွာကြိုးစားရဦးမည်ဖြစ်ပါသည်။ အတိတ်ကာလတွင် အမှားများစွာ၊ အားနည်းချက်များစွာရှိခဲ့သောကြောင့် ထိုသို့သော ဖွံ့ဖြိုးမှုနောက်ကျခြင်းအကျိုးဆက်ဖြစ်ပေါ်လာခဲ့သည်ဟု သုံးသပ်ပါသည်။ ထိုအမှားများ ဆက်လက်မကျူးလွန်ဖြစ်စေရန်လည်း မိမိတို့အားလုံး သတိပြုရန်လိုအပ်ပါသည်။ အထူးသဖြင့် မြေသယံဇာတကို ထုတ်ယူသုံးစွဲကြရာတွင် မှန်ကန်သောစီမံခန့်ခွဲမှုတစ်ရပ် မဖြစ်မနေလိုအပ်ပါသည်။

သို့ဖြစ်ပါ၍ စနစ်ကျသော မြေယာစီမံခန့်ခွဲမှုကို လက်တွေ့စီမံခန့်ခွဲနေသူအားလုံးသာမက တိုင်းသူပြည်သားအားလုံး သိရှိသတိပြုစေရန်အတွက် ဤဆောင်းပါးကို ရေးသားတင်ပြအပ်ပါသည်။

မြေယာစီမံခန့်ခွဲရေးကိစ္စရပ်တိုင်းတွင် အောက်ပါအခြေခံသဘောတရားများ ပါရှိနေပါသည်။ အဆိုပါအခြေခံသဘောတရားများနှင့်ကင်းလွတ်၍ မည်သည့်မြေယာစီမံခန့်ခွဲမှုကိုမျှ ဆောင်ရွက်ရန်မသင့်ပါ။ ဤအခြေခံသဘောတရားများကိုကင်းလွတ်၍ဆောင်ရွက်သော မည်သည့်မြေယာစီမံခန့်ခွဲမှုကိုမဆို မှန်ကန်သောမြေယာစီမံခန့်ခွဲမှုတစ်ခုအဖြစ် မှတ်ယူ၍မရပါ။

၎င်းတို့မှာ -

**နယ်နိမိတ်ပိုင်းခြားသတ်မှတ်မှုရှိရခြင်း**

ဦးပိုင်နယ်နိမိတ်၊ ကွင်းနယ်နိမိတ်၊ ကျေးရွာအုပ်စုနယ်နိမိတ်၊ မြို့နယ်နယ်နိမိတ်၊ ခရိုင်နယ်နိမိတ်၊ တိုင်းဒေသကြီး/ပြည်နယ်နယ်နိမိတ်၊ နိုင်ငံတော်နယ်နိမိတ်၊ အပြည်ပြည်ဆိုင်ရာနယ်နိမိတ် စသည်တို့သည် စီမံခန့်ခွဲခွင့်အတွက် အခြေခံပိုင်းခြားသတ်မှတ်ထားမှုဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်တစ်ဦးသည် အခြားတိုင်းဒေသကြီး/ပြည်နယ်နယ်နိမိတ်အတွင်းသို့ကျူးကျော်၍ စီမံခန့်ခွဲခွင့်မရှိသကဲ့သို့ နိုင်ငံတစ်နိုင်ငံသည် အခြားနိုင်ငံနယ်နိမိတ်ကို သွားရောက်စီမံခန့်ခွဲပိုင်ခွင့်မရှိပါ။ သို့ဖြစ်ပါ၍ မြေယာစီမံခန့်ခွဲမှုကိစ္စရပ်တိုင်းတွင် နယ်နိမိတ်ပိုင်းခြားသတ်မှတ်မှုသည် ပါရှိရမည် ဖြစ်ပါသည်။

**စီမံခန့်ခွဲပိုင်ခွင့် အခွင့်အာဏာ ခွဲခြားသတ်မှတ်မှုရှိရခြင်း**

မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇(က)အရ နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတအားလုံး၏ ပင်ရင်းပိုင်ရှင်သည် နိုင်ငံတော်ဖြစ်ကြောင်း အတိအလင်းပြဋ္ဌာန်းထားပါသည်။ နိုင်ငံတော်ကိုယ်စား၊ နိုင်ငံတော်မှ အခွင့်အာဏာပေးအပ်ထားသူသည် စီမံခန့်ခွဲပိုင်ခွင့် အခွင့်အာဏာရရှိပါသည်။ အဆိုပါစီမံခန့်ခွဲပိုင်ခွင့် အခွင့်အာဏာရှိသူသည် မြေယာဆိုင်ရာကိစ္စများကို စီမံခန့်ခွဲရပါသည်။

မြန်မာနိုင်ငံတွင် အခြေခံမြေမျိုးသတ်မှတ်ချက်များရှိပါသည်။ အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကိုသိမ်းပိုက်ပြီးနောက် စနစ်တကျမြေတိုင်းတာ မြေပုံထုတ်ပြီး ကြေးတိုင်စိုက်ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ပါသည်။ ကြေးတိုင်စိုက်ခြင်းလုပ်ငန်းစဉ်ကြောင့် မြေမျိုးခွဲခြားသတ်မှတ်မှုများ ဖြစ်တည်လာခဲ့ရပါသည်။ အဆိုပါမြေမျိုးခွဲခြားသတ်မှတ်ချက်များကို ယနေ့အချိန်ထိ ကိုင်စွဲအသုံးပြုလျက်ရှိပြီး စီမံခန့်ခွဲခွင့် အခွင့်အာဏာကိုလည်း ဝန်ကြီးဌာနအလိုက်၊ သက်ဆိုင်ရာဥပဒေများဖြင့် စီမံခန့်ခွဲလျက်ရှိကြောင်း တွေ့ရှိရပါသည်။

(ခ-၁) လယ်ယာမြေဆိုင်ရာအုပ်စု

| မြေမျိုး | စီမံခန့်ခွဲလျက်ရှိသည့်ဝန်ကြီးဌာန | စီမံခန့်ခွဲနေသည့်ဥပဒေ |
| --- | --- | --- |
| ၁။ လယ် | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | လယ်ယာမြေဥပဒေ |
| ၂။ ယာ | | |
| ၃။ ကိုင်း/ကျွန်း | | |
| ၄။ ဥယျာဉ် | | |
| ၅။ ဓနို | | |
| ၆။ တောင်ယာ | | |

(ခ-၂) သစ်တော၊ သစ်ပင်ဖုံးလွှမ်းမြေဆိုင်ရာအုပ်စု

| မြေမျိုး | စီမံခန့်ခွဲလျက်ရှိသည့်ဝန်ကြီးဌာန | စီမံခန့်ခွဲနေသည့်ဥပဒေ |
| --- | --- | --- |
| ၇။ တောရိုင်း | စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ |
| ၈။ မြေရိုင်း | | |
| ၉။ သစ်တော ကြိုးဝိုင်းမြေ | သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောဥပဒေ |

(ခ-၃) အခြားမြေမျိုးဆိုင်ရာအုပ်စု

| မြေမျိုး | စီမံခန့်ခွဲလျက်ရှိသည့် ဝန်ကြီးဌာန | စီမံခန့်ခွဲနေသည့်ဥပဒေ |
| --- | --- | --- |
| ၁၀။ သတ္တုတွင်းမြေ | သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | မြန်မာ့သတ္တုတွင်းဥပဒေ |
| ၁၁။ ကျွဲနွားစားကျက်မြေ | ပြည်ထဲရေးဝန်ကြီးဌာန | မြေခွန်လက်စွဲဥပဒေ |
| ၁၂။ မီးရထားမြေ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန | |
| ၁၃။ လမ်းမြေ | ဆောက်လုပ်ရေးဝန်ကြီးဌာန | လမ်းမကြီးများဥပဒေ |
| ၁၄။ ဆည်မြောင်း ကန်၊ တာမံမြေ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဆည်မြောင်းဥပဒေ |
| ၁၅။ မြစ်ချောင်းနှင့် ရေအောက်မြေ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ |
| ၁၆။ အင်းအိုင်စသည့်မြေ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ရေချိုငါးလုပ်ငန်းဥပဒေ |
| ၁၇။ စက်ရုံမြေ | သက်ဆိုင်ရာဝန်ကြီးဌာန | သက်ဆိုင်ရာမြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေ |
| ၁၈။ မြို့မြေ | ပြည်ထဲရေးဝန်ကြီးဌာန စည်ပင်သာယာရေးကော်မတီ၊ (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး) | မြို့နှင့်ကျေးရွာများဥပဒေ စည်ပင်သာယာရေးအဖွဲ့ဥပဒေ |
| ၁၉။ ရွာမြေ | ပြည်ထဲရေးဝန်ကြီးဌာန | မြို့နှင့်ကျေးရွာများဥပဒေ |
| ၂၀။ လေယာဉ်ပျံကွင်းမြေ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန | မြန်မာအမျိုးသား လေကြောင်းဥပဒေ |
| ၂၁။ သာသနာ/ သုသာန်၊ အခြား အဆောက်အအုံမြေ | ပြည်ထဲရေးဝန်ကြီးဌာန သာသနာရေးဝန်ကြီးဌာန စည်ပင်သာယာရေးကော်မတီ | သက်ဆိုင်ရာမြေစီမံ ခန့်ခွဲမှုဆိုင်ရာဥပဒေ |
| ၂၂။ အမျိုးအစားခွဲခြားခြင်း မပြုနိုင်သည့်မြေ | ပြည်ထဲရေးဝန်ကြီးဌာန | |

မှတ်ချက်။ ဝန်ကြီးဌာနများ အမည်ပြောင်းလဲခြင်းနှင့် သက်ဆိုင်ရာဥပဒေများပြင်ဆင်ခြင်းများရှိသည့် အတွက် ကွဲလွဲမှုများရှိနိုင်ပါသည်။

**စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ဝန်ကြီးဌာနမှ ထုတ်ပြန်သော အမိန့်ရှိရခြင်း**

မည်သည့် မြေယာစီမံခန့်ခွဲမှု၌မဆို အမိန့်တစ်ရပ်လိုအပ်ပါသည်။ အမိန့်တစ်ရပ်မရှိဘဲ မည်သည့်စီမံခန့်ခွဲမှုကိုမျှ မလုပ်သင့်ပါ။ အဆိုပါ ထုတ်ပြန်ထားသော အမိန့်သည်လည်း စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ဝန်ကြီးဌာနမှထုတ်ပြန်သော အမိန့်ဖြစ်ရပါမည်။ စီမံခန့်ခွဲခွင့်မရှိသော ဝန်ကြီးဌာနက ထုတ်ပြန်သောအမိန့်သည် စီမံခန့်ခွဲမှုနယ်ပယ်တွင် တရားဝင်မှု မမြောက်ပါကြောင်း သတိပြုသင့်ပါသည်။ အဆိုပါထုတ်ပြန်သော အမိန့်သည်လည်း ရုံးလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်ခြင်းရှိရပါမည်။ မြေတည်ရာ၊ မြေမျိုး၊ ကိုးကားဥပဒေ၊ ရည်ညွှန်း အစည်းအဝေးဆုံးဖြတ်ချက် စသည်တို့သည်လည်း မှန်ကန်မှုရှိရပါမည်။

**ထုတ်ပြန်သော အမိန့်ပါမြေတည်နေရာကို ပိုင်းခြားသတ်မှတ်ရန် လိုအပ်ခြင်း**

ထုတ်ပြန်ပိုင်ခွင့်ရှိသော သက်ဆိုင်ရာဝန်ကြီးဌာန အမိန့်တစ်ရပ်ထုတ်ပြန်၍ မြေယာစီမံခန့်ခွဲမှုတစ်ရပ် ဆောင်ရွက်ရာတွင် ထိုအမိန့်ပါမြေတည်နေရာကို ပိုင်းခြားသတ်မှတ်ဆောင်ရွက်ရန် (Demarcation)လိုအပ်ပါသည်။ မြေယာစီမံခန့်ခွဲမှုအာဏာသည် ထုတ်ပြန်ခဲ့သော အမိန့်ပါမြေတည်နေရာ အတိအကျပေါ်၌သာ သက်ရောက်မှုရှိရပါသည်။ မသက်ဆိုင်သော မြေနေရာများကို အာဏာသက်ရောက်မှု မရှိရပါ။ မသက်ဆိုင်သော မြေနေရာများကိုပါ ကျူးလွန်သက်ရောက်မှုရှိနေပါက အဆိုပါမြေယာစီမံခန့်ခွဲမှုသည် မမှန်ကန်သော စီမံခန့်ခွဲမှုသာဖြစ်ပါသည်။

**လက်ရောက်ရယူမှု လိုအပ်ခြင်း**

ထုတ်ပြန်ခွင့် အခွင့်အာဏာရှိသော ဝန်ကြီးဌာနက အမိန့်တစ်ရပ်ထုတ်ပြန်ဆောင်ရွက်ခဲ့သော်လည်း ထိုအမိန့်ပါအတိုင်း လက်ရောက်ရယူမှုမရှိခဲ့လျှင် ပြည့်စုံသောမြေယာစီမံခန့်ခွဲမှုတစ်ရပ်အဖြစ် သတ်မှတ်၍မရပါ။ မြေယာစီမံခန့်ခွဲမှုတိုင်းတွင် အမိန့်ပါအတိုင်း လက်ရောက်ရယူမှုရှိရပါသည်။ သို့ဖြစ်ပါ၍ လက်ရောက်ရယူမှုဖြစ်စဉ်ကို သတိပြုကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုအခြေခံသဘောတရားအရ ထုတ်ပြန်သော အမိန့်တိုင်းတွင် အကောင်အထည်ဖော်ရမည့်ကာလ၊ ပြီးစီးရမည့်ကာလ စသည်ဖြင့် ဖော်ပြလေ့ရှိပါသည်။

မည်သည့်မြေယာစီမံခန့်ခွဲမှုတိုင်း၌မဆို အထက်ဖော်ပြပါ အချက်များနှင့် ကင်းလွတ်၍မရပါ။ အတိတ်ကာလတွင် မြေတစ်ရပ်ကို အမိန့်တစ်ရပ်ထုတ်ပြန်၍ စီမံခန့်ခွဲရမည့်အစား နှုတ်မိန့်ဖြင့် လက်ညှိုးထိုးဆောင်ရွက်သည့်အတွက် မှားယွင်းခဲ့မှုများရှိခဲ့ကြောင်း တွေ့ရပါသည်။ အမိန့်ထုတ်ပြန်ခဲ့မည်ဆိုလျှင်လည်း အမှားအယွင်းများဖြင့် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုသို့သောအမှားများကြောင့် တိုင်းသူပြည်သားများ ဒုက္ခပင်လယ်ဝေခဲ့ရပါသည်။ နောက်နောင်ကာလများတွင် ပြည်သူပြည်သားများအား ထိုသို့သော ဒုက္ခဆိုးများ မခံစားစေသင့်တော့ပါ။ သို့ဖြစ်ပါ၍ မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်သော အခြေခံသဘောတရားများကို အသိပေးတင်ပြလိုက်ပါသည်ခင်ဗျား။

# မြန်မာ့လက်ရွေးစင်အသင်း မလေးရှားနှင့် သရေကျ

**ရန်ကုန် မေ ၂၈**

မြန်မာ့လက်ရွေးစင်အသင်းနှင့် မလေးရှားလက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ ဂိုးမရှိသရေကျသွားသည်။

**မြန်မာ့လက်ရွေးစင် - ဂိုးမရှိ**

**မလေးရှားလက်ရွေးစင်- ဂိုးမရှိ**

မြန်မာ့လက်ရွေးစင်အသင်း၏ ဆူဇူကီးအကြိုခြေစမ်းပွဲကို မြန်မာဘောလုံးပရိသတ်များစိတ်ဝင်စားမှုမြင့်တက်ခဲ့ပြီး ၈၀၀၀ ကျော်လာရောက်အားပေးခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းမှာ နည်းပြ ဂတ်ဖရိုင်းလက်ထက် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးမသတ်နိုင်ခဲ့ဘဲ မလေးရှားအသင်းကို သရေသာ ကစားနိုင်ခဲ့သည်။



# လျှပ်စစ်ဓာတ်အားအကျပ်ရိုက်ခြင်းနှင့် L.N.G ဖြင့် လျှပ်စစ်ထုတ်ရေးကိစ္စ

**ဦးကြည်သာ(ဂွ)**

ဒီနှစ်နွေမှာ အယ်နီညိုကြောင့် အပူချိန်လွန်ကဲ၊ လျှပ်စစ်မီးကလည်းခဏခဏပျက်တော့ Liquefied Natural Gas (L.N.G)လို့ခေါ်တဲ့ သဘာဝဓာတ်ငွေ့ရည်နှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ဖို့ဇောင်းပေးဆွေးနွေးလာကြတာကို တွေ့ရပါတယ်။ ဓာတ်ငွေ့ရည်ဆိုတာ ဓာတ်ငွေ့ကို သယ်ယူပို့ဆောင်ဖို့အတွက် အရည်အဖြစ်ပြောင်းလဲခြင်းဖြစ်ပါတယ်။ သဘာဝဓာတ်ငွေ့ကို မြေပြင်ဖိအား 1 atm မှာ အနုတ် ၁၆၂ ဒီဂရီစင်တီဂရိတ်အထိ လျှော့ချလိုက်ရင် သဘာဝဓာတ်ငွေ့ဟာ အဆပေါင်း ၆၀၀ ကျုံ့သွားပါတယ်။ အဲဒီအနေအထားမှာ အအေးဓာတ်ပေးထားတဲ့ ဓာတ်ငွေ့သယ်သင်္ဘော(Refrigerated Tank Ship)တွေနဲ့သယ်ယူရပါတယ်။ ပုံမှန်အားဖြင့်တော့ သဘာဝဓာတ်ငွေ့ကိုပိုက်လိုင်းတွေနဲ့ သယ်ပို့ကြတယ်။ မြန်မာနိုင်ငံကျောက်ဖြူ မဒေးကျွန်းကနေ တရုတ်ပြည်ကို မိုင်တစ်ထောင်ကျော် ဓာတ်ငွေ့ပိုက်လိုင်းနဲ့ သယ်ပို့တယ်။ ထိုင်းနိုင်ငံကို ထားဝယ် ကံပေါက်ကနေ သွယ်ယူတယ်။ ကနေဒါနိုင်ငံက အမေရိကန်နိုင်ငံကို မိုင်ပေါင်း ၂၅၀၀၀ ကျော်သယ်ပို့တာတွေဟာ ဓာတ်ငွေ့အနေနှင့်ပါပဲ။ တအားဝေးတဲ့ အာဖရိက အယ်လ်ဂျီးရီးယားနိုင်ငံမျိုးကဆိုရင် (L.N.G) လုပ်ပြီး သယ်ယူကြရပါတယ်။ သယ်ယူပြီးလို့ သုံးချင်တဲ့နေရာရောက်ရင် အထူးဆိပ်ကမ်းတွေမှာ Floating Storage Regasification Unit (FSRU) ဆိုတဲ့စနစ်ကိုတည်ဆောက်၊ ဓာတ်ငွေ့ရည်က ဓာတ်ငွေ့အဖြစ်ပြောင်းလဲပြီး ဓာတ်ငွေ့ပိုက်လိုင်းနဲ့ လျှပ်စစ်ထုတ်မယ့်စက်ရုံကို ထပ်မံပေးပို့ရပါတယ်။ ဒီလိုကရိယာတွေများတော့ ကုန်ကျစရိတ်တွေ ပိုများလာမှာပေါ့။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလထုတ် မြန်မာ့အလင်းသတင်းစာမှာ လက်ရှိသဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ထုတ်လုပ်မှုက တစ်ယူနစ်ကို ၁၂၀ ကျပ်ကုန်ကျသဖြင့် များစွာအရှုံးပေါ်နေကြောင်း လျှပ်စစ်ဌာနမှ တင်ပြသွားပါတယ်။ L.N.G ဓာတ်ငွေ့ရည်နှင့်ဆိုရင် ဒီထက်ပိုမိုကုန်ကျမယ်ဆိုတာက ရှင်းနေပါတယ်။ ကျွမ်းကျင်သူတွေရဲ့ ခန့်မှန်းချက်အရ ရန်ကုန်မြို့အနီး ပင်လယ်ကမ်းခြေမှာ L.N.Gဓာတ်ငွေ့ရည်လက်ခံမယ့် ဆိပ်ကမ်းတစ်ခုတည်ဆောက်ရင် ကုန်ကျငွေ အမေရိကန်ဒေါ်လာသန်း ၆၀၀ ကျော်ရှိပြီး နေရာရွေး၊ ပုံစံထုတ်၊ ဆောက်လုပ်မှုတွေက ၃၃ လကနေ ၅၃ လအထိ ကြာမြင့်နိုင်ကြောင်း သိရတယ်။ မြန်မာနိုင်ငံက သဘာဝဓာတ်ငွေ့ကို ထိုင်းနှင့် တရုတ်နိုင်ငံတွေကို ပိုက်လိုင်းနဲ့တင်ပို့ရောင်းချပြီး နိုင်ငံမှာသုံးဖို့ ဓာတ်ငွေ့မလုံလောက်တော့ နိုင်ငံခြားက ဓာတ်ငွေ့ရည်ဝယ်သုံးမယ်ဆိုတဲ့လုပ်ရပ်က ဘာနဲ့သွားတူသလဲဆိုတော့ မြန်မာနိုင်ငံကထွက်တဲ့ ပေါ်ဆန်းမွှေးဆန်ကို အာဖရိကကို ဈေးပေါပေါနဲ့ရောင်းပြီး မြန်မာနိုင်ငံမှာ ဆန်မလုံလောက်တော့ ဥရောပနဲ့အမေရိကန်က ဂျုံမှုန့်ကိုဝယ် ခေါက်ဆွဲလုပ်ပြီး ထမင်းမစားဘဲ ခေါက်ဆွဲစားကြလို့ ပြောတာနဲ့တူတယ်လို့ခံစားမိလို့ပါ။

ဂျပန်နိုင်ငံလို စက်မှုထွန်းကားပြီး ချမ်းသာတဲ့နိုင်ငံတွေဆိုရင် ပိုက်လိုင်းနဲ့သယ်ဖို့လည်း ပထဝီအနေအထားက မလွယ်ကူတော့ ဝေးလွန်းတဲ့နေရာက ဓာတ်ငွေ့ရည်ကို ဝယ်ပြီး လျှပ်စစ်ထုတ်၊ ရရှိတဲ့လျှပ်စစ်ဓာတ်အားနဲ့ မော်တော်ကား၊ တယ်လီဗီးရှင်းတို့လို ရောင်းအားကောင်းတဲ့ ကုန်ပစ္စည်းမျိုးတွေ ထုတ်လုပ်နိုင်ရင်တော့ ကောင်းတာပေါ့။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှာ မြန်မာနိုင်ငံမှာ မီးသုံးစွဲသူဦးရေ အိမ်သုံးက ၂၆၁၇၁၀၂ (၉၇ ဒသမ ၉ ရာခိုင်နှုန်း)၊ စက်မှုသုံးဦးရေက ၅၅၄၇၀ (၂ ဒသမ ၁ ရာခိုင်နှုန်း) ပဲရှိတယ်လို့ သိရပါတယ်။ ရန်ကုန်စက်မှုဇုန်အတွင်းရှိ စက်ရုံပေါင်း ၃၇၇၂ ရုံမှ လျှပ်စစ်မီး အများဆုံးဝန်အား ၁၆၈ ဒသမ ၇၈ မဂ္ဂါဝပ်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ စက်မှုဇုန် ၁၀ ခုမှ လျှပ်စစ်မီးသုံးစွဲမှု အများဆုံးဝန်အား ၇၀ ဒသမ ၀၁



> မြန်မာနိုင်ငံက သဘာဝဓာတ်ငွေ့ကို ထိုင်းနှင့် တရုတ်နိုင်ငံတွေကို ပိုက်လိုင်းနဲ့ တင်ပို့ရောင်းချပြီး နိုင်ငံမှာသုံးဖို့ ဓာတ်ငွေ့မလုံလောက်တော့ နိုင်ငံခြားက ဓာတ်ငွေ့ရည် ဝယ်သုံးမယ်ဆိုတဲ့လုပ်ရပ်က ဘာနဲ့သွားတူသလဲဆိုတော့ မြန်မာနိုင်ငံကထွက်တဲ့ ပေါ်ဆန်းမွှေးဆန်ကို အာဖရိကကို ဈေးပေါပေါနဲ့ရောင်းပြီး မြန်မာနိုင်ငံမှာ ဆန်မလုံလောက်တော့ ဥရောပနဲ့ အမေရိကန်က ဂျုံမှုန့်ကိုဝယ် ခေါက်ဆွဲလုပ်ပြီး ထမင်းမစားဘဲ ခေါက်ဆွဲစားကြလို့ ပြောတာနဲ့တူတယ်လို့ခံစားမိလို့ပါ။

မဂ္ဂါဝပ် စုစုပေါင်း ၂၃၈ ဒသမ ၇၉ မဂ္ဂါဝပ်သာရှိတဲ့ စက်မှုလုပ်ငန်းအတွက် ဓာတ်ငွေ့ရည်ဝယ်၊ ဓာတ်အားပေးရင်း ဓာတ်အားခနှုန်းထား တိုးပွားလာတဲ့ဒဏ်ကို သာမန်ပြည်သူတွေပါ ခံစားရမယ့်ကိစ္စကိုလည်း တာဝန်ရှိသူများ ထည့်သွင်းစဉ်းစားကြဖို့လိုပါတယ်။

အဲဒီတော့ နွေရာသီမှာ အကျပ်ရိုက်နေတဲ့လျှပ်စစ်ဓာတ်ကို ပြေလည်ဖို့ ဓာတ်ငွေ့ရည်ဝယ်ပြီးဖြေရှင်းရင် တကယ်ရောပြေလည်သွားမှာလား။ L.N.G ဆိပ်ကမ်းဆောက်မယ့်ကုန်ကျစရိတ် ဒေါ်လာသန်း ၆၀၀ကို ရဲရွာရေအားလျှပ်စစ်လို ရေအားစီမံကိန်းကြီးတစ်ခု အသစ်တည်ဆောက်လို့ရပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့လေ့လာချက်အရ မြန်မာနိုင်ငံမှာ ရေအားလျှပ်စစ်မဂ္ဂါဝပ် တစ်သိန်းကျော်ထုတ်ယူနိုင်တဲ့အရင်းမြစ်တွေရှိတယ်လို့ သိရပါတယ်။ လက်ရှိအနေအထားက ရေအားလျှပ်စစ်မဂ္ဂါဝပ် ၃၁၈၁ သာထုတ်ယူနေတာမို့ အကြမ်းဖျင်း သုံးရာခိုင်နှုန်းသာထုတ်ယူရပါသေးတယ်။ ၂၀၀၁ ခုနှစ် ကိန်းဂဏန်းများအရ တစ်ကမ္ဘာလုံးမှာ ရေအားလျှပ်စစ်နဲ့ ဓာတ်အားထုတ်လုပ်မှုဟာ မဂ္ဂါဝပ် ၆၃၅၀၀၀ ရှိပြီး စုစုပေါင်းထုတ်လုပ်မှုရဲ့ ၂၀ ရာခိုင်နှုန်းရှိပါတယ်။ အမေရိကန်ပြည်ထောင်စုမှာတော့ ရေအားလျှပ်စစ်ထုတ်လုပ်မှုဟာ မဂ္ဂါဝပ် ၁၀၃၈၀၀ ရှိပြီး အမေရိကန်နိုင်ငံရဲ့ စုစုပေါင်းဓာတ်အားထုတ်လုပ်မှုရဲ့ ၁၀ ရာခိုင်နှုန်းရှိပါတယ်။ ကမ္ဘာ့နိုင်ငံကြီးတွေကိုကြည့်ရင် နော်ဝေနိုင်ငံဟာ ရေနံနှင့် သဘာဝဓာတ်ငွေ့အလျှံအပယ်ထွက်ပေမယ့် နိုင်ငံရဲ့ဓာတ်အားပေးမှု ၁၀၀ ရာခိုင်နှုန်းကို ရေအားလျှပ်စစ်က ထုတ်ပေးပါတယ်။ ဘရာဇီးနိုင်ငံရဲ့ ၉၁ ဒသမ ၇ ရာခိုင်နှုန်းက ရေအားလျှပ်စစ်ဖြစ်ပါတယ်။ ဆွစ်ဇာလန်က ရာခိုင်နှုန်း ၈၀ နှင့် ကနေဒါနိုင်ငံက ၆၃ ရာခိုင်နှုန်းအထိ ရေအားလျှပ်စစ်ထုတ်လုပ်မှုက စုစုပေါင်းဓာတ်အားထုတ်လုပ်မှုကို လွှမ်းမိုးထားပါတယ်။

ဒီနေ့ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှု အဓိကတရားခံဖြစ်တဲ့ ကာဗွန်ဓာတ်ငွေ့လေထုထဲသို့ အများဆုံးထုတ်လုပ်သည့်နိုင်ငံမှာ တရုတ်ဖြစ်ပြီး ဒုတိယကတော့ အမေရိကန်နိုင်ငံဖြစ်ပါတယ်။ ရေအားလျှပ်စစ်စက်ရုံတွေဟာ ကာဗွန်ဓာတ်ငွေ့ထုတ်လုပ်မှု မရှိသလောက်ပါ။ ကမ္ဘာကြီးနဲ့ယှဉ်ရင် မြန်မာနိုင်ငံရဲ့ ကာဗွန်ထုတ်လုပ်မှုပမာဏဟာ စာရင်းထဲထည့်သွင်းလို့တောင်မရတဲ့အထိ နည်းပါတယ်။ မြန်မာနိုင်ငံမှာ ကျောက်မီးသွေးသုံးပြီး ဓာတ်အားထုတ်တဲ့ ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်ထဲက တီကျစ်စက်ရုံတစ်ရုံသာရှိပြီး ၁၂၀ မဂ္ဂါဝပ်သာရှိပါတယ်။ တပ်ဆင်မှုပမာဏရဲ့ ၅၀ ရာခိုင်နှုန်းပဲ ထုတ်နိုင်ပါတယ်။ စက်ရုံတွေကြီးကြီးမားမား မရှိတာကြောင့် မြန်မာနိုင်ငံရဲ့ ကာဗွန်ဒိုင်အောက်ဆိုက်လွှင့်ထုတ်မှုအလွန်နည်းပေမယ့် ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကြောင့် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းမှာ လူတစ်သိန်းကျော်သေဆုံးတဲ့အထိ ခံစားခဲ့ရပါတယ်။ ဒီနေ့ Clean Coal Technology ဆိုတာပေါ်လာလို့ ကျောက်မီးသွေးစက်ရုံတွေက ကာဗွန်ထုတ်လုပ်မှုလျော့ပါးလာပါတယ်။ အမေရိကန်လိုနိုင်ငံကြီးမှာ စုစုပေါင်းလျှပ်စစ်ထုတ်လုပ်မှုရဲ့ ၆၀ ရာခိုင်နှုန်းကျော်က ကျောက်မီးသွေးနဲ့ထုတ်ပါတယ်။ Clean Coal Technology ကို စက်ရုံတိုင်း မလုပ်နိုင်သေးပါ။ စက်ရုံဟောင်းကြီးများကို အိုဘားမားအစိုးရလက်ထက်မှာ ဒေါ်လာဘီလီယံချီပြီး ထောက်ပံ့ကြေးပေးပြင်ခိုင်းခြင်းနဲ့ ဖျက်ပစ်ခြင်းတို့ကိုလုပ်နေရပါတယ်။ အကြံတူနောက်လူ သာစမြဲဆိုသလို မြန်မာနိုင်ငံမှာ Clean Coal နည်းပညာနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မယ့်စီမံကိန်းတွေကို ဆန့်ကျင်ကန့်ကွက်သူတွေနဲ့ ရင်ဆိုင်နေရပါတယ်။

ခြုံပြီးပြောရရင် ခရစ်နှစ် ၂၀၃၀ မှာ ဓာတ်အားစနစ်မှာအကြမ်းဖျင်း မဂ္ဂါဝပ် ၃၀၀၀၀ ကျော်ရှိလာအောင် စီမံကိန်းတွေရေးဆွဲထားပေမယ့် ရေအားလျှပ်စစ်စီမံကိန်းကြီးတွေလည်း အရှိန်အဟုန်နဲ့ မစနိုင်တာမို့ ဆောက်လက်စ ရေအားလျှပ်စစ်စီမံကိန်းတွေကလည်း နှောင့်နှေးကြန့်ကြာလာပါတယ်။ မေလ ၁၈ ရက်နေ့က လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ အလုပ်ရုံဆွေးနွေးပွဲမှာ Deloitte ကုမ္ပဏီရဲ့စာတမ်းက လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးရေး ထုတ်လုပ်မှုကုန်ကျစရိတ်လျော့ပါးရေးခေါင်းစဉ်မှာ ရေအားလျှပ်စစ်စီမံကိန်းများ တစ်နှစ်မှနှစ်နှစ်အထိ ပြီးစီးမည့်ကာလနောက်ကျခြင်းကြောင့် နိုင်ငံတော်မှလျှပ်စစ်ကဏ္ဍအတွက် Subsidy ခေါ်သည့် အနစ်နာခံစိုက်ထုတ်မှု ၃၀ ရာခိုင်နှုန်းပိုလာကြောင်း ထောက်ပြသွားခဲ့ပါတယ်။

နိဂုံးချုပ်တင်ပြလိုတာကတော့ လျှပ်စစ်ကဏ္ဍနှင့်ဆက်စပ်တဲ့လုပ်ငန်းတွေမှာ ပြည်သူများသို့ ပွင့်လင်းမြင်သာစွာရှင်းပြခြင်း၊ စနစ်ကျသော စီမံချက်များချမှတ်ခြင်းများမပြုလုပ်ပါက မြန်မာနိုင်ငံတွင် လောလောဆယ်ဖြစ်ပွားနေတဲ့ လျှပ်စစ်ဓာတ်အားအကျပ်ရိုက်ခြင်း (Electric Power Dilemma)ဆိုတဲ့အကျပ်အတည်းမှ ရုန်းထွက်ရန် မလွယ်ကူပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။ ။

## ကော့သောင်းမြို့ ကမ်းနီးပရဟိတမိသားစုအဖွဲ့ အမှိုက်များရှင်းလင်းခြင်းလုပ်ငန်း စုပေါင်းဆောင်ရွက်

**ကော့သောင်း မေ ၂၈**

ကော့သောင်းမြို့တွင် ယခုရက်ပိုင်းအတွင်း မိုးများအဆက်မပြတ်သည်းထန်စွာရွာသွန်းသဖြင့် မြို့တွင်းလမ်းများပေါ် တင်ကျန်ရစ်သည့် အမှိုက်များ ရှင်းလင်းဖယ်ရှားခြင်းနှင့် လမ်းဘေး အမှိုက်ပုံကြီးများအား မြို့ခံကမ်းနီးပရဟိတမိသားစု အဖွဲ့မှ မေ ၂၇ ရက် က စုပေါင်းရှင်းလင်းဆောင်ရွက်ကြသည်။

ကော့သောင်းမြို့သည် တောင်စောင်းတောင်ကုန်းများပေါ်တွင် လူနေအိမ်များဆောက်လုပ်နေထိုင်သည့် မြို့ဖြစ်ရာ ယခုရက်ပိုင်းအတွင်း သည်းထန်စွာရွာသွန်းခဲ့သည့် မိုးနှင့်အတူ မြို့နေပြည်သူအချို့ အမှိုက်များအား စည်းကမ်းမဲ့စွာ ရေနုတ်မြောင်းအတွင်း စွန့်ပစ်မှုကြောင့် မြောင်းများ ပိတ်ဆို့မှုဖြစ်ပွားကာ စွန့်ပစ်လိုက်သည့်အမှိုက်များ ကားလမ်းပေါ် မြင်မကောင်းစွာ တင်ကျန်နေခဲ့မှုကြောင့် ကမ်းနီးပရဟိတမိသားစုအဖွဲ့မှ အဆိုပါ အမှိုက်များအား ရှင်းလင်းဖယ်ရှားခြင်း၊ မော်တော်ယာဉ်များဖြင့် သယ်ယူကာ သတ်မှတ်ထားသည့် အမှိုက်စွန့်ပစ်ရာသို့ သယ်ယူပို့ဆောင်ပေးခြင်း စသည့်လုပ်ငန်းများကို မြို့နေပြည်သူများ ကျန်းမာရေးအလို့ငှာ ပရဟိတအကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**ကျော်စိုး(ကော့သောင်း-IPRD)**



# ၂၀၁၇ခုနှစ် အာဆီယံပညာသင်ဆု ပဏာမအဆင့်ရေးဖြေစာမေးပွဲ အောင်မြင်သူများစာရင်း

၁၀-၅-၂၀၁၆ရက်နေ့က တိုင်းဒေသကြီး/ပြည်နယ်အလိုက်ကျင်းပခဲ့သော ၂၀၁၇ခုနှစ် အာဆီယံပညာသင်ဆု ပဏာမအဆင့်ရေးဖြေစာမေးပွဲတွင် အောက်ပါကျောင်းသားကျောင်းသူများ ဖြေဆိုအောင်မြင်ခဲ့ပါသည်-

| စဉ် | ခုံအမှတ် | အမည် | အဘအမည် | ကျောင်းအမည် | မြို့နယ် | တိုင်းဒေသကြီး/ပြည်နယ် |
|---|---|---|---|---|---|---|
| ၁ | ကယ-၁ | မောင်ပြည့်ဖြိုး | ဦးစိန်ညွန့် | အထက(၁) | လွိုင်ကော် | ကယား |
| ၂ | ကယ-၅ | မကျော့ကေခိုင် | ဦးသိန်းလွင် | သူရိန်နန်း (ကပက) | လွိုင်ကော် | ကယား |
| ၃ | ကရ-၂၁ | မောင်မင်းခန့်သူ | ဦးစိုးသက် | အထက(၁) မြဝတီ | မြဝတီ | ကရင် |
| ၄ | စက-၆ | မောင်အောင်ခန့်ကျော် | ဦးသီဟထွန်း | အထက(၂)မုံရွာ | မုံရွာ | စစ်ကိုင်းတိုင်း |
| ၅ | စက-၁၂ | မောင်အာကာမိုးသူ | ဦးမြင့်ဆွေ | မိုးဦးပန်း (ကပက) | မုံရွာ | စစ်ကိုင်းတိုင်း |
| ၆ | စက-၃၂ | မမေသဇင်ထွန်း | ဦးစောထွန်း | SEC(ကပက) | မုံရွာ | စစ်ကိုင်းတိုင်း |
| ၇ | တန-၂၂ | မောင်ကောင်းဆက်ဟိဏ်း | ဦးထွန်းဝင်း | အထက(၂)မြိတ် | မြိတ် | တနင်္သာရီ |
| ၈ | ပခ(န)-၁၅ | မသက်ဆုနန္ဒာ | ဦးခင်မောင်မြင့် | အထက-သဲကုန်း | သဲကုန်း | ပဲခူး (အနောက်) |
| ၉ | ပခ(န)-၁၉ | မောင်သျှင်းခန့် | ဦးသိန်းဝင်း | အထက(၁)ပြည် | ပြည် | ပဲခူး (အနောက်) |
| ၁၀ | ပခ(န)-၂၀ | မောင်သက်ဦးအောင် | ဦးလှမြင့် | အထက(၁)ပြည် | ပြည် | ပဲခူး (အနောက်) |
| ၁၁ | ပခ(ရ)-၁၃ | မောင်ကျော်ဇေယျာဦး | ဦးကျော်ရွှေဦး | အထက(၃)ပဲခူး | ပဲခူး | ပဲခူး(အရှေ့) |
| ၁၂ | ပခ(ရ)-၂၆ | မအေးမြတ်နိုးအောင် | ဦးခင်မောင်လွင် | အထက(၁)ပဲခူး | ပဲခူး | ပဲခူး(အရှေ့) |
| ၁၃ | ပခ(ရ)-၃၁ | မဇင်သူဇာထွန်း | ဦးအောင်ငွေထွန်း | အထက(၃)ပဲခူး | ပဲခူး | ပဲခူး(အရှေ့) |
| ၁၄ | ပခ(ရ)-၃၇ | မခိုင်ဇာသွယ် | ဦးနိုင်နိုင် | အထက(၃)ပဲခူး | ပဲခူး | ပဲခူး(အရှေ့) |
| ၁၅ | ပခ(ရ)-၃၈ | မကေသွယ်နှင်း | ဦးလှမြင့်ဌေး | အထက(၃)ပဲခူး | ပဲခူး | ပဲခူး(အရှေ့) |
| ၁၆ | ပခ(ရ)-၄၃ | မောင်ဟိန်းအောင်ဖော် | ဦးအောင်မိုး | အထက(၁) | ညောင်လေးပင် | ပဲခူး(အရှေ့) |
| ၁၇ | ပခ(ရ)-၅၇ | မထက်ထက် | ဦးကျော်ဇေယျ | ငြိမ်းချမ်းရေး (ကပက) | တောင်ငူ | ပဲခူး(အရှေ့) |
| ၁၈ | မက-၂၆ | မောင်ကောင်းခန့်ကျော် | ဦးကျော်ကျော်အေး | အထက(၂) | မင်းဘူး | မကွေး |
| ၁၉ | မက-၄၃ | မမေဖူးခင် | ဦးမြင့်စိုး | အထက-ဆင်ဖြူကျွန်း | စလင်း | မကွေး |
| ၂၀ | မက-၇၄ | မောင်သူခန့်ညီ | ဦးညီညီနိုင် | အထက(၁) | မကွေး | မကွေး |
| ၂၁ | မက-၇၅ | မယွန်းပြည့်အိမ် | ဦးဝင်းမျိုးအောင် | အထက(၁) | မကွေး | မကွေး |
| ၂၂ | မက-၇၈ | မောင်ကျော်နန္ဒလင်း | ဦးမျိုးမြင့် | MEC (ကပက) | မကွေး | မကွေး |
| ၂၃ | မတလ-၁၈ | မောင်ဟိန်းသန့်ကိုကို | ဦးချစ်ကိုကို | အထက(၁၆) | ချမ်းအေးသာစံ | မန္တလေး |
| ၂၄ | မတလ-၂၀ | မောင်ထက်ဝေယံ | ဦးမြင့်နိုင် | အထက ကျပ်ပြင် | မိုးကုတ် | မန္တလေး |
| ၂၅ | မတလ-၇၁ | မောင်မင်းဘုန်းခန့် | ဦးလမင်းသက် | အထက ဖောင်တော်ဦး | အောင်မြေသာစံ | မန္တလေး |
| ၂၆ | မတလ-၁၀၅ | မောင်မျိုးအောင်ဦး | ဦးအောင်တိုး | အထက(၇) | ချမ်းမြသာစည် | မန္တလေး |
| ၂၇ | မတလ-၁၂၇ | မထက်ထက်ရတနာစိုး | ဦးစိုးမြင့် | အထက(၁၆) | ချမ်းအေးသာစံ | မန္တလေး |
| ၂၈ | မတလ-၁၄၉ | မနန်းစမ်းဟွမ်ဟွမ် | ဦးကံညွန့် | အလက(၇) | ချမ်းအေးသာစံ | မန္တလေး |
| ၂၉ | မတလ-၁၈၁ | မဂျက်စမင်ဆွေ | ဦးခင်မောင်ဆွေ | အထက-၁ | မိတ္ထီလာ | မန္တလေး |
| ၃၀ | မ-၆ | မသင်းညိုညိုစိမ့် | ဦးဝင်းဖော် | အထက(၉) | မော်လမြိုင် | မွန် |
| ၃၁ | မ-၂၅ | မောင်ဟိန်းအုပ်စိုး | ဦးဇော်ဝင်း | အထက(ခွဲ) အလက(၄) | မော်လမြိုင် | မွန် |
| ၃၂ | မ-၃၀ | မောင်ဘုန်းကျော်အောင် | ဦးကျော်သူရ | အထက(၁) သံဖြူဇရပ် | သံဖြူဇရပ် | မွန် |
| ၃၃ | ရက-၂ | မသင်းရတီဆု | ဦးမြတ်သူနိုင် | ALBA | ဒဂုံ | ရန်ကုန် |
| ၃၄ | ရက-၁၂ | မောင်မင်းခန့်ဘို | ဦးဘိုအောင် | ပညာနန်းတော် (ကပက) | သယ်န်းကျွန်း | ရန်ကုန် |
| ၃၅ | ရက-၁၄ | မဆုချမ်းမြေ့စံ | ဦးထွန်းထွန်းနိုင် | အထက(၂) | အင်းစိန် | ရန်ကုန် |
| ၃၆ | ရက-၂၉ | မောင်ဥက္ကာအောင် | ဦးအောင်အောင် | အထက(၁) | သယ်န်းကျွန်း | ရန်ကုန် |
| ၃၇ | ရက-၄၁ | မောင်ကောင်းခန့်ကို | ဦးအောင်နိုင်သူ | TTC | ကမာရွတ် | ရန်ကုန် |
| ၃၈ | ရက-၅၉ | မခြူးဆင့်ဆွေ | ဦးမြတ်ဆွေ | အထက(၂) | ဒဂုံ | ရန်ကုန် |
| ၃၉ | ရက-၈၂ | မောင်တိုးတက်ပြည့်စုံ | ဦးအေးသန်း | အထက(၄) | ကမာရွတ် | ရန်ကုန် |
| ၄၀ | ရက-၁၀၄ | မစုမြတ်ဦး | ဦးဆန်းဦး | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၄၁ | ရက-၁၁၄ | မောင်ကောင်းသန့်စိုး | ဦးစိုးထွေး | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၄၂ | ရက-၁၁၅ | မပွင့်သီရိကို | ဦးလင်းအောင်သန့် | Horizon | သာကေတ | ရန်ကုန် |
| ၄၃ | ရက-၁၁၇ | မောင်ညီညီအောင် | ဦးဇော်ဝင်း | အထက(၁) | သယ်န်းကျွန်း | ရန်ကုန် |
| ၄၄ | ရက-၁၂၁ | မဆုလာဘ်ထူး | ဦးဘထူး | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၄၅ | ရက-၁၃၇ | မောင်စိုင်းကျော်ဇင် | ဦးစိုင်းစိုင်းဇင် | CISM | မရမ်းကုန်း | ရန်ကုန် |
| ၄၆ | ရက-၁၅၆ | မောင်ဟိန်းခန့်ဝင်း | ဦးကျော်စိုးဝင်း | အထက(၁) | သယ်န်းကျွန်း | ရန်ကုန် |
| ၄၇ | ရက-၁၉၆ | မခင်ညိုညိုသိမ့် | ဦးကျော်မျိုးနိုင် | အထက(၂) | အင်းစိန် | ရန်ကုန် |
| ၄၈ | ရက-၁၉၉ | မောင်ကောင်းစည်သူဟန် | ဦးကျော်သူ | MLA | ဗဟန်း | ရန်ကုန် |
| ၄၉ | ရက-၂၀၇ | မယွန်းနဒီ | ဦးရန်နောင်စိုး | TTC | ကမာရွတ် | ရန်ကုန် |
| ၅၀ | ရက-၂၂၅ | မအိကြည်ဖြူခင် | ဦးခင်မောင်ကြည် | ရွှေပင်ရွှေသီး | သယ်န်းကျွန်း | ရန်ကုန် |
| ၅၁ | ရက-၂၄၉ | မကြည်ခိုင်ခိုင်ကျော် | ဦးသန်းဝင်းဦး | အထက(၂) | လသာ | ရန်ကုန် |
| ၅၂ | ရက-၂၆၄ | မောင်နေလင်း | ဦးဇင်မင်းသန့် | MLA | ဗဟန်း | ရန်ကုန် |
| ၅၃ | ရက-၂၇၄ | မောင်မြင့်မြတ်အောင် | ဦးမြတ်နိုးအောင် | အထက(၂) | ဗဟန်း | ရန်ကုန် |
| ၅၄ | ရက-၂၉၇ | မယွန်းရွှေဖြူ | ဦးမင်းစိုးထွဋ် | အထက(၂) | စမ်းချောင်း | ရန်ကုန် |
| ၅၅ | ရက-၃၀၂ | မောင်စိုးဝေနောင် | ဦးလွဏ်းဝေ | အထက(၂) | ဗဟန်း | ရန်ကုန် |
| ၅၆ | ရက-၃၂၄ | မောင်ခန့်ဝင်းအောင် | ဦးသန်းရွှေ | အထက(၂) | လှိုင် | ရန်ကုန် |
| ၅၇ | ရက-၃၄၄ | မောင်ထွဋ်အောင်ခန့် | ဦးမင်းထွဋ်အောင် | TTC | ကမာရွတ် | ရန်ကုန် |
| ၅၈ | ရက-၃၅၉ | မောင်သိုက်ထွန်းဇော် | ဦးညဏ်ထွန်း | အထက(၅) | ကမာရွတ် | ရန်ကုန် |
| ၅၉ | ရက-၃၉၆ | မသန္တာထွန်း | ဦးသိန်းဝင်း | အထက(၂) | ဗဟန်း | ရန်ကုန် |
| ၆၀ | ရက-၄၀၉ | မအိမ့်သက်ဆု | ဦးခင်မောင်သိန်း | အထက(၁) | ပန်းဘဲတန်း | ရန်ကုန် |
| ၆၁ | ရက-၄၄၀ | မခင်ချမ်းမြေ့ငြိမ်း | ဦးကျော်စွာငြိမ်း | မဟာမြကျွန်းသာ (ကပက) | မရမ်းကုန်း | ရန်ကုန် |
| ၆၂ | ရက-၄၄၄ | မောင်ရဲဂေါင်ဆွေ | ဦးမျိုးလှိုင် | ဂုဏ်ထူး ဦးသိန်းနိုင် | သယ်န်းကျွန်း | ရန်ကုန် |
| ၆၃ | ရက-၄၅၄ | မခင်ကြည်ဖြူအောင် | ဦးဝင်းထိန် | အထက(၄) | အလုံ | ရန်ကုန် |
| ၆၄ | ရက-၄၆၄ | မချောဆုသင်း | ဦးရဲမင်းသန်း | အထက(၂) | မင်္ဂလာဒုံ | ရန်ကုန် |
| ၆၅ | ရက-၄၆၅ | မောင်သန့်စင်ကို | ဦးသိန်းကိုကို | အထက(၂) | မင်္ဂလာဒုံ | ရန်ကုန် |
| ၆၆ | ရက-၄၇၁ | မောင်ဖွဲ့ညဏ်တိုး | ဦးလှတိုး | ILBC | တာမွေ | ရန်ကုန် |
| ၆၇ | ရက-၄၇၃ | မညိမ်းစုစန္ဒီ | ဦးဝင်းမြင့် | ဇင်ယော် | ကမာရွတ် | ရန်ကုန် |
| ၆၈ | ရက-၄၉၆ | မောင်ကောင်းအုပ်စိုး | ဦးလေးနိုင် | အထက(၂) | မင်္ဂလာဒုံ | ရန်ကုန် |
| ၆၉ | ရက-၅၀၇ | မောင်သီဟကျော်စွာ | ဦးသန်းဇော် | အထက(၁) | ရန်ကင်း | ရန်ကုန် |
| ၇၀ | ရက-၅၀၉ | မလင်းထက်မာလာ | ဦးစိုးအောင် | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၇၁ | ရက-၅၁၁ | မယွန်းဆုလင်း | ဦးလှမိုး | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၇၂ | ရက-၅၁၃ | မောင်ညဏ်လင်းထက် | ဦးအောင်ကျော်စိုး | အလက(၁) | ဒဂုံ | ရန်ကုန် |
| ၇၃ | ရက-၅၁၈ | မမေစံပယ်ဝင်း | ဦးစိုးနိုင်ဝင်း | ILBC | တာမွေ | ရန်ကုန် |
| ၇၄ | ရက-၅၂၃ | မောင်ဖွဲ့ထက် | ဦးမျိုးဟိန်း | အထက(၂) | အင်းစိန် | ရန်ကုန် |
| ၇၅ | ရက-၅၃၅ | မောင်အောင်ဖုန်းပြည့် | ဦးအောင်စိုးထွေး | အထက(၁) | မြောက်ဥက္ကလာ | ရန်ကုန် |
| ၇၆ | ရက-၅၃၈ | မောင်အောင်ခန့်မင်း | ဦးကျော်ဝင်း | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၇၇ | ရက-၅၆၈ | မောင်ပြည့်စုံခန့် | ဦးခင်မောင်ဌေး | အထက(၁) | သုံးခွ | ရန်ကုန် |
| ၇၈ | ရက-၅၈၂ | မလမင်းအိမ် | ဦးမင်းဆွေ | အထက(၄) | သယ်န်းကျွန်း | ရန်ကုန် |
| ၇၉ | ရက-၅၉၇ | မောင်ကောင်းညီသွေး | ဦးတင်အောင်သန်း | အထက(၄) | အလုံ | ရန်ကုန် |
| ၈၀ | ရက-၅၉၉ | မောင်ဝင်းကျော်အောင် | ဦးသိန်းထိုက် | အထက(၃) | တာမွေ | ရန်ကုန် |
| ၈၁ | ရက-၆၁၂ | မခင်နီနီလွင် | ဦးချင်းချောင်း | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၈၂ | ရက-၆၁၅ | မောင်အောင်မျိုးထွန်း | ဦးအေးသန်း | အထက(၂) | မင်္ဂလာဒုံ | ရန်ကုန် |
| ၈၃ | ရက-၆၄၄ | မခင်ကြည်ကြည်ဖော် | ဦးမြင့်သိန်းထွန်း | အလက(၄) | ရန်ကင်း | ရန်ကုန် |
| ၈၄ | ရက-၆၆၆ | မောင်အောင်ချစ်မင်း | ဦးဘစိန် | အထက(၁) | ရွှေပြည်သာ | ရန်ကုန် |
| ၈၅ | ရက-၆၉၂ | မချမ်းမြေ့လွင် | ဦးသန်းဝင်း | အထက(၄) | ကမာရွတ် | ရန်ကုန် |
| ၈၆ | ရက-၇၈၅ | မမေသူသိမ့် | ဦးတင်မောင်လတ် | ထိပ်တန်း (ကပက) | မင်္ဂလာ တောင်ညွန့် | ရန်ကုန် |
| ၈၇ | ရက-၇၉၇ | မောင်ကြည်ခိုင်ခန့်စိုး | ဦးကြည်စိုး | အထက(၂) | မင်္ဂလာဒုံ | ရန်ကုန် |
| ၈၈ | ရက-၈၂၄ | မစောကေခိုင်ဦး | ဦးလှဖေ | ကောင်းစုံ | ဒဂုံ | ရန်ကုန် |
| ၈၉ | ရက-၈၈၆ | မတင့်ကြည်ကြည်လှိုင် | ဦးဌေးလှိုင် | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၉၀ | ရ(တ)-၉ | မောင်အောင်ခန့်ဦး | ဦးထွန်းလင်း | အထက-၁ | တောင်ကြီး | ရှမ်း(တောင်) |
| ၉၁ | ရ(တ)-၁၇ | စိုင်းသက်ထွဋ်လင်း | ဦးမိုးထွန်း | အထက-၄ | တောင်ကြီး | ရှမ်း(တောင်) |
| ၉၂ | ရ(တ)-၂၄ | မရွှန်းလဲ့ဝတီ | ဦးဝင်းမြတ်အောင် | အထက-၄ | တောင်ကြီး | ရှမ်း(တောင်) |
| ၉၃ | ရ(တ)-၂၅ | မကြည်ချမ်းငြိမ်း | ဦးနေထွန်း | အထက-၄ | တောင်ကြီး | ရှမ်း(တောင်) |
| ၉၄ | ရ(တ)-၂၈ | ခွန်ခန့်ထက် | ဦးမျိုးသိန်း | အထက-၁၀ | တောင်ကြီး | ရှမ်း(တောင်) |
| ၉၅ | ဧရာ-၇ | မစုဇွန်ဖော် | ဦးဇော်အောင် | အထက(၆) | ပုသိမ် | ဧရာဝတီ |
| ၉၆ | ဧရာ-၃၀ | မသင်းရတီမွန် | ဦးရဲဝင်းအောင် | မဟာ(ကပက) | မြောင်းမြ | ဧရာဝတီ |
| ၉၇ | ဧရာ-၃၃ | မသည်းအိမ်စည် | ဦးကျော်သွင်မိုး | အထက(၁) လပွတ္တာ | လပွတ္တာ | ဧရာဝတီ |
| ၉၈ | နပတ-၃ | မသီရိဆင့် | ဦးလင်းဇော်ထွန်း | အထက(၁) | ဇေယျာသီရိ | နေပြည်တော် |

- အာဆီယံပညာသင်ဆု ပဏာမရေးဖြေအောင်မြင်သူများသည် ၁. ၆. ၂၀၁၆ မှ ၃. ၆. ၂၀၁၆ ရက်နေ့အတွင်း မြန်မာနိုင်ငံ ပညာရေးသုတေသနဦးစီးဌာန(ရန်ကုန်ရုံးခွဲ) အမှတ်(၄၂၆) ပြည်လမ်း ကမာရွတ်သို့ ကိုယ်တိုင်လာရောက်၍ အာဆီယံပညာသင်ဆု လျှောက်လွှာပုံစံများကို ဖြည့်သွင်းရမည်ဖြစ်ပါသည်။
- လျှောက်လွှာဖြည့်သွင်းရန် လာရောက်သည့်အချိန်တွင် အောက်ပါလိုအပ်သောအထောက်အထားများ ယူဆောင်လာရပါမည်-
  - (၁) မွေးစာရင်းမူရင်း၊ မိတ္တူနှင့် အင်္ဂလိပ်ဘာသာပြန်မူရင်း (နိုတြီ)
  - (၂) မှတ်ပုံတင်မူရင်း၊ မိတ္တူနှင့် အင်္ဂလိပ်ဘာသာပြန်မူရင်း (နိုတြီ)
  - (၃) လွန်ခဲ့သောစာသင်နှစ် (၂)နှစ်က အောင်မြင်ခဲ့သော ဘာသာရပ်အလိုက် အမှတ်စာရင်း(CPR)မူရင်း၊ မိတ္တူနှင့် အင်္ဂလိပ်ဘာသာပြန်မူရင်း(နိုတြီ)(ကျောင်းတံဆိပ်၊ ကျောင်းအုပ်ကြီးတံဆိပ် အပြည့်အစုံပါရှိရန်)
  - (၄)မိဘ/အုပ်ထိန်းသူ၊ မောင်နှမများနှင့် ပတ်သက်သောကိုယ်ရေးအကြောင်းအရာများ (အမည်၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်နံပါတ်၊ အလုပ်အကိုင်၊ ကျောင်း )
- လျှောက်လွှာဖြည့်သွင်းသူသည် (35 mm x 45 mm)ရှိ လိုင်စင်ဓာတ်ပုံ(၂)ပုံ ယူဆောင်လာရမည်။
- လျှောက်လွှာဖြည့်သွင်းသူသည် မိဘ/အုပ်ထိန်းသူ (၁)ဦးနှင့်အတူလာရောက်ရမည်။

**(ပညာရေး)**

## ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပွဲပြုလုပ်

**ဘားအံ မေ ၂၈**

ကရင်ပြည်နယ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီက ဘားအံမြို့နယ် လှာကမြင်ကွက်သစ် မူလတန်းလွန်ကျောင်း၌ ပြုလုပ်သည်။

အဆိုပါသစ်ပင်စိုက်ပွဲသို့ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ NGO/INGOများ၊ လှာကမြင်ကွက်သစ်မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၁၈၅ ဦးက ခရေ၊ ကံကော်၊ ရေတမာ၊ မဟော်ဂနီ၊ ဆီသပြေ၊ ယူကလစ်၊ ပင်လယ်ကဗွီး စုစုပေါင်း အပင် ၃၅၀ကို စိုက်ပျိုးခဲ့ကြသည်။

ထို့နောက် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို လှာကမြင်ကွက်သစ် မူလတန်းလွန်ကျောင်း၌ ဆက်လက်၍ကျင်းပရာ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ စုစုပေါင်း ၉၇ ဦးတက်ရောက်ခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်အောင်စိုးက သစ်ပင်စိုက်ပျိုးနည်းစနစ်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကမ္ဘာကြီးပူနွေးလာခြင်း စသည့် အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

❒ကျောဖုံးမှ
ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။

UPDJC ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းရာတွင် အစိုးရအစုအဖွဲ့မှ ၁၆ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့မှ ၁၆ ဦး၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ၁၆ ဦးတို့ဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး အဆိုပါ ၁၆ ဦးမှာ ရွေးကောက်ပွဲတွင် အနည်းဆုံး ကိုယ်စားလှယ်တစ်ဦးအနိုင်ရရှိခဲ့သည့် ပါတီများမှသာ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ အစိုးရဘက်၊ တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့တို့မှ စုစုပေါင်းကိုယ်စားလှယ် ၄၈ ဦး တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## သမိုင်းဝင်ကျိုက္ကလော့စေတီတော် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကျင်းပ

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ကျိုက္ကလော့စေတီတော် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မေ ၂၈ ရက် နံနက် ၆ နာရီက အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ကာ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ကြွရောက်လာသော ဆရာတော်များထံမှ သာရဏီယဓမ္မ တရားတော်များ နာကြားခြင်း၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ကြွရောက်လာသော ဆရာတော်ကြီးများက ဘုရားပင့်ဂါထာတော် ရွတ်ဖတ်ပူဇော်ခြင်း၊ ဥယျောဇနဂါထာတော်ဖြင့် မဟာပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ရန် တိုက်တွန်းခြင်းနှင့် ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်များက “ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိ”ကို သံပြိုင်သုံးခေါက် ရွတ်ဆိုကာ အလှည့်ကျ “ဘာဏက” ဆရာတော်က ဆက်လက်ရွတ်ဖတ်ပူဇော်၍ မေ ၂၈ ရက်မှ ဇွန် ၁ ရက်အထိ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်မည်ဟု သိရသည်။

**(ဌေးကြိုင်)**

# အစိုးရဘက်ကလည်း ကော်မတီဝင်တွေကို တင်ပြတယ်။ အတည်ပြုတယ်။ တိုင်းရင်းသားလက်နက်ကိုင်တွေ ဘက်ကလည်း သူတို့ရဲ့အသစ်တင်တာကို အတည်ပြုတယ်။

**ဦးလှမောင်ရွှေ အတွင်းရေးမှူး (UPDJC)**

**နေပြည်တော် မေ ၂၈**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ပြန်လည်ဖွဲ့စည်းရေး ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး ဆွေးနွေးပွဲကို နေပြည်တော် ဟိုတယ်ဇုန်ရှိ Horizon Lake Resort ၌ မေလ ၂၇ ရက်နေ့နှင့် ၂၈ ရက်နေ့တို့တွင် ကျင်းပခဲ့သည်။

အစည်းအဝေး၌ UPDJC တွင် အစိုးရကိုယ်စားလှယ် ၁၈ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့ ကိုယ်စားလှယ် ၁၈ ဦး၊ နိုင်ငံရေးပါတီအစုအဖွဲ့ ကိုယ်စားလှယ် ၁၈ ဦးသတ်မှတ်ခဲ့ကြပြီး နိုင်ငံရေးပါတီအစုအဖွဲ့မှ ကိုယ်စားလှယ်များအား ရွေးကောက်ပွဲတွင် အနိုင်ရသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များကိုသာ ယခုကော်မတီတွင်အဖွဲ့ဝင်အဖြစ် သတ်မှတ်ရေးကို သဘောတူခဲ့ကြသည်။

ထိုသို့ မူအားဖြင့်သဘောတူခဲ့ကြသော်လည်း အမြင်မတူမှုများရှိခဲ့ရာ အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ ပြောကြားချက်များကို ဖော်ပြလိုက်ပါသည်-



ဦးသုဝေ



ဦးထွန်းထွန်းဟိန်



ဦးလှမောင်ရွှေ



ဦးစိုင်းကျော်ညွန့်

**ဦးသုဝေ**
**(ဒီမိုကရက်တစ်ပါတီ-မြန်မာ)**

UPDJC မှာ နိုင်ငံရေးပါတီ ၉၂ ပါတီကနေ ရွေးကောက်ပွဲနဲ့ ရွေးပေးလိုက်တာတွေပါ။ တကယ်တော့ အပြောင်းအလဲလုပ်မယ်ဆိုရင် ၉၂ ပါတီလုံးက သဘောတူဖို့ လိုအပ်တယ်။ ၉၂ ပါတီလုံး ပြန်ဆုံပြီး သဘောတူညီချက် ရဖို့ကျတော့ ခက်တယ်လေ။ ကိုယ့်ဟာကိုယ် ရွေးပေးလိုက်လို့တော့ရတယ်။ ရွေးပေးလိုက်ပြန်ရင်လည်း အခြားပါတီတွေကို အလေးမထားရာရောက်မယ်။ သက်ဆိုင်ရာတာဝန်ရှိတဲ့ အစိုးရက ရွေးပေးလိုက်မယ်ဆိုရင်တော့ အငြင်းပွားစရာ မရှိတော့ဘူးပေါ့လေ။ ဒါကြောင့် အစိုးရက ရွေးပေးပါဆိုပြီး ကျွန်တော်တို့က ပြောလိုက်တာ။

အရင် အစိုးရတုန်းကတော့ ရွေးကောက်ခံနိုင်အောင် ၉၂ ပါတီလုံးကို ရွေးကောက်ပွဲလုပ်ပေးတယ်။ အခုကတော့ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ပါတီကို ကိုယ်စားလှယ်တစ်ယောက်ပေး၊ နှစ်ယောက်ပေးပါ ပြောလိမ့်မယ် ထင်ပါတယ်။ နိုင်ငံရေးပါတီဆိုတာ အားလုံး Level ပါပဲ။ အရွေးခံရသည်ဖြစ်စေ၊ အရွေးမခံရသည်ဖြစ်စေ အားလုံးသဘောတူတယ်ပေါ့နော်။ အရွေးခံရတဲ့ပါတီကျမှ ဒီထဲကိုပါရမယ်ဆိုတော့ ကျွန်တော်တို့အချင်းချင်း သဘောထားကွဲလွဲမှာစိုးလို့ အစိုးရကိုတာဝန်ပေးလိုက်တာပါ။ အရွေးခံရတဲ့ ပါတီထဲက ခင်ဗျားတို့ရွေးပေးပါဆိုပြီးပြောလိုက်တယ်။ အဲဒါပါပဲ။

**ဦးထွန်းထွန်းဟိန်**
**(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)**

ငြိမ်းချမ်းရေးလို့စတဲ့အခါ နှစ်ဖက်လက်နက်ကိုင်တွေနဲ့ အပစ်အခတ်ရပ်စဲရတာပါ။ ငြိမ်းချမ်းရေးလုပ်တဲ့အခါ သူတို့တွေပဲ စလုပ်ရမှာပါ။ စစ်ဖြစ်နေတဲ့အခါကျတော့ လူထုက ဒုက္ခရောက်တာပေါ့။ ငြိမ်းချမ်းရေးရရင် အကျိုးရှိမှာ ပြည်သူဖြစ်သလို၊ ဆုံးရှုံးမှာလည်းပြည်သူပဲလေ။ အဲဒီတော့ ပြည်သူကိုယ်စားပြုမှုလိုတာပေါ့ဗျာ။ အဲဒီလို စဉ်းစားတဲ့အခါမှာ တချို့ကလည်း နိုင်ငံရေးပါတီတွေက ပြည်သူပုံရိပ်ထင်ဟပ်တယ်လို့ အဓိပ္ပာယ်ဖော်ကြတယ်။ ဒါဆိုတော့ နိုင်ငံရေးပါတီတွေပါလာတယ်။ နိုင်ငံရေးပါတီမှာလည်း ကိုယ်စားပြုမှုဆိုတာ လိုလာပြန်ရော။ အနိုင်ရတဲ့ နိုင်ငံရေးပါတီတွေကျတော့ ကိုယ်စားပြုမှုရှိတယ်ပေါ့။

**ဦးလှမောင်ရွှေ**
**အတွင်းရေးမှူး (UPDJC)**

ဒီနေ့ အစည်းအဝေးဒုတိယနေ့မှာ အစိုးရဘက်ကလည်း ကော်မတီဝင်တွေကို တင်ပြတယ်။ အတည်ပြုတယ်။ တိုင်းရင်းသားလက်နက်ကိုင်တွေဘက်ကလည်း သူတို့ရဲ့အသစ်တင်တာကို အတည်ပြုတယ်။ နိုင်ငံရေးပါတီတွေဘက်ကလည်း မနေ့က နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ပြောတာကို မူအားဖြင့်သဘောတူတယ်။ ရွေးကောက်ပွဲမှာအနည်းဆုံးတစ်နေရာပေါ့။ ပြည်သူ့လွှတ်တော်မှာဖြစ်ဖြစ်၊ အမျိုးသားလွှတ်တော်မှာ ဖြစ်ဖြစ်၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်မှာဖြစ်ဖြစ် နိုင်တဲ့ပါတီက သူ့ကို UPDJC အဖွဲ့ဝင်ပြောင်းဖို့ မူအားဖြင့်သဘောတယ်။ ဒါကြောင့် ဒီနေ့ အစည်းအဝေးက အောင်မြင်တယ်လို့ပြောလို့ရပါတယ်။ နောက်တစ်ပိုင်းက ရှေ့ဆက်ဆောင်ရွက်မယ့်လုပ်ငန်းစဉ်ပါ။ UPDJCဟာ ရှေ့ဆက်ဆောင်ရွက်မယ့် နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပဖို့အတွက်ကိုဦးဆောင်မယ့် အနေအထားတွေရှိတယ်။ မူဘောင်ကို ပြန်ပြင်ဖို့ရှိတယ်။ ပြန်ပြင်တဲ့အခါမှာလည်း လက်မှတ်ရေးထိုးခြင်းမရှိသေးတဲ့အဖွဲ့တွေ ပါဝင်နိုင်ဖို့ဆိုပြီး နောက်တစ်လ၊ တစ်လခွဲလောက် ရွှေ့ထားတာရှိတယ်။ ၂၁ ရာစုပင်လုံညီလာခံ ပြင်ဆင်ရေးကော်မတီ ဘက်ကနေ တိုင်းရင်းသားတွေကို လိုက်တွေ့ပြီး ပြင်နေတယ်။ အဲဒါကိုတော့ ဇွန်လထဲ ပြီးအောင်လုပ်ပါမယ်။ သူတို့ထဲက ပါလာမယ့်သူတွေလည်း အများကြီးရှိမယ်လို့ မျှော်လင့်ထားတာပေါ့လေ” ဟု ပြောသည်။

**ဦးစိုင်းကျော်ညွန့်**
**(တွဲဖက်အတွင်းရေးမှူး-၂ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်)**

ရွေးကောက်ပွဲတစ်ခုမှာ နိုင်တယ်၊ ရှုံးတယ်ဆိုတာက ရွေးကောက်ပွဲတစ်ခုရဲ့ အဖြစ်အပျက်ပဲလေ။ နောင်ရွေးကောက်ပွဲတွေမှာ အမြဲတမ်းနိုင်နေမှာမဟုတ်သလို၊ အမြဲတမ်းလည်း ရှုံးနေမှာမဟုတ်ဘူး။ ရှုံးပေမယ့် နိုင်ငံရေး ပါတီတော်တော်များများ နိုင်ငံရေးကျွမ်းကျင်တဲ့ ဆရာကြီးတွေ အများကြီးရှိပါတယ်။ နိုင်ငံရေးနားလည်တဲ့သူတွေကလည်း ဒီလုပ်ငန်းစဉ်ထဲမှာ ပါရခြင်း၊ မပါရခြင်းက သိပ်ဂရုစိုက်မှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့က ဒီလုပ်ငန်းစဉ်မှာ ပါဝင်ဖို့အတွက် နိုင်ငံရေးလုပ်နေတာမဟုတ်ဘူး။ နိုင်ငံရေးသမားက နိုင်ငံရေးအလုပ်လုပ်နေမှာပဲ။ ဒီလုပ်ငန်းစဉ်မှာ လုပ်ရမှ နိုင်ငံရေးသမားဆက်ဖြစ်နေတာဆိုတာ မရှိဘူး။ ပါရသည်ဖြစ်စေ၊ မပါရသည်ဖြစ်စေ နိုင်ငံရေးသမားက နိုင်ငံရေးသမားပါပဲ။

**မျိုးမြင့်(သတင်းစဉ်)**

❂မြန်မာ့အနုပညာမှ
ပြောင်းလဲလာတဲ့ ခေတ်ပေါ်ဂီတ၊ အနုပညာတွေနဲ့ ပေါင်းစပ်တဲ့ အနုပညာအဖြစ် မှတ်တမ်းရုပ်ရှင်လာရောက်ရိုက်ကူးခြင်းဖြစ်ပါတယ်”ဟု ပြောပြသည်။

ယခုကဲ့သို့ ရိုက်ကူးတင်ဆက်မှုကို လွန်ခဲ့သည့်လအနည်းငယ်ကတည်းက စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သော်လည်း ယခုမေလ ၂၄ ရက်မှ စတင်ကာ ရိုက်ကူးဖြစ်ခဲ့သည်ဟု သိရသည်။ နှစ်ပတ်ခန့်ကြာ တည်းဖြတ်မှုများပြုလုပ်ပြီးနောက် ဇူလိုင်လတွင်အွန်လိုင်းမှတစ်ဆင့် ထုတ်လွှင့်ပြသသွားမည်ဟု သိရသည်။ “ကိုယ့်မြန်မာယဉ်ကျေးမှုကို အခုလို အမေရိကန်နိုင်ငံကနေ လာရောက်ရိုက်ကူးတာတော့ဂုဏ်ယူပါတယ်။ အခက်အခဲကတော့ ကိုယ့်ဆီက မြန်မာ့ယဉ်ကျေးမှုတွေကို ရိုက်ကူးပြီးသွားမှ သူတို့က ဖျက်ဆီးမှာလားပေါ့။ အဲဒါကြောင့် မရိုက်ခင်ထဲက သေချာမေးတယ်။ မြန်မာ့ယဉ်ကျေးမှုက ခမ်းခမ်းနားနား ထည်ထည်ဝါဝါ နဲ့ ကရတာဆိုတာ ရှင်းပြတယ်။ ဒီလို တံတားအောက်မှာကရတဲ့အတွက် ဒီလိုဟာမျိုးတွေ တွေ့သွားရင် အထင်သေးစရာတွေဖြစ်သွားမယ်ပြောတော့ သူတို့က အဲဒီပြရိပ်ကို ပြချင်တာ မဟုတ်ပါဘူး။ အဓိကကတော့ မြန်မာ့ယဉ်ကျေးမှုကို အဓိကထားပြချင်တာမို့ စကိတ်တွေနဲ့ ယှဉ်ခိုင်းနှိုင်းပြီးတော့ ရသအနုပညာအသစ်ကို ဖန်တီးပြချင်တာဖြစ်တယ် ”ဟု ယဉ်ကျေးမှုတက္ကသိုလ်မှ အကနည်းပြ ကိုစိုး ကပြောသည်။

❖ စာမျက်နှာ ၅ မှ
ပြည်သူ့အရေးဂျာနယ် အယ်ဒီတာချုပ် ဦးမော်လင်းက “နိုင်ငံရေးစာပေဆိုတာ ဘာလဲ၊ နိုင်ငံရေးစာပေဖွံ့ဖြိုးတိုးတက်ဖို့ ဘာတွေလိုလဲ၊ နိုင်ငံရေးစာပေနဲ့ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံ့သမိုင်းမှာ ဘာတွေရှိခဲ့လဲ၊ မျက်မှောက်ခေတ် နိုင်ငံရေးစာပေနဲ့ပတ်သက်ပြီး ဘာစာအုပ်စာတမ်းတွေ ထွက်ခဲ့ဘူးလဲ၊ နိုင်ငံတကာက နိုင်ငံရေးစာပေတွေ ဘယ်လိုထွက်သလဲ၊ နိုင်ငံရေး သဘောတရားတွေ၊ နိုင်ငံရေးသီအိုရီတွေနဲ့ပတ်သက်တဲ့ စာပေစာအုပ်တွေရှိတယ်။ နိုင်ငံရေးလုပ်တဲ့ နိုင်ငံရေးသမားတွေ ကိုယ်တိုင်ရေးထားတဲ့ စာအုပ်စာပေတွေရှိတယ်။ နိုင်ငံရေးခေါင်းဆောင်တွေနဲ့ နိုင်ငံရေးထင်ရှားတဲ့ သူတွေအကြောင်းရေးထားတဲ့ နိုင်ငံရေးအတ္ထုပ္ပတ္တိတွေရှိတယ်။ နိုင်ငံရေးကိုနောက်ခံထားပြီးရေးထားတဲ့ဝတ္ထုတွေ၊ သမိုင်းတွေရှိတယ်။ အဲဒီခေတ်ကာလက စာအုပ်တွေကို ဘယ်လိုရေးသားထုတ်ဝေခဲ့လဲ၊ အဲဒီစာအုပ်စာပေတွေက စာဖတ်သူတွေကို ဘယ်လိုလွှမ်းမိုးခဲ့လဲ၊ နိုင်ငံရေးနဲ့ပတ်သက်တဲ့စာနယ်ဇင်းတွေ၊ သတင်းစာတွေ၊ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေက မြန်မာ့နိုင်ငံရေးအပေါ် ဘယ်လိုလွှမ်းမိုးမှုရှိလဲ စသဖြင့် အဲဒီအကြောင်းအရာတွေနဲ့ ပတ်သက်တဲ့ စာတမ်းတွေဖတ်ကြမယ်၊ ဆွေးနွေးကြမယ်။ အဲဒါတွေ ကျင်းပဖို့ အခုအစည်းအဝေးမှာ ဆွေးနွေးကြတာပါ”ဟု ပြောသည်။

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း အတွင်းရေးမှူး ဦးမြင့်ထွန်းက “နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနဲ့အတူ မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကို သိမ်ဖြူလမ်းက ဒီရုံးမှာ ဇူလိုင်လကုန်လောက် ကျင်းပမယ်။ အသင်းအနေနဲ့ စာအုပ်ထုတ်ဝေသူတွေ အားလုံးပေါင်းပြီး ဆိုင်ခန်း ၁၀၀ လောက် ဖွင့်နိုင်အောင် ကြိုးစားထားတယ်။ ကျင်းပမယ့်ရက် အတိအကျမသိသေးပေမယ့် သုံးရက်ကြာကျင်းပမယ်လို့ သိရပါတယ်။ ဒီအဆောက်အအုံကြီးထဲမှာ ၂၀၀၆ ခုနှစ်က ပထမအကြိမ် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပခဲ့ဖူးတယ်။ အခု ဒီနေရာမှာ စာအုပ်ဈေးပွဲတော်က ဒုတိယမြောက်ကျင်းပခြင်းဖြစ်တယ်။ သမိုင်းဝင်ရုံးကြီးမှာ ကျင်းပတာဖြစ်တဲ့အပြင် မြို့လယ်ကောင်နဲ့လည်း နီးတာကြောင့် ဒီပွဲကစည်ကားမယ်လို့မြင်ပါတယ်။ စာတမ်းဖတ်ပွဲကို တစ်ဖက်ကကျင်းပနေသလို စာအုပ်ဆိုင်တွေကလည်း စာအုပ်တွေကို ရောင်းချပေးနေမှာပါ”ဟုဆိုသည်။

မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေ ဖြန့်ချိသူအသင်း အလုပ်အမှုဆောင် ဦးနေမျိုးညွန့်က “စာအုပ်ဈေးရောင်းပွဲတော်တွေကျင်းပနိုင်သမျှ ကျင်းပနိုင်ရင် စာဖတ်သူတွေနဲ့ စာအုပ်ထုတ်ဝေသူတွေ ထိတွေ့မှုများလာပြီး စာအုပ် လုပ်ငန်းအတွက်သာမက စာဖတ်သူများပါ အကျိုးပြုနိုင်တယ်ဟု” ပြောသည်။

နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ဇူလိုင်လ တတိယပတ် (သို့မဟုတ်) စတုတ္ထပတ်တွင် ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

# မန္တလေးကျုံးပတ်လည်တွင် ပထမဆုံးအကြိမ် ကာတွန်းပြပွဲကျင်းပမည်

**မန္တလေး မေ ၂၈**
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ စီစဉ်သော အနာဂတ်မန္တလေးသစ်ဆီသို့ ကာတွန်းပြပွဲကို ကျုံးဘေးပတ်လည်တွင် ဇွန် ၇ ရက်မှ ၁၁ ရက်အထိ ငါးရက်ကြာ ပထမဆုံးအကြိမ် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့သူမြို့သားများသာမက မြန်မာတစ်နိုင်ငံလုံးရှိပြည်သူများ စည်းကမ်းလိုက်နာမှုနှင့် ပတ်သက်၍သိရှိနိုင်စေရန်ရည်ရွယ်ပြီး ပညာပေးကာတွန်းများဖြစ်သည့် အမှိုက်စွန့်ပစ်ခြင်း၊ ကွမ်းယာစားသုံးခြင်းနှင့် အခြားယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစသည်တို့ကို ကာတွန်းဆရာ ၃၀ ကျော်မှ တစ်ကွက်ကာတွန်းနှင့် အသိပညာပေးကာတွန်းပြပွဲအဖြစ် ကျုံးပတ်လည်တွင် အလှည့်ကျပြသသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ပြောကြားသည်။

"ကာတွန်းတစ်ကွက်ကြည့်လိုက်တာနဲ့ စည်းကမ်းပိုင်းအနေအထားနဲ့ လက်တွေ့ဖြစ်နေတဲ့ အခြေအနေတွေကို ၉၀ရာခိုင်နှုန်း သိသွားမယ်။ အကျိုးရှိပြီး ထိရောက်မယ့်ပြပွဲတစ်ခုဖြစ်မယ်လို့ ထင်ပါတယ်။ ကျုံးဘေးမှာ ဒီလိုကာတွန်းပြပွဲမျိုး အရင်ကမလုပ်ဖူးသေးဘူး။ အဓိကကတော့ မြို့သူမြို့သားတွေ စည်းကမ်းလိုက်နာမှုနဲ့ပတ်သက်ပြီး သိရှိနိုင်အောင် ပညာပေးပြသခြင်းဖြစ်ပါတယ်"ဟု ၎င်းကဆိုသည်။

အဆိုပါကာတွန်းပြပွဲတွင် သတင်းစာ၊ ဂျာနယ်စာမျက်နှာများတွင် ရေးဆွဲလျက်ရှိသည့် မန္တလေးအခြေစိုက်ကာတွန်းဆရာများပါဝင်မည်ဖြစ်ကာ တစ်ဦးလျှင် ငါးပုံပြသရန်စီစဉ်ထားပြီး လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အသိပညာပေးကာတွန်းများလည်း ပါဝင်မည်ဖြစ်ကြောင်း ကာတွန်းဆရာလေရှူးက ပြောကြားသည်။

"ကာတွန်းဆိုတာ မကောင်းတာတွေ၊ သူများအပြစ်တွေ လိုက်ပြောနေတာမဟုတ်ဘူး။ လိုအပ်တာတွေကို ဟာသအနေနဲ့ ထောက်ပြတာပါ။ အခုလို ကျုံးဘေးမှာပြမယ်ဆိုရင် ဝမ်းသာတယ်။ လွန်ခဲ့တဲ့ နှစ်၂၀လောက်ကတည်းက ပြစေချင်တယ်။ အခုစည်ပင်သာယာက တာဝန်ယူပေးမယ့် ကျုံးဘေးပြပွဲဟာ ပထမဆုံးဖြစ်လာပါလိမ့်မယ်။ ပွင့်ပွင့်လင်းလင်းရေးဖို့ခွင့်ပြုထားတဲ့အတွက် ပြည်သူကိုအသိပညာပေးမယ့် ကာတွန်းတွေရေးဆွဲကြမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။



"ကျုံးဘေးမှာ ကာတွန်းပြပွဲအဖြစ်ပြချင်လို့ အိပ်မက်မက်ခဲ့တာကြာပါပြီ။ လမ်းသွားလမ်းလာတွေနဲ့ဆိုတော့ ကြည့်မယ့်သူတွေ များမယ်လို့ထင်တယ်။ ကျွန်တော်တို့လည်း စည်းကမ်းရှိမယ်။ စည်ပင်ဝန်ထမ်းတွေမှာ:တာရှိလည်း သရော်လို့ရတာပေါ့။ ဘက်လိုက်ပြီးရေးတဲ့ကာတွန်းလည်း မဖြစ်စေရဘူး။ ဒီပွဲလေးကိုလာကြည့်စေချင်တယ်"ဟု ကာတွန်းဆရာအောင်မော်က ဖိတ်ခေါ် ပြောကြားသည်။

**(အောင်ရဲသွင်)**

# အိန္ဒိယ-ကော့ကရိတ်လမ်းအပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်း အကြိုလုပ်ငန်းများစတင်ဆောင်ရွက်

**ဘားအံ မေ ၂၈**
ကရင်ပြည်နယ်အတွင်း မဟာမဲခေါင်ဒေသခွဲ၏ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းအဖြစ် ၄၁ ဒသမ ၂၅ မိုင်ခန့် (၆၆ ဒသမ ၄ ကီလိုမီတာ) ရှိသော အိန္ဒိယ-ကော့ကရိတ် လမ်းကင်းသည့် ဒေသခံများ၏ ဥယျာဉ်ခြံမြေ၊ လယ်ယာများအတွက် လျော်ကြေးကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပွဲများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းအပိုင်း အဆင့်မြှင့်တင်ခြင်းသည် အာရှဖွံ့ဖြိုးရေးရန်ပုံငွေ အပြင် မော်တော်ဆိုင်ကယ်များသွားရန် သီးသန့်တည်ဆောက်ခြင်း၊ ကျုံဒိုးဆိပ်ကမ်းပတ်လမ်း တည်ဆောက်ခြင်း၊ လမ်းသွားလမ်းလာများနှင့်အနှေးယာဉ်များအတွက် လမ်းပခုံးတည်ဆောက်ခြင်း၊ အဆိုပါလမ်းပေါ်ရှိ ဂျိုင်း(ကော့ကရိတ်တံတား)အား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ချေးငွေထောက်ပံ့မှုဖြင့် ဂျိုင်းတံတား တည်ဆောက်ခြင်းများ



အပိုင်းအား ယာဉ်အမျိုးမျိုးအတွက် သင့်လျော်သော လမ်းအကျယ် ၅ ဒသမ ၅ မီတာရှိ နှစ်လမ်းသွားလမ်းမကြီးကို အာဆီယံ စံချိန်စံနှုန်းအဆင့်(၂) နှင့်အညီ ၂၀၁၆ ခုနှစ် စက်တင်ဘာလမှစတင်၍ ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ပြီးစီးအောင် အဆင့်မြှင့်တင်ဆောက်လုပ်သွားရန် လျာထားရာ ယခုလအတွင်း အကြိုလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အကြိုလုပ်ငန်းဆောင်ရွက်မှုများအဖြစ် မေ ၂၃ ရက်မှ စတင်၍ NGO/CSO အဖွဲ့များနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ သတင်းအဖွဲ့များ၊ မီဒီယာအဖွဲ့များ၊ မြို့နယ်ဖွံ့/ထောက်အဖွဲ့များနှင့်တွေ့ဆုံခြင်း၊ ဘားအံခရိုင်၊ ကော့ကရိတ်ခရိုင် ဒေသခံလူထုများနှင့်တွေ့ဆုံခြင်းများဆောင်ရွက်လျက်ရှိပြီး လမ်းနယ်နှင့်မလွတ်ချေးငွေ အမေရိကန်ဒေါ်လာ ၁၀၀၊ အာဆီယံအခြေခံအဆောက် အအုံရန်ပုံငွေချေးငွေ အမေရိကန် ဒေါ်လာ ၂၀၊ နိုင်ငံတော်အစိုးရမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂၂ ဒသမ ၈ သန်း လျာထားကုန်ကျမည်ဖြစ်သည်။

အိန္ဒိယ-ကော့ကရိတ်လမ်းအပိုင်း အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းစီမံကိန်းတွင် မြို့ရွာများအပြင်ဘက်တွင် တစ်နာရီလျှင် ၈၀ ကီလိုမီတာနှုန်းဖြင့် မောင်းနှင်နိုင်မည်ဖြစ်ပြီး ကျားကလေးနှင့်ဂျိုင်းကြား နှစ်စဉ်ရေနစ်မြုပ်ခြင်းမှ ရှောင်ရှားနိုင်ရန် ၁၈ ကီလိုမီတာလမ်းအပိုင်း တာပေါင်မြှင့်တင်ခြင်း၊ အိန္ဒိယ၊ ကော့ကဒိ၊ သာယာကုန်း၊ ကျုံဒိုးတို့တွင် လမ်းဆုံများကို အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ လမ်းကိုအန္တရာယ်ကင်းစွာအသုံးပြုနိုင်ရန် တိုးချဲ့ခြင်း၊ ကုန်တင်ယာဉ်များနှင့် လူစီးယာဉ်များပါဝင်မည်ဖြစ်သည်။

အဆိုပါလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းပြီးစီးပါက ထိုင်းနိုင်ငံနှင့်ဆက်သွယ်မှု တိုးတက်ကောင်းမွန်လာမည်ဖြစ်ပြီး ကရင်ပြည်နယ်အတွင်း ခရီးသွားလာချိန်လျော့နည်းစေ၍ စရိတ်သက်သာလာခြင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုမှကင်းဝေးခြင်း၊ လမ်းအန္တရာယ်ကင်းရှင်းခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပြီး ကုန်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များအတွက် ရာသီမရွေး၊ အချိန်မရွေး ဆက်သွယ်သွားလာနိုင်ကာ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုအထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(မြန်/ဆက်)**

# ထိုင်း-မြန်မာရေလမ်းကြောင်းထိန်းသိမ်းရေး ဆောင်ရွက်မည်

**မြဝတီ မေ ၂၈**
ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်ခြားကော်မတီ မြို့နယ်အဆင့် TBC အစည်းအဝေးကို မြဝတီမြို့ အေးချမ်းဖြိုးရိပ်သာတွင် မေ ၂၅ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြန်မာဘက်ခြမ်း အမှတ် ၅ ရပ်ကွက်၊ ထိုင်းဘက် ၁၀ ဂိတ်ဘက်ခြမ်း တပ်အာမ်ကျွန်း မြစ်ကမ်းထိန်းနံရံတည်ဆောက်နေမှု၊ မြန်မာဘက်ခြမ်း မင်းလက်ပံကျေးရွာအနီး မြစ်ကမ်းထိန်းနံရံတည်ဆောက်နေမှုကိစ္စ၊ ချစ်ကြည်ရေးတံတားအနီး သောင်ရင်းမြစ်အတွင်း ရေလယ်ကျွန်းကိစ္စ၊ နှစ်ပေါင်း ၃၀ အတွင်း သောင်ရင်းမြစ်ရေစီးဆင်းမှုကြောင့် ရေကြောင်းပြောင်းလဲသွားသည့်ကိစ္စရပ်များ၊ ချစ်ကြည်ရေးတံတားကြီးပေါ်တွင် ယခင်က တန် ၆၀အထိ ကားများ၊ ကုန်တင်ယာဉ်ကြီးများဖြတ်သန်းသွားလာခွင့်ပြုခဲ့သော်လည်း အဆိုပါတံတားကြီးမှာ ယခုအခါ နှစ်ရှည်ကြာလာသဖြင့် ခံနိုင်ရည်လျော့နည်းလာသည့်အတွက် ၂၅ တန်ခန့်သာ တင်ဆောင်ရန်နှင့် တန်ပိုတင်ဆောင်ခြင်းများ မပြုရေးကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရေးကိစ္စရပ်များနှင့် ကျန်းမာရေးကိစ္စများ၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးခဲ့ကြကြောင်း နယ်ခြားကော်မတီမှ သိရသည်။

အဆိုပါအခမ်းအနားသို့ မြန်မာဘက်မှ နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး မင်းမင်းလတ်နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဘက်မှ TBC ဥက္ကဋ္ဌ အမှတ် (၄) ဒေသဆိုင်ရာ ကွပ်ကဲရေးတပ်မှ ဗိုလ်မှူးကြီး ဆိုဖွန်နာမ်တစူဝမ်၊ ထိုင်းရဲမှူးကြီး ဆထီယမ်နှင့် စစ်ဘက်၊ နယ်ဘက်မှတာဝန်ရှိသူများ တက်ရောက်ကြပြီး အဆိုပါ အစည်းအဝေးသည် နှစ်နိုင်ငံနယ်ခြားကော်မတီ TBC အဖွဲ့၏ ၃၄ကြိမ်မြောက် တွေ့ဆုံမှုဖြစ်သည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**
❖

## ဖိတ်ခေါ်အပ်ပါသည်

ကြေးမုံသတင်းစာတွင် **"မျိုးဆက်သစ်ရင်ပြင်"**အထူးထုတ်စာမျက်နှာကို ဇွန်လ ဒုတိယပတ်မှစတင်၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးသွားရန် စာတည်းအဖွဲ့က စီစဉ်လျက်ရှိပါသည်။ အဆိုပါ အစီအစဉ်တွင် လူငယ်စာညွှန့်၊ လူငယ်စကားပြေ၊ လူငယ်အတွေး၊ လူငယ်ပုံပြင်၊ လူငယ်ကဗျာ၊ လူငယ်ကာတွန်း၊ လူငယ့်သိပ္ပံ၊ လူငယ့်နည်းပညာ စသည့် အကြောင်းအရာကဏ္ဍစုံတို့ကို ဖော်ပြပေးသွားရန် ရည်ရွယ်ထားပါသည်။

ထို့ကြောင့် အခြေခံပညာအဆင့်၊ အဆင့်မြင့်ပညာအဆင့်တို့သာမက ဘွဲ့လွန်၊ ပါရဂူအဆင့်ရှိ ကျောင်းသားကျောင်းသူ၊ လူငယ် လူရွယ်များအနေဖြင့် မိမိတို့ ကိုယ်တိုင်ရေးသားသည့် စာမူတွင် အမည်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်းအဆင့်နှင့် မိမိ၏သင့်လျော်ရာ ဓာတ်ပုံတစ်ပုံတို့ကို ပူးတွဲ၍ စာတည်း၊ ကြေးမုံသတင်းစာတိုက်၊ **"မျိုးဆက်သစ်ရင်ပြင်"** themirror.npt@gmail.com သို့ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ရွေးချယ်ခြင်းခံရသည့် စာမူများအတွက် စာမူခများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။

**(စာတည်းအဖွဲ့)**

### အထူးကုန်စည်ခွန်ဥပဒေနှင့် အခွန်အကောက်ဥပဒေရှင်းလင်းဆွေးနွေး

**မင်းလှ မေ ၂၈**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် အခွန်ဦးစီးဌာနမှ ကျင်းပသည့် အထူးကုန်စည်ခွန်ဥပဒေနှင့်၂၀၁၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေရှင်းလင်းဆွေးနွေးပွဲကို မေ၂၇ ရက် နံနက်ပိုင်းက မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ မကွေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မင်းက အထူးကုန်စည်ခွန်ဥပဒေနှင့်၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ကိုသက်(အထက်မင်းလှ)**



# အများပြည်သူ သွားလာရေးအခက်အခဲများအပေါ် ဖြေရှင်းရန် အများပိုင်ဘတ်စ်ကားစနစ် ဆောင်ရွက်မည်

**ရန်ကုန် မေ ၂၈**

ရန်ကုန်မြို့တွင် နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်ခံစားနေရသော အများပြည်သူသွားလာရေးဆိုင်ရာ အခက်အခဲများအပေါ် ဖြေရှင်းဆောင်ရွက်သွားရန်အတွက် လက်ရှိယာဉ်လိုင်းပေါင်းစုံ ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်လိုင်းများကို အများပိုင်ဘတ်စ်ကားစနစ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် လသာမြို့နယ် အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းဟန်၏ ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူ သွားလာရေးခက်ခဲနေမှုအပေါ် လွှတ်တော်သို့ မေးခွန်းမေးမြန်းထားမှုအား တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ခရီးသည်တင်ယာဉ်လိုင်းများကို အစိုးရဦးဆောင်သည့် အများပိုင်ယာဉ်လိုင်းများအဖြစ် ပြောင်းလဲပြေးဆွဲသွားမည်ဟု ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေ့စဉ် ဘတ်စ်ကားစီးခရီးသည်ပမာဏမှာ လူဦးရေ၏ ထက်ဝက်ခန့်ရှိပြီး ဘတ်စ်ကားစီးရေခြောက်ထောင်ကျော်အပေါ်တွင်သာ မှီခိုနေရကာ ၈၀ ရာခိုင်နှုန်းသောလူထုမှာ ဘတ်စ်ကားများကိုသာ အားထားစီးနင်းနေရသည်ဟု မြို့ပြရေးရာကျွမ်းကျင်သူများနှင့် JICA ၏ လေ့လာသုံးသပ်မှုများအရ သိရသည်။ မြို့တော်အတွင်း စာရင်းရှိဘတ်စ်ကားစီးရေမှာ ခြောက်ထောင်ကျော်ရှိသော်လည်း နေ့စဉ်ပုံမှန်ပြေးဆွဲနေသော ဘတ်စ်ကားစီးရေမှာ လေးထောင်ကျော်သာရှိသည်ဟု သိရသည်။ ဘတ်စ်ကားစီးရေနည်းပါးသော်လည်း ယာဉ်လိုင်းအရေအတွက်များပြားပြီး ယာဉ်လိုင်းငယ်ပေါင်း ၃၀၀ ကျော်ရှိကြောင်း မ ထ သ၏ စာရင်းများအရ သိရသည်။

ယင်းကြောင့် လိုင်းပေါင်းများပြားနေပြီး စနစ်မကျသော လမ်းကြောင်းဦးတည်ပြေးဆွဲနေမှုများအပေါ် စနစ်တကျဖြစ်စေရေးနှင့် အများပြည်သူသွားလာရေးနှင့် အများပြည်သူဝန်ဆောင်မှုကို အခြေပြုသော သယ်ယူပို့ဆောင်ရေးစနစ် ဖြစ်ပေါ်လာစေရေးအတွက် အစိုးရကဦးဆောင်ကာ ယာဉ်လိုင်းများအား အများပိုင်ယာဉ်လိုင်းများအဖြစ် ဖွဲ့စည်းဆောင်ရွက်သွားမည်ဟု တိုင်းဒေသကြီး အစိုးရအဖွဲ့က စီစဉ်နေခြင်းဖြစ်သည်။

ယင်းသို့ အစိုးရအဖွဲ့၏ အများပိုင်ဘတ်စ်ကားလိုင်းစနစ် ထူထောင်မှုအပေါ် လက်ရှိယာဉ်ပိုင်ရှင်များက လိုလားထောက်ခံလျက်ရှိသည်ဟု သိရပြီး ကောင်းမွန်သော ဝန်ဆောင်မှုများကို ပေးရန်အတွက်လည်း ကြိုတင်ပြင်ဆင်ထားသည်ဟု ၄၈ ယာဉ်လိုင်းမှ ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

"ကျွန်တော်တို့အနေနဲ့ကတော့ အများပိုင်ဘတ်စ်ကားလိုင်းစနစ်ကို လိုလားတယ်။ အခုလက်ရှိ အကောင်အထည်ဖော်နေတဲ့ ဘီအာရ်တီစနစ် ဘတ်စ်ကားလိုင်းပုံစံမျိုးကိုလည်း သဘောကျတယ်။ ဒါပေမယ့် ကျွန်တော်တို့ ကားတွေရဲ့အနေအထားနဲ့က ဘီအာရ်တီယာဉ်လိုင်းထဲကို ဝင်ဆွဲလို့မရဘူး။ ဘီအာရ်တီစနစ်က ကားအသစ်ဖြစ်ရမယ်။ ကားပုံစံကို တစ်ပြေးညီသတ်မှတ်ထားတယ်။ လက်ရှိကျွန်တော်တို့ရဲ့ကားတွေကိုလည်း အစိုးရက ဦးဆောင်ပြီး စနစ်တကျ ဖွဲ့စည်းပြီးတော့ အများပိုင်စနစ်ပုံစံမျိုး၊ လမ်းကြောင်းတွေကိုလည်း စနစ်တကျ ပုံဖော်ပေးတာမျိုးလုပ်သွားရင်တော့ အဆင်ပြေမယ်။ မ ထ သ လိုအဖွဲ့မျိုးတွေ မဟုတ်တော့ဘဲနဲ့ အများပိုင်ကုမ္ပဏီစနစ်နဲ့ ဝန်ဆောင်မှုပေးပြီး နောက်ပိုင်းမှာတော့ ဘီအာရ်တီစစ်စစ်ပုံစံမျိုးကို ပြောင်းလဲသွားသင့်တယ်"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးစနစ်တွင် ယခင်အစိုးရလက်ထက်ကဖွဲ့စည်းထူထောင်ပေးခဲ့သည့် ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီက ဘီအာရ်တီစနစ်ဖြင့် သီးသန့်ဘတ်စ်ကားလိုင်းကို ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းတို့တွင် ယာဉ်စီးရေ ၄၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိပြီး ယခုလနှင့် ဇွန်လတွင် ရောက်ရှိလာမည့် ယာဉ်စီးရေ ၂၀ ကို အဆိုပါလမ်းကြောင်းနှစ်ခုတွင် ထပ်မံတိုးချဲ့ပြေးဆွဲသွားမည်ဟု သိရသည်။

အဆိုပါ အများပိုင်ကုမ္ပဏီ ဘတ်စ်ကားပြေးဆွဲမှုစနစ်ကို နိုင်ငံတော်မှ ငွေကျပ် ၁၁ ဘီလီယံ မတည်ပေးခဲ့ပြီး ပုဂ္ဂလိကလုပ်ငန်းရှင် ခြောက်ဦး၏ ကျပ်သိန်းငါးထောင်စီနှင့် အများပြည်သူ၏ အစုရှယ်ယာထည့်ဝင်ငွေကျပ် တစ်ဘီလီယံကျော်တို့ဖြင့် ထူထောင်ကာ ယခုနှစ် ဖေဖော်ဝါရီ ၇ ရက်က စတင်ပြေးဆွဲခဲ့ခြင်းဖြစ်ပြီး ကတ်စနစ်ဖြင့် ငွေပေးချေမှုစနစ်ကျင့်သုံးကာ ယာဉ်စီးခအနေဖြင့် ပုံသေကျပ် ၃၀၀ နှုန်းဖြစ်ကြောင်း သိရသည်။

**(ဆုနှင်းလဲ့)**

## မနက်ဖြန်ညနေအထိ ခန့်မှန်းချက်

(၂၈-၅-၂၀၁၆)

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

# လယ်ဝေးမြို့နယ်တွင် တောင်သူပိုင်လယ်ယာသုံး စက်ကိရိယာများ ကွင်းဆင်းပြုပြင်ပေး

**နေပြည်တော် မေ ၂၈**

နေပြည်တော် လယ်ဝေးမြို့နယ်တွင် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၇) စက်မှုလယ်ယာစခန်းမှ ဝန်ထမ်းများနှင့် စက်မှုလယ်ယာစက်ပြင်ဝန်ထမ်းများသည် တောင်သူပိုင်လယ်ယာသုံးစက်ကိရိယာများ မိုးသီးနှံအချိန်မီ စက်စွမ်းအားပြည့် လုပ်ငန်းခွင်ဝင်ရောက်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာများသို့ ကွင်းဆင်း၍ စက်ကိရိယာပြင်ဆင်ရေးလုပ်ငန်းများကို မေ ၂၆ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ခြင်းကို လယ်ဝေးမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု ဇီးဖြူကုန်းကျေးရွာတွင် စက်ကိရိယာပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် လိုအပ်သောစက်အပိုပစ္စည်းအချို့အား ဌာနမှပံ့ပိုးကူညီပြင်ဆင်ဆောင်ရွက်လျက်ရှိရာ နေပြည်တော်စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများက လှည့်လည်ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ထွန်းထွန်းဝင်း)**



# ကော့သောင်းမြို့တွင် ခြောက်ခန်းတွဲအိမ်တန်းလျား မြေထိန်းနံရံပိ၍ ပြိုကျမှုဖြစ်ပွား

**ကော့သောင်း မေ ၂၈**

ကော့သောင်းမြို့တွင် ယခုရက်ပိုင်းအတွင်း အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မေ ၂၄ ရက် ညနေ ၅ နာရီက ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက်ရှိ ဦးထွန်းမြိုင်၏ ခြောက်ခန်းတွဲအိမ်တန်းလျားတစ်ဆောင် မြေထိန်းနံရံပိ၍ ပြိုကျမှုဖြစ်ခဲ့သည်။

ပြိုကျသည့်အိမ်တန်းလျားတွင် တစ်လသားကျော်မှ (၁၁) နှစ်အရွယ်အထိ ကလေးရှစ်ဦးခန့်နေထိုင်လျက်ရှိပြီး ခြောက်ခန်းတွဲတွင် အလယ်လေးခန်း အနောက်ဘက် ပြိုကျခဲ့ခြင်းဖြစ်သည်။ နေထိုင်သည့်မိသားစုများ အသက်အန္တရာယ်ထိခိုက်မှုမရှိဘဲ အမိကမီးဖိုချောင်သုံးပစ္စည်းများ မြေပိခံခဲ့ရ၍ စားသောက်ချက်ပြုတ်ရန် အခက်အခဲရှိနေသဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အဝတ်အထည်၊ ဆပ်ပြာ၊ မျက်နှာသုတ်ပဝါနှင့် အိမ်သုံးပစ္စည်းများ လာရောက်ကူညီပေးအပ်ခဲ့သည်။

မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ပရဟိတအဖွဲ့များက အပျက်အစီးများအား ရှင်းလင်းဖယ်ရှားပေးခြင်းလုပ်ငန်းများကို လာရောက်ဆောင်ရွက်ပေးခဲ့ပြီး ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည့်ကူညီမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြေပြိုမှုဖြစ်ပွားရာအနီးအနားရှိ အန္တရာယ်ထပ်မံဖြစ်ပေါ်လာနိုင်သည့် နေအိမ်များမှ မိသားစုများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းနေရာချထားပေးခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ကျန်းမာရေးဆိုင်ရာအချက်အလက်နှင့် အကြံဉာဏ်များဆိုင်ရာ မိုဘိုင်းအပလီကေးရှင်းသစ် ထွက်ရှိ

**ရန်ကုန် မေ ၂၈**

တယ်လီနောမြန်မာက ကျန်းမာရေးဆိုင်ရာ မိုဘိုင်းအပလီကေးရှင်းသစ်တစ်ခုဖြစ်သော Mate ၂ ဒသမ ၀ ဗားရှင်းကို ယနေ့ စတင်မိတ်ဆက်လိုက်ကြောင်း သိရသည်။ အဆိုပါ ဗားရှင်းအသစ်တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေးစောင့်ရှောက်နည်းများအပြင် သားသမီးရယူမှုအစီအမံနှင့် ခေတ်မီသားဆက်ခြားနည်းလမ်းများ၊ လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ၊ သားအိမ်ခေါင်းကင်ဆာနှင့် လိင်နှင့်မျိုးဆက်ပွားကျန်းမာရေး အကြောင်းအရာများကိုပါ ထည့်သွင်းထားကြောင်း သိရသည်။

မြန်မာနိုင်ငံလူဦးရေ သန်း၅၀ ကျော်အနက် ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ယင်းတို့အနက် အများစုသည် ကျန်းမာရေးဝန်ဆောင်မှုများနှင့် ကျန်းမာရေးဆိုင်ရာအချက်အလက်များကို ရယူရန် အခက်အခဲရှိကြကြောင်းသိရသည်။ မြန်မာနိုင်ငံ၏ ကျန်းမာရေး လုပ်သားအချိုး (လူဦးရေတစ်ထောင်အတွက် အချိုး)မှာလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံညွှန်းဖြစ်သော ၂ ဒသမ ၃ ဦးအောက်သာ ရှိနေသေးကြောင်းသိရသည်။

တယ်လီနောလူမှုအကျိုးပြုဌာန ခေတ္တတာဝန်ခံ ဒေါ်ခင်ပြည့်ဝန်းသော်တာက "တယ်လီနောရဲ့ မိုဘိုင်းကွန်ရက်ကြောင့် ကျန်းမာရေးဝန်ဆောင်မှု အချက်အလက်တွေကိုရယူဖို့ လက်လှမ်းမမီတဲ့သူတွေ၊ အိမ်ထောင်စုတွေအနေနဲ့ပါ အချက်အလက်သစ်တွေတိုးထားပြီး ဒီအပလီကေးရှင်းကနေ လိုအပ်တဲ့ကျန်းမာရေးဆိုင်ရာ အကြံဉာဏ်တွေကို ရယူနိုင်မှာဖြစ်ပါတယ်" ဟုပြောသည်။

ကျန်းမာရေးစောင့်ရှောက်မှု အချက်အလက်များ ရယူရန် Mate ကို တယ်လီနော Mobil Portal နှင့် Google Play store နှင့် http:// bit.ly/mate.mmတို့တွင် တိုက်ရိုက်အခမဲ့ရယူနိုင်ပြီး လက်ရှိတွင် ကူးယူမှုအကြိမ်ပေါင်း ၁၈၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း၊ ယခုအပလီကေးရှင်းကို Marie Stopes Myanmar နှင့် ပူးပေါင်းဆောင်ရွက်ထားခြင်းဖြစ်ကြောင်းနှင့် ယင်း၏ ဆေးကုသခန်း ၃၀ တွင် ယခုအပလီကေးရှင်းကို ထည့်သွင်းအသုံးပြုထားကြောင်း သိရသည်။

**(ဟိန်းစွမ်းသူ)**

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် စက်မှုမြို့ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီနှင့် စက်မှုလုပ်ငန်းရှင်များက လှိုင်သာယာမြို့နယ်အတွင်း ချို့တဲ့ကျောင်းသားကျောင်းသူများအား မျှဝေထောက်ပံ့ခြင်း အခမ်းအနားကို မေ ၂၈ ရက် နံနက်ပိုင်းက စက်မှုဇုန်(၁) ကနောင်ခန်းမ၌ ကျင်းပရာ လှိုင်သာယာမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေးဘိုထံ စက်မှုမြို့စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်မင်းအောင်က မျှဝေအလှူငွေ ကျပ် ၂၂၅ သိန်းအား ပေးအပ်လှူဒါန်းစဉ်။ **(၃၂၉)**






# ချန်ဂင်နှင့် ဂွန်စောတို့ကို ပူးတွဲရှုစားကြရမည့် Saimdang, the Herstory ဇာတ်ကားသစ်

မြန်မာရုပ်ရှင်ပရိသတ်အနေဖြင့် ချန်ဂင်ဟု လူသိများသည့် တောင်ကိုရီးယားရုပ်ရှင်မင်းသမီး လီယောင်အေးနှင့် ဂွန်စောဟု လူသိများသည့် မင်းသားဆောင်းဆန်ဟွန်းတို့ ခေါင်းဆောင်ပါဝင်ထားသည့် Saimdang, the Herstory ဇာတ်ကားသစ်ကို မကြာမီတွင် တောင်ကိုရီးယားရုပ်သံလိုင်းတစ်ခုဖြစ်သည့် အက်စ်ဘီအက်စ်ရုပ်သံလိုင်း၌ စနေ၊ တနင်္ဂနွေရက်များတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား၏ ထုတ်လုပ်ရေးကုမ္ပဏီမှ ပြောကြားချက်အရ ယင်းဇာတ်ကားကို အောက်တိုဘာလခန့်တွင် စတင်ပြသသွားရန်စီစဉ်လျက်ရှိပြီး ဇာတ်ကား၏ ရိုက်ကူးရေးလုပ်ငန်း အားလုံးနီးပါးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

Saimdang, the Herstory ဇာတ်ကားသည် ထူးချွန်ထက်မြက်သည့် ပန်းချီဆရာတစ်ဦးနှင့် သူ၏ရာသက်ပန်ချစ်သူဟု သတ်မှတ်ထားသည့် ကောင်မလေးတစ်ယောက်အကြား ချစ်ခြင်းသံယောဇဉ်ကို ဖော်ကျူးထားသည့် အချစ်ဒရမ်မာဇာတ်ကားတစ်ကားဖြစ်ကာ ယင်းဇာတ်ကားကို တရုတ်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့တွင် တစ်ပြိုင်နက်တည်း စတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းသားဆောင်းဆန်ဟွန်းအနေဖြင့် ယခုနှစ်အတွင်း ဖြန့်ချိပြသမည့် The Bombing အမည်ရှိ တရုတ်အက်ရှင်ဇာတ်ကားတွင် ဟောလိဝုဒ်အက်ရှင်မင်းသားကြီး ဘရုစ်ဝီလ်၊ နီကိုးလပ်စ်စီနှင့် တရုတ်မင်းသား Liu Ye တို့နှင့်အတူ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

# ဒန်နီယယ်ခရေ့ဂ်ျအနေဖြင့် ဂျိမ်းစ်ဘွန်းအဖြစ် ဆက်လက်ပါဝင်ရန် စဉ်းစားနေဆဲဖြစ်




ပင်တိုင်ဂျိမ်းစ်ဘွန်းမင်းသား ဒန်နီယယ်ခရေ့ဂ်ျအနေဖြင့် အသစ်ထွက်ရှိလာမည့် ဂျိမ်းစ်ဘွန်းဇာတ်ကားများတွင် ဆက်လက်ပါဝင်ဖြစ်၊ မဖြစ်ကို စဉ်းစားနေဆဲသာဖြစ်ပြီး ၎င်းအနေဖြင့် လက်လျှော့ခဲ့ပါက ခရေ့ဂ်ျနေရာတွင် အခြားသော သရုပ်ဆောင်များကို အစားထိုးရန်လည်း စဉ်းစားပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် မကြာခင်က X-Files ဇာတ်ကားများမှ ပင်တိုင်မင်းသမီး ဂျီလီယန်အန်ဒါဆန်က ဂျိန်းစ်ဘွန်းအဖြစ် ပါဝင်သရုပ်ဆောင်မည်ဆိုသော သတင်းစကားများထွက်ပေါ်ခဲ့ရာ အကယ်၍ ထိုသတင်းများမှန်ကန်ခဲ့ပါက ဂျီလီယန်သည် ပထမဆုံးသော အမျိုးသမီးဂျိမ်းစ်ဘွန်းသရုပ်ဆောင်ဖြစ်လာမည်ဖြစ်သည်။

ဂျိမ်းစ်ဘွန်းမင်းသားအဖြစ် ပင်တိုင်သရုပ်ဆောင်လာခဲ့သူ ဒန်နီယယ်ခရေ့ဂ်ျက မကြာခင်အသစ်ထွက်ရှိလာမည့် Logan Lucky အက်ရှင်ဇာတ်ကား မင်းသမီးကက်သရင်းဟိုက်ဂယ်နှင့်အတူ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

Deadline သတင်းဌာန၏ သတင်းဖော်ပြချက်အရ ၎င်းတို့နှစ်ဦးသည် အဆိုပါ ဇာတ်ကားရိုက်ကူးရန်အတွက် အစစအရာရာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် အကြိုရိုက်ကူးရေးလုပ်ငန်းများကို မကြာမီ စတင်တော့မည်ဖြစ်ကြောင်း သိရသည်။

မျိုးစန္ဒာမောင် ရေးသားသည်

# တရုတ်ဂီတလောကတွင်လည်း ရေပန်းစားအောင်မြင်နေသူ ရိန်း

သရုပ်ဆောင်လောကတွင်ရော ဂီတလောကတွင်ပါ ပရိသတ်များအား အပြည့်အဝဆွဲဆောင်နိုင်ပြီး အောင်မြင်မှုများရရှိနေသူ တောင်ကိုရီးယားအနုပညာကြယ်ပွင့် ရိန်း၏ မေ ၂၈ ရက်က ထွက်ရှိခဲ့သည့် La Song အမည်ရှိတေးသီချင်းသည် တရုတ်နိုင်ငံ၏ QQ Music Chart တွင် နံပတ်တစ်အဖြစ် ထိပ်ဆုံးမှရပ်တည်နေကြောင်း ၎င်း၏အေဂျင်စီမှ ထုတ်ပြန်ချက်အရ သိရသည်။

ထို့အပြင် ရိန်းသည် တရုတ်နိုင်ငံ၏ လူမှုကွန်ရက်စာမျက်နှာများတွင် ရှာဖွေမှုအများဆုံးသော အနုပညာရှင်တစ်ဦးလည်းဖြစ်လာပြီး QQ Music Chart တွင်လည်း အအောင်မြင်ဆုံး အနုပညာရှင်တစ်ဦးအဖြစ် ရပ်တည်လျက်ရှိနေသည်။

လက်ရှိတွင် ရိန်းအနေဖြင့် ၎င်း၏ဂီတဖျော်ဖြေပွဲများအတွက် မလေးရှားနိုင်ငံ ကွာလာလမ်ပူနှင့် ဂျပန်နိုင်ငံ တိုကျိုမြို့တို့သို့ သွားရောက်ဖျော်ဖြေခဲ့ပြီး လာမည့် ဇွန် ၄ ရက်တွင် မကာအိုနှင့် ဇွန် ၁၈ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့တို့သို့ သွားရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

"ချစ်စံအိမ်" ကိုရီးယားအချစ်ဒရမ်မာဇာတ်ကားဖြင့် မြန်မာရုပ်ရှင်ပရိသတ်ရင်ထဲသို့ ရောက်ရှိလာခဲ့သူ ရိန်း၏ဂီတလှုပ်ရှားမှုများအနေဖြင့် ကိုရီးယားဗားရှင်းဖြင့် အယ်လ်ဘမ်ခြောက်ခု၊ ဂျပန်ဗားရှင်းဖြင့် အယ်လ်ဘမ်တစ်ခုအပါအဝင် အယ်လ်ဘမ်ပေါင်း ၂၈ ခုနှင့် ယခုလက်ရှိတွင်လည်း ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ဂီတဖျော်ဖြေပွဲများကို ကျင်းပလျက်ရှိသည်။



# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၉- ၅ -၂၀၁၆ (တနင်္ဂနွေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား New Channel

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော် |
| ၇း၃၅ | Bussiness News |
| ၈း၃၅ | "ပြည်သူ့အတွက် ပထမရက် (၁၀၀)" (ပြည်ထဲရေးဝန်ကြီးဌာန) |
| ၉း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၉း၅၀ | ကဗျာရိပ်မြုံ "မြန်မာ့ကျောင်းသူ" |
| ၁၀း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၁၁း၁၅ | ဂီတတံခါးလေးဖွင့်ပါဦး |
| ၁၂း၅၀ | ဖြူ/မည်းရုပ်ရှင် "ချစ်သူရွေးမယ် ချစ်ဝဲလယ်" (ဝင်းဦး၊ မြင့်မြင့်ခင်၊ တင်တင်နွဲ့၊ မြင့်မြင့်ခိုင်၊ စမ်းစမ်းအေး၊ နွဲ့နွဲ့မူ၊ ချိုပြုံး၊ စန္ဒာ) (ဒါရိုက်တာ-ဝင်းဦး) |
| ၄း၃၅ | "traffic" (an mtv exit special) (ဖြူဖြူကျော်သိန်း) |
| ၅း၃၅ | "ကြိုတင်ကာကွယ်ကြက်ငှက်တုပ်ကွေးအန္တရာယ်" |
| ၅း၄၅ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ပရော်ဖက်ဆာဒေါက်တာ ဆိတ်ဖွား" |
| ၆း၃၀ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၇း၁၅ | "ရင်တွင်းရေးပြဿနာ" (အပိုင်း-၁၁) (နိုင်းနိုင်း၊ သင်ဇာဝင့်ကျော်၊ နန်းမြတ်ဖြိုးသင်း) (ဒါရိုက်တာ-ဟိန်းစိုး) |
| ၈း၀၀ | ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | "ပြည်သူ့အတွက် ပထမရက် (၁၀၀)" (ပညာရေးဝန်ကြီးဌာန) |
| ၉း၀၀ | ပြည်တွင်းသတင်း -"မျိုးစေ့" |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် -မိုးလေဝသအစီအစဉ် -ကျောက်ဆည်ဆင်အက |
| ၆း၃၀ | -တေးဂီတအစီအစဉ် |
| ၆း၅၀ | မြန်မာဗီဒီယိုဇာတ်လမ်း "အချစ်ကိုပေးခဲ့သည်" |
| ၉း၁၀ | တေးဂီတအစီအစဉ် |
| ၉း၃၀ | စာရေးဆရာ ချစ်ဦးညို (အပိုင်း-၂) |
| ၁၀း၀၀ | မြန်မာရုပ်ရှင် "အချစ်သည်လေပြေ" |
| ၁၂း၀၀ | အစီအစဉ်ပြီး၏ |

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

## MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၄၀ | "ဝိဓူရ ပညာရှိအကြောင်း" (အပိုင်း-၁)တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ) |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၇၆) |
| ၇း၃၀ | MRTV-4 သတင်း |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (MNZ Bill Counter & Safe အထူးဈေးရောင်းပွဲတော်) |
| ၈း၀၀ | Cartoon Series (Go Go Giggles) |
| ၈း၅၀ | Weekly Sports Diary |
| ၉း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၃) |
| ၁၀း၁၅ | ခေတ်သစ်ပျိုမေ |
| ၁၁း၀၀ | Star တို့ရဲ့လက်ရာ |
| ၁၁း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၈၇+၈၈) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ရမ္မက်လွန်ပန်းတစ်ပွင့် (အပိုင်း-၁)] |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၇၆) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV- 4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၇၇) |
| ၇း၂၀ | Fashion Week |
| ၇း၄၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ရမ္မက်လွန်ပန်းတစ်ပွင့် (အပိုင်း-၂)] |
| ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၄) |
| ၉း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၈၉+၉၀) |
| ၂း၅၀ | Weekly Sports Diary |
| ၃း၂၅ | MRTV-4 Stage |
| ၃း၅၅ | World of Knowledge (Dog Whisperer London Calling) |

## MWD

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၅ | မေတ္တာပို့ |
| ၇း၂၅ | ဓမ္မပူဇာတေး |
| ၇း၃၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၈း၁၅ | စိုက်ပျိုးသုတ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | ပျော်ရွှင်လေ့လာနွေရာသီမှာ |
| ၉း၁၀ | World Wide Web |
| ၉း၂၅ | စာပေအလင်းစာပေသတင်း |
| ၁၀း၀၀ | တစ်ပတ်အတွင်းအားကစားသတင်း |
| ၁၀း၂၀ | Guide For You |
| ၁၀း၄၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၁း၀၀ | English For Myanmar |
| ၁၁း၁၅ | Lucky Door |
| ၁၂း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဘဝရဲ့မီးအိမ်ရှင် |
| ၁း၁၉ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာအသချေ်(အပိုင်း-၆၅) |
| ၂း၃၀ | အိမ်ရှင်မတို့ရဲ့အချစ်ဆုံး |
| ၄း၀၉ | မျိုးချစ်တပ်မတော် |
| ၄း၂၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၄း၃၅ | ပျိုပျိုမေ |
| ၄း၅၀ | Run & Cook |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖေဖေကြီးကိုချစ်တယ် (အပိုင်း-၂၅) |
| ၅း၄၅ | ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း |
| ၆း၁၀ | ဘဝကြေးမုံ |
| ၆း၃၅ | လူစွန့်စားခရီးသွားနေသည် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ (အပိုင်း-၃၅) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -ပဟေဠိနန်းတော် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အနားမညီတြိဂံ" (အပိုင်း-၂) |

# မြေစေးကွင်းဘုရင် နာဒဲလ် ဒဏ်ရာကြောင့် ပြင်သစ်အိုးပင်းမှ နုတ်ထွက်ခဲ့ရ



မြေစေးကွင်းဘုရင် ရာဖေးလ်နာဒဲလ်မှာ ခါးဒဏ်ရာကြောင့် လက်ရှိကျင်းပလျက်ရှိသည့် ပြင်သစ်အိုးပင်းပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ နာဒဲလ်မှာ ယခုနှစ် ပြင်သစ်အိုးပင်းတွင် ပုံစံကောင်းတစ်ရပ်ပြသကာ တတိယပတ်လည်ပြိုင်ပွဲတွင် ဖာကန်ဒို ဘက်နစ်အား သုံးပွဲပြတ်ဖြင့် အနိုင်ရအောင် ကစားနိုင်ခဲ့သော်လည်း ထပ်ပိုးဒဏ်ရာ ရရှိမည်ကို စိုးရိမ်သဖြင့် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော် မနေ့က ဆေးထိုးပြီး ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပေမယ့် မနေ့က ညနေကစပြီး ပိုပြီးနာလာခဲ့တယ်။ ဒီနေ့ဆို ကျွန်တော့်ခါးလှုပ်မရဘူးလို့တောင် ခံစားရတယ်"ဟု သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားလိုက်သည်။

နာဒဲလ်မှာ ဂရင်းစလင်း ၁၄ကြိမ်အထိ ရယူထားနိုင်သည့် ကစားသမားဖြစ်ပြီး ယင်းအနက်မှ ကိုးကြိမ်မှာ ပြင်သစ်အိုးပင်းတွင် ဗိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်ရာ ၎င်းအား တင်းနစ်လောကက မြေစေးကွင်းဘုရင်အဖြစ် သတ်မှတ်ထားသည်။ ပြင်သစ်အိုးပင်းမှာ ဂရင်းစလင်းဖလားလေးကြိမ်( ဩစတြေးလျအိုးပင်း၊ ပြင်သစ်အိုးပင်း၊ ဝင်ဘယ်လ်ဒန်အိုးပင်း၊ ယူအက်စ်အိုးပင်း) တစ်ခုအပါအဝင်ဖြစ်ပြီး တင်းနစ်လောကတွင် ဂုဏ်သိက္ခာအကြီးဆုံး ဖလားတစ်လုံးလည်းဖြစ်သည်။ ၂၀၁၆ ခုနှစ် ပြင်သစ်အိုးပင်းပြိုင်ပွဲကို မေ၁၆ ရက်မှ ဇွန်၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

## ရက်ရှ်ဖို့ဒ်အား လက်ရွေးစင်အသင်းအတွက် ခေါ်ယူမှု မှန်ကန်ကြောင်း သက်သေထူနိုင်ခဲ့တဲ့ ရွိုင်းဟော့ဂ်ဆန်



ဆယ်ကျော်သက်အရွယ် မန်ယူလူငယ်ကစားသမား မားကပ်စ်ရက်ရှ်ဖို့ဒ်ကို အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ရွေးချယ်တာက အချိန်စောလွန်းနေသေးသလို အသင်းခေါင်းဆောင် ရွန်းနီနေရာပျောက်စေတဲ့ ကိစ္စရပ်လည်း ဖြစ်တယ်လို့ မီဒီယာတွေက အသားပေး ဖော်ပြခဲ့ကြပါတယ်။ ဒါပေမယ့် ဩစတြေးလျအသင်းနဲ့ ယူရို-၂၀၁၆ ပွဲကြို ခြေစမ်းတဲ့ပွဲမှာ ရက်ရှ်ဖို့ဒ်ဟာ သူ့ရဲ့လက်ရွေးစင်ကစားသမားဘဝ ပွဲဦးထွက် ကစားပြီး ၁၂၈ စက္ကန့်( ၂ မိနစ်သာသာ) အကြာမှာပဲ ဂိုးသွင်းယူနိုင်ခဲ့လို့ ဝေဖန်မှုတွေကို နှုတ်ဆိတ်သွားစေခဲ့ပါတယ်။

ရက်ရှ်ဖို့ဒ်ဟာ မန်ယူတိုက်စစ်ကစားသမားတွေဖြစ်တဲ့ ရွန်းနီ၊ မာရှယ်လ်တို့ ဒဏ်ရာရရှိနေချိန် ပွဲကျပ်ကာလတွေမှာ အာဆင်နယ်၊ မန်စီးတီးတို့လို အသင်းကြီးတွေဘက်ကို အနိုင်ဂိုးသွင်းပြီး ခြေစွမ်းကောင်းပြသခဲ့သူပါ။ ဒါကြောင့်လည်း ယူရိုပြိုင်ပွဲအတွက် ဒဏ်ရာပြဿနာကြုံတွေ့နေရတဲ့ ဝဲလ်ဘတ်နေရာမှာ ရက်ရှ်ဖို့ဒ်ကို ရွိုင်းဟော့ဂ်ဆန်က ထည့်သွင်းရွေးချယ်ခဲ့တာပါ။

ရက်ရှ်ဖို့ဒ်အပြင် တိုက်စစ်နေရာအတွက် ဟယ်ရီကိန်း၊ ဗာဒီ၊ ရွန်းနီ၊ စတာရစ်ချ်တို့ကို ရွေးချယ်ခဲ့တာကြောင့် ဒီလူစာရင်းအပေါ် ဝေဖန်မှုတွေရှိခဲ့ခြင်းဖြစ်ပါတယ်။ ရက်ရှ်ဖို့ဒ်ကို ခေါ်ယူခြင်းက ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဝဲလ်ကော့ကို ရွေးချယ်တဲ့အဖြစ်နဲ့ အတူတူပဲဖြစ်တယ်လို့ ထင်မြင်ယူဆခဲ့ကြပါတယ်။ နည်းပြအဲရစ်ဆင်ဟာ ဝဲလ်ကော့ကို လက်ရွေးစင်အသင်းအတွက် ခေါ်ယူခဲ့ပေမယ့် ပြိုင်ပွဲတစ်လျှောက် အသုံးပြုခဲ့ခြင်းမရှိခဲ့တာဖြစ်ပါတယ်။

## ဘိုင်ယန်မြူးနစ်သို့ အိုဇေးလ်ပြောင်းရွှေ့မည်ကို အာဆင်နယ် စိုးရိမ်



ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် အာဆင်နယ်နှင့်သက်တမ်းတိုးရန် ညှိနှိုင်း၍ မရသေးသည့် အိုဇေးလ်အား ခေါ်ယူရန် ချိတ်ဆက်နေသဖြင့် အာဆင်နယ်အသင်းတာဝန်ရှိသူများ၏ စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။ အိုဇေးလ်က ယူရို-၂၀၁၆ ပြိုင်ပွဲပြီးဆုံးပြီးမှသာ အပြောင်းအရွှေ့ကိစ္စရပ်များကို စဉ်းစားသွားမည်ဟု တုံ့ပြန်ခဲ့ကြောင်း The Sun သတင်းစာက ဖော်ပြသည်။

သို့သော် အိုဇေးလ်က သူ၏ ကစားသမားဘဝ အကောင်းဆုံး အချိန်များကို အာဆင်နယ်တွင်သာ ကုန်ဆုံးသွားမည်ကို စိုးရိမ်နေပြီး တခြားတစ်ဖက်တွင်လည်း အာဆင်နယ်၏ ဖလားလက်မဲ့ အနေအထားအပေါ် စိတ်ပျက်နေကြောင်း သိရသည်။ အဆိုပါ ဂျာမနီလက်ရွေးစင် ကစားသမားမှာ ၂၀၁၃ခုနှစ်တွင် ရီးယဲလ်မက်ဒရစ်မှ အာဆင်နယ်သို့ စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၄၂ဒသမ၅သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

မေလဲ့သင်း-စုစည်းသည်

# ယူရို-၂၀၁၆အကြောင်း သိကောင်းစရာများ

**အခုလို ဥရောပတိုက်ရဲ့ အမြင့်ဆုံး ပြိုင်ပွဲကြီးဖြစ်တဲ့ ယူရို-၂၀၁၆ပြိုင်ပွဲကြီး ကျင်းပဖို့ နီးကပ်လာချိန်မှာ ဒီဖလားနဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တဲ့ အချက်အလက်အချို့ကို ထုတ်နုတ်တင်ပြလိုပါတယ်။ လေးနှစ်မှ တစ်ကြိမ် ကျင်းပတဲ့ ယူရိုဖလားပြိုင်ပွဲတွေကို ကျင်းပပြီးစီးခဲ့တဲ့ ယူရို-၂၀၁၂အထိ ပြိုင်ပွဲဝင်အသင်း ၁၆သင်းနဲ့ ကျင်းပခဲ့ပေမယ့် အခုယူရို-၂၀၁၆က စတင်ကာ ပြိုင်ပွဲဝင်အရေအတွက် ရှစ်သင်းတိုးမြင့်ကာ၂၄ သင်းဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ပြိုင်ပွဲဝင်အရေအတွက် တိုးမြင့်လာခြင်းနဲ့အတူ ပြိုင်ပွဲကာလလည်း ပိုမို ကြာရှည်လာပြီး တစ်လတာ( ဇွန် ၁၀ ရက်မှ ဇူလိုင် ၁၀ ရက်) ကြာမြင့်မှာ ဖြစ်ပါတယ်။**




**ဘယ်အသင်းတွေ ဝင်ရောက်ယှဉ်ပြိုင်မှာလဲ**

ယူရို-၂၀၁၆အိမ်ရှင် ပြင်သစ်အသင်းကတော့ ခြေစစ်ပွဲဝင်စရာမလိုပေမယ့် ကျန်၂၃ သင်းကတော့ အကြိတ်အနယ် ယှဉ်ပြိုင်ပြီးမှ ပြင်သစ်မြေကို ခြေချခွင့်ရခဲ့တာဖြစ်ပါတယ်။ ဒီအသင်းတွေကတော့ အယ်လ်ဘေးနီးယား၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ ခရိုအေးရှား၊ ချက်၊ အင်္ဂလန်၊ ပြင်သစ် (အိမ်ရှင်)၊ ဂျာမနီ၊ ဟန်ဂေရီ၊ အိုက်စ်လန်၊ အီတလီ၊ မြောက်အိုင်ယာလန်၊ပိုလန်၊ ပေါ်တူဂီ၊ အိုင်ယာလန်၊ ရိုမေးနီးယား၊ ရုရှား၊ ဆလိုဗက်ကီးယား၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ တူရကီ၊ ဝေလနဲ့ ယူကရိန်းတို့ပဲ ဖြစ်ပါတယ်။

**ယူရိုပြိုင်ပွဲကျင်းပမည့် ကစားကွင်းများ**

ယူရိုပြိုင်ပွဲကို ပြင်သစ်နိုင်ငံရဲ့ မြို့ကြီး ၁၀ မြို့မှာရှိတဲ့ ကွင်းကြီး ၁၀ ကွင်းမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။



| ကွင်းအမည် | တည်ရှိရာမြို့ | ဝင်ဆံ့သည့်ပရိသတ်ဦးရေ |
|---|---|---|
| စတိတ်ဒီဘော်ဒိုး | ဘော်ဒိုး | ၄၂၀၀၀ |
| စတိတ်ဒီဘော့လာ့ဒ်ဒီလစ် | လန်းစ် | ၃၅၀၀၀ |
| စတိတ်ဒီပီရာမူဝါ | လိုင်လီမက်ထရိုပိုး | ၅၀၁၀၀ |
| စတိတ်ဒီ ဒီလိုင်ယွန် | လိုင်ယွန် | ၅၈၀၀၀ |
| စတိတ်ဒီ ဗယ်လိုဒရုန်း | မာဆေးလ် | ၆၇၀၀၀ |
| စတိတ်ဒီနိုက်စ် | နိုက်စ် | ၃၅၀၀၀ |
| ပါဒက်စ်ပရင့်စ် | ပဲရစ် | ၄၅၀၀၀ |
| စတိတ်ဒီဖရန့် | စိန့်ဒန်းနစ် | ၈၀၀၀၀ |
| စတိတ်ဒီဂျီဖရိုင်းဂတ်ရှား | စိန့်အက်တီယန် | ၄၁၅၀၀ |
| တိတ်ဒီတူးလော့စ် | တူးလော့စ် | ၃၃၀၀၀ |

**အသုံးပြုသွားမယ့် ဘောလုံးအမျိုးအစား**

အသုံးပြုမယ့် ဘောလုံးကိုတော့ နာမည်ကြီးအားကစားပစ္စည်းကုမ္ပဏီ အက်စ်ဒီးဒက်စ်က ထုတ်လုပ်ထားပြီး ဘူဂျူ( Beau Jeu) လှပတဲ့ပွဲလို့ အဓိပ္ပာယ်ရပါတယ်။ ဒီဘောလုံးကို အရည်အသွေးအကောင်းဆုံးဖြစ်အောင် ဖန်တီးဖို့ ၁၈ လကျော်အချိန်ယူခဲ့ရပြီး အရင်တုန်းကဖြစ်ခဲ့တဲ့ ဘောလုံးနဲ့ ပတ်သက်တဲ့ ပြဿနာ(ပေါ့ပါးလွန်းတာ၊ ခုန်ထွက်လွန်းတာ)မျိုးဖြစ်လာဖို့မရှိဘူးလို့လည်း သိရပါတယ်။ ပြင်သစ်အသင်းနဲ့အတူ ကမ္ဘာ့ဖလား ချန်ပီယံနဲ့ ယူရိုဖလားချန်ပီယံ ဖြစ်ထားတဲ့ ပြင်သစ်အသင်းခေါင်းဆောင်ဟောင်း ဇီဒန်းက ဒီဘောလုံးကို ပရိသတ်ကို မိတ်ဆက်ပေးခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလကတည်းက ဘူဂျူဘောလုံးကို ကစားသမားတွေက စမ်းသပ်ကစားကြည့်ခဲ့ကြရာမှာ ပြီးပြည့်စုံတယ်လို့ ထောက်ခံခဲ့ကြပါတယ်။

# လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်ရှင်းလင်းပွဲအခမ်းအနားကျင်းပ

**ပခုက္ကူ မေ ၂၈**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက် ရှင်းလင်းပွဲအခမ်းအနားကို ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်လွင်က လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက် အကြောင်းအရာများ ရှင်းလင်းရာတွင် "ရက် ၁၀၀ စီမံချက်ဆိုသည်မှာ တက်ရောက်လာသော အစိုးရသစ်၏ ရက် ၁၀၀ အတွင်း ဆောင်ရွက်သည့် လုပ်ငန်းများကိုဆိုလိုကြောင်း၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးကို ဝန်ဆောင်မှုရှေးရှု၍ ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် အားနည်းချက်၊ အားသာချက်များရှိနိုင်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ချမှတ်ထားသည့် စည်းကမ်းများကို စနစ်တကျလိုက်နာပေးကြရန် လိုအပ်ကြောင်း၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တရားဥပဒေစိုးမိုးရေးသည် အဓိကအခန်းကဏ္ဍဖြစ်ကြောင်း၊ တိုင်းပြည်တွင် ပညာတတ်မြောက်သူနည်းပါးခြင်းသည်လည်း တရားဥပဒေစိုးမိုးရေးကို လျော့ကျစေကြောင်း" တို့ကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများမှ သိရှိလိုသည်များကို မေးမြန်းကြရာ ရဲမှူးကြီးမြင့်လွင်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဟန်ဇော်ဝင်း၊ မကွေးတိုင်းဒေသကြီး ရဲမှူးကြီး မြင့်လွင်၊ ပခုက္ကူခရိုင် အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ခရိုင်ရဲမှူး ဒုတိယရဲမှူးကြီး လှဝင်း၊ ပခုက္ကူအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဘုန်းမော်၊ ပခုက္ကူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်မင်းဝင်း၊ ပခုက္ကူနည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာအောင်ကျော်စိုး၊ ခရိုင်မီးသတ်လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ ခေတ္တမြို့နယ်ရဲမှူး ရဲမှူးညွန့်ဇော်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနဦးစီးမှူး ဦးဝင်းလတ်၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဌေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ဝင်း၊ မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက်နာယက ဦးရဲထွဋ်နှင့် လူငယ်ကွန်ရက်အဖွဲ့ဝင်များ၊ ပခုက္ကူရေအလျှုတော်အသင်းဥက္ကဋ္ဌ ဦးဇာနည်ဘုန်းမော်နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ကျောက်မဲခရိုင် နောင်ချိုမြို့နယ်တွင် ရက် ၁၀၀ စီမံချက် ရှင်းလင်းဆွေးနွေးပွဲပြုလုပ်



**ကျောက်မဲ မေ ၂၈**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် အတွင်းရှိ ကျေးရွာအုပ်စုများတွင် အစိုးရသစ်၏ ပထမရက်ပေါင်း ၁၀၀ စီမံချက်ဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသော ဌာနဆိုင်ရာအသီးသီး၏ ရှေ့လုပ်ငန်းစဉ်များကို ပြည်သူများအား အသိပေးရှင်းလင်းပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီက နောင်ချိုမြို့နယ်ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေ၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ထွေးချစ်တို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရက်ပေါင်း ၁၀၀ စီမံချက်ဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောနောင်က နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့လုပ်ငန်းစဉ်များ၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးဟိန်းကျော်အောင်က သစ္စာစီမံချက်ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းစဉ်များ၊ ဦးစီးအရာရှိ ဦးရန်နိုင်ထွန်းက မြို့နယ်မြေစာရင်း ဦးစီးဌာနလုပ်ငန်းစဉ်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးသိန်းလွင်က မီးဘေးလုံခြုံရေးစီမံချက်၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦးက ပြည်သူ့အကျိုးပြုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နောင်ချိုမြို့နယ်ရုံး မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်လုပ်ငန်း၊ နယ်လှည့်လုပ်ငန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲလုပ်ငန်းများကို အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ကျောက်မဲခရိုင်(ပြန်/ဆက်)**

# ရက် ၁၀၀ စီမံချက် ယာဉ်အန္တရာယ်ကင်းရှင်းရေး စစ်ဆေးဆောင်ရွက်

**မော်လူး မေ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင် မေ ၂၆ ရက် နံနက် ၈ နာရီခွဲမှ နံနက် ၁၀နာရီခွဲအထိရက် ၁၀၀ စီမံချက်ဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာရေး၊ ယာဉ်တိုက်မှုအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးတို့အတွက်ရှောင်တခင်စစ်ဆေးကာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို စုပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မော်လူးနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်မင်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ မော်လူးအုပ်စုအုပ်ချုပ်ရေးမှူးအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ ရာအိမ်မှူးများ ပါဝင်သောပူးပေါင်းအဖွဲ့တို့သည် အဆိုပါနံနက်က မော်လူးမြို့ပေါ်ရှိ ရွှေဘို-မြစ်ကြီးနားကားလမ်းမပေါ်ရှိ တံတားအမှတ် ၁၀/၁၆၂ ပေါ်တွင် ဖြတ်သန်းသွားလာလျက်ရှိသော မော်တော်ယာဉ်ကြီးများ၊ ယာဉ်ငယ်များ၊ သုံးဘီးများ၊ မော်တော်ဆိုင်ကယ်များကို ရှောင်တခင်စုပေါင်းစစ်ဆေးကာ ယာဉ်အန္တရာယ်ကင်းစွာ အဆင်ပြေသွားလာနိုင်ရေးတို့အတွက် အထူးကြပ်မတ်စစ်ဆေးကာ အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေကြောင်း သိရသည်။ **နီတိုး**

# ရက် ၁၀၀ စီမံချက်အရ အားကစားနည်းပြဆရာများ မွမ်းမံသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် မေ ၂၈**
အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) တွင် တာဝန်ထမ်းဆောင်လျက်ရှိသော နည်းပြများ၏ အရည်အသွေး တိုးတက်မြင့်မားလာစေရန်၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လျက်ရှိသော အားကစားနည်းစနစ်၊ လေ့ကျင့်ရေးပိုင်းဆိုင်ရာများနှင့် ပြိုင်ပွဲနည်းဥပဒေများ သိရှိနားလည်စေရန်နှင့် ခေါင်းဆောင်မှု၏ နည်းဥပဒေနှင့် လက်တွေ့ကျသောလုပ်နည်းလုပ်ဟန်များအား စနစ်တကျအသုံးပြုခြင်းဖြင့် အောင်မြင်သော နည်းပြတစ်ဦးဖြစ်လာစေရန်ရည်ရွယ်၍ ရက် ၁၀၀ စီမံချက်အရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၏ အားကစားနည်းပြ ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၆ ရက် ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ၌ ကျင်းပသည်။

ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါရက် ၁၀၀ စီမံချက်အရ အားကစားနည်းပြဆရာများ မွမ်းမံသင်တန်းကိုမေ ၂ ရက်မှ ၂၆ ရက်အထိ ရက်သတ္တပတ်သုံးပတ်ကျော် ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် ဒုတိယကျောင်းအုပ်ကြီး ဦးထွန်းဖေ၊ ဒေါ်အေးအေးမွန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ၊ အားကစားနည်းပြများ တက်ရောက်ကြသည်။ **(အား/ကာ)**




# ရက် ၁၀၀ စီမံချက် ကာလအတွင်း မှုခင်းလျော့နည်းကျဆင်းရေးဆောင်ရွက်

**မြဝတီ မေ ၂၈**
ကရင်ပြည်နယ် မြဝတီမြို့တွင် ပြည်နယ်ရဲတပ်ဖွဲ့မှူး၏စီမံလမ်းညွှန်မှုဖြင့် ရက် ၁၀၀ စီမံချက် ကာလအတွင်း မှုခင်းလျော့နည်းကျဆင်းရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် ပြည်နယ်မှုခင်းအကူဌာနစုမှ ဒုရဲအုပ်အောင်ကျော်သူတို့အဖွဲ့နှင့် ဘားအံမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်သက်စိုးဦးနှင့်အဖွဲ့တို့သည် မြဝတီမြို့ အမှတ်(၁)ရပ်ကွက် ရေလည်ကျွန်းတွင် မူးယစ်ဆေးဝါးသတင်းအရ ရေလည်ကျွန်းနေ သီဟ(ခ)ခေါင်းတုံး၊ မအိအိဖြိုးတို့၏ နေအိမ်တဲအတွင်းသို့ ဝင်ရောက်ရှာဖွေခဲ့သည်။

ယင်းသို့ရှာဖွေရာတွင် နေအိမ်တဲနောက်ဖေးခန်း၌ အရှည်လေးလက်မ၊ လုံးပတ်လက်မဝက်ခန့်ရှိ ၁၂ Plus Aura Quee ညစာတန်းပါကော်ဘူး (အဖုံးပိတ်လျက်)အတွင်း WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၃၃ ပြား၊ အစိမ်းရောင်နှစ်ပြား ပေါင်း ၁၃၅ ပြား၊ အလေးချိန် ၁၃ ဒသမ ၂ ဂရမ် အနီရောင်ဂတ်စ်မီးခြစ်တစ်လုံး၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင်အသုံးပြုသော အရှည်လေးလက်မလုံးပတ်နှစ်လက်မခန့်ရှိ အစိမ်းရောင်ပလတ်စတစ်ကော်ဘူးတစ်ဘူးတို့အား အနက်ရောင်ဘေးလွယ်အိတ်တစ်လုံးအတွင်းမှလည်းကောင်း၊ နေအိမ်အောက်ထပ်အိပ်ခန်းအတွင်း၌ Red Ruby တံဆိပ်ပါ စီးကရက်ဘူးခွံအတွင်း ပလတ်စတစ်အိတ်အပိုင်းအစဖြင့်ထုပ်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၅၁ ပြား၊ အစိမ်းရောင်နှစ်ပြား ပေါင်း ၅၃ ပြား၊ အလေးချိန် ၅ ဂရမ်ခန့်၊ မြန်မာငွေစက္ကူ ရောရာ ၆၅၀၀ ကျပ်တို့အား လွယ်အိတ်အတွင်းမှလည်းကောင်း ရှာဖွေတွေ့ရှိသဖြင့်သက်သေများရှေ့တွင်ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

၎င်းတို့နှစ်ဦးအား မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**



# ပြည်သူ့အတွက် ပထမ ရက် ၁၀၀





Good Government Forum တွင် OSS ဖြင့် ပြည်သူ့ဝန်ဆောင်မှုပြုရေးဆွေးနွေးစဉ်။

**စာမျက်နှာ ၁၇ မှ »»**
သတ်မှတ်လျှာထားဆောင်ရွက်ခဲ့ရာမှာ မြေဂရန် ၃၈၄၇၂ ခုကို ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

ယခုရက် ၁၀၀ အတွင်းမှာလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ မြို့နယ်တွေက ဖွံ့ဖြိုးတိုးတက်လာတဲ့ ကျေးရွာတွေကို မြေငှားဂရန်ထုတ်ပေးရေး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ OSS (one stop shop) လုပ်ငန်းတွေမှာ ဘယ်လောက်အထိအောင်မြင်မှုရရှိနေပါသလဲ။ ဘယ်လိုဆက်လက်ဆောင်ရွက်သွားမလဲဆိုတာကို သိချင်ပါတယ်။**

**ဖြေ။** နိုင်ငံတစ်ဝန်းမှာ ပြည်သူ့ဝန်ဆောင်မှု(OSS)ရုံး ၃၁၆ ရုံးအထိ ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ ပြည်သူတွေရဲ့ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ မွေးဖွားမှုနဲ့ သေဆုံးမှု မှတ်ပုံတင် ပြုလုပ်ခြင်း၊ အိမ်ထောင်စုလူဦးရေ ပြောင်းဝင်၊ ပြောင်းထွက်စာရင်းတွေ ဆောင်ရွက်ခြင်း၊ မီးဘေးလုံခြုံမှုရှိ/မရှိ ထောက်ခံပေးခြင်း၊ အလုပ်သမားမှတ်ပုံတင်တွေ ပြုလုပ်ပေးခြင်း၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်တွေ ပြုလုပ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားခြင်း၊ အခွန်အခများပေးသွင်းခြင်း၊ မြေဂရန်လျှောက်ထားခြင်း၊ ပွဲမိန့်လျှောက်ထားခြင်း၊ ပထမသတင်းပေးတိုင်ကြားချက်ပေးခြင်း စတဲ့ကိစ္စတွေကို ဝန်ဆောင်မှုပေးနေပါတယ်။ အဲဒီလုပ်ငန်းတွေရဲ့ လုပ်ငန်းစဉ်တစ်ခုစီအတွက် ဆောင်ရွက်မှုအဆင့်ဆင့်တွေကို တစ်ချိန်တည်း တစ်နေရာတည်းမှာပဲ ဆောင်ရွက်နိုင်ခြင်း၊ မိမိဆောင်ရွက်လိုတဲ့ လုပ်ငန်းတွေကို တစ်နေရာတည်းမှာ လုပ်ငန်းတစ်မျိုးတည်းသာမက ပိုမိုဆောင်ရွက်နိုင်မှာဖြစ်တဲ့အပြင် အခြားသိလိုတဲ့ ကိစ္စရပ်တွေကို စုံစမ်းမေးမြန်းနိုင်ခြင်း စတဲ့အကျိုးကျေးဇူးတွေရမှာဖြစ်ပါတယ်။

**မေး။ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေဖွဲ့စည်းခြင်း၊ မှတ်ပုံတင်ခြင်းနဲ့ပတ်သက်လို့ ဖြေလျှော့မှုတွေ ဆောင်ရွက်ထားတယ်လို့ သိရပါတယ်။ ဒီလိုဖြေလျှော့ပေးလိုက်တဲ့အတွက် ဘယ်လိုကွာခြားမှုတွေရှိပါသလဲ။ ဘယ်လိုအကျိုးအမြတ်တွေရရှိပါသလဲ။**

**ဖြေ။** မှတ်ပုံတင်ရေး အဖွဲ့တွေဟာ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ ဆန္ဒအလျောက်လျှောက်ထားလာတဲ့ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့(NGO)တွေနဲ့ အစိုးရမဟုတ်တဲ့ နိုင်ငံတကာအသင်းအဖွဲ့(INGO)တွေကိုမှတ်ပုံတင်ခွင့်ပြုပေးလျက်ရှိပါတယ်။

ဖြေလျှော့မှုတွေကတော့ မြို့နယ်၊ ခရိုင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသအဆင့်တွေမှာ မှတ်ပုံတင်ကြေးပေးဆောင်ဖို့မလိုအပ်ဘဲ လိုအပ်တဲ့အထောက်အထားတွေကို (OSS)ရုံးတွေမှာ ရယူဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။

တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ နေပြည်တော်ကောင်စီအဆင့်တွေမှာ မှတ်ပုံတင်ကြေးအနေနဲ့ ကျပ် ၃၀၀၀၀ နဲ့ ပြည်ထောင်စုအဆင့်မှာ ကျပ် ၁၀၀၀၀၀ အထိ လျှော့ချပေးထားပါတယ်။

အရင်ဥပဒေမှာ မှတ်ပုံတင်ရရှိဖို့အတွက် ကာလသတ်မှတ်ချက်မရှိပေမယ့် ယခုဥပဒေအရ ၇ ရက်အတွင်း (အစိုးရရုံးပိတ်ရက်များမပါ) ယာယီမှတ်ပုံတင်လက်မှတ်တွေ ထုတ်ပေးခြင်း၊ သတ်မှတ်ချက်တွေနဲ့အညီ စိစစ်ပြီး ပြည်ထောင်စုအဆင့်မှာ ရက် ၉၀၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်မှာ ရက် ၆၀ နဲ့ ခရိုင်နဲ့ မြို့နယ်အဆင့်တွေမှာ ရက် ၃၀ အတွင်း မှတ်ပုံတင်လက်မှတ်ထုတ်ပေးနေပြီဖြစ်ပါတယ်။

**မေး။ အကျဉ်းဦးစီးဌာနအနေနဲ့ အကျဉ်းသားတွေ၊ အချုပ်သားတွေနဲ့ပတ်သက်လို့ ဖြေလျှော့မှုတွေ ဘယ်လိုလုပ်ထားတယ်ဆိုတာနဲ့ ဘယ်လောက်အတိုင်းအတာအထိ ဖြေလျှော့ပေးထားတယ်ဆိုတာ သိပါရစေ။**

**ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုး**

**ဖြေ။** အကျဉ်းဦးစီးဌာနအနေနဲ့ အကျဉ်းသား၊ အချုပ်သားတွေနဲ့ပတ်သက်လို့ ဥပဒေလုပ်ထုံး၊ လုပ်နည်းတွေနဲ့အညီ ဖြေလျှော့မှုတွေကို ရက်ပေါင်း ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အကျဉ်းသား၊ အချုပ်သားတွေ ထောင်ဝင်စာတွေ့ဆုံမှုနဲ့ပတ်သက်ပြီး အကျဉ်းထောင်လက်စွဲဥပဒေအပိုဒ်-၇၈၄၊ အပိုဒ်ခွဲ (၅)အရ “သာမန်အားဖြင့် ဧည့်တွေ့ခြင်းအတွက် ခွင့်ပြုချိန်အား မိနစ် ၂၀ ထက်မကျော်လွန်စေရ” လို့ ပြဋ္ဌာန်းထားပါတယ်။ အကျဉ်းဦးစီးဌာနအနေနဲ့ အကျဉ်းထောင်မှာရှိတဲ့ အကျဉ်းသား၊ အချုပ်သားဦးရေ၊ ဧည့်တွေ့ဦးရေနဲ့ ဧည့်တွေ့နေရာထိုင်ခင်းတွေအပေါ် မူတည်ပြီး ထောင်ဝင်စာ ဧည့်တွေ့ချိန်ကို ၂၅ မိနစ်၊ မိနစ် ၃၀ အထိ အချိန်တိုးမြှင့်ခြင်းဖြေလျှော့မှုကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အရင်က ဧည့်တွေ့လူဦးရေများပြားတဲ့အတွက် အကျဉ်းသား၊ အချုပ်သားတွေကို ဧည့်တွေ့လာတဲ့ မိဘပြည်သူတွေ အဆင်ပြေစွာ ဧည့်တွေ့နိုင်ဖို့ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနဲ့ ကြာသပတေးနေ့တွေကို အကျဉ်းသား ဧည့်တွေ့နေ့အဖြစ်သတ်မှတ်ပြီး သောကြာ၊ စနေနေ့တွေကို အချုပ်သားဧည့်တွေ့နေ့အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။ ဧည့်တွေ့ရက်မသိဘဲ ဝေးလံတဲ့နယ်ကလာတဲ့ ဧည့်တွေ့တွေအတွက် အခက်အခဲမဖြစ်စေဖို့ သတ်မှတ်ရက်မဟုတ်ပေမယ့် ဧည့်တွေ့လက်ခံပေးခြင်း ဆောင်ရွက်ခဲ့ပါတယ်။

ယခုအခါ အကျဉ်းသား၊ အချုပ်သားတွေနဲ့ပတ်သက်ပြီး ဧည့်တွေ့ရက် ခွဲခြားသတ်မှတ်ခြင်းမရှိဘဲ ဧည့်တွေ့ခွင့်တွေကို တနင်္လာနေ့ကနေ စနေနေ့အထိ အကျဉ်းသားတစ်လှည့်၊ အချုပ်သားတစ်လှည့် နေ့စဉ်ဧည့်တွေ့ခွင့်ပေးသွားမှာ ဖြစ်ပါတယ်။

အကျဉ်းသားတွေအတွက် အကျဉ်းထောင်လက်စွဲဥပဒေ အပိုဒ်- ၇၈၀ အရ တစ်လ ဧည့်တွေ့ကြိမ် တစ်ကြိမ်(သို့) နှစ်ကြိမ် တွေ့ဆုံပေးခဲ့တာကနေ အကြောင်းအရင်းခိုင်မာမှု၊ ဧည့်တွေ့လာရောက်မယ့် မိဘပြည်သူတွေရဲ့ အခက်အခဲအခြေအနေ၊ ပြစ်ဒဏ်ကျခံလျက်ရှိတဲ့ အကျဉ်းသားရဲ့ စည်းကမ်းသေဝပ်မှုအခြေအနေ၊ လုံခြုံရေးကျိုးပေါက်မှုနဲ့ အကျဉ်းထောင်စည်းကမ်းသေဝပ်မှုကို မထိခိုက်ဘူးလို့ ယူဆနိုင်ရင် အကျဉ်းသား၊ အချုပ်သား ဧည့်တွေ့ကြိမ်ကို တစ်လ (၄)ကြိမ် တွေ့ဆုံပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

အကျဉ်းသား၊ အချုပ်သားတွေအတွက် အကျဉ်းဦးစီးဌာနက ရက်ပေါင်း ၁၀၀ အတွင်း ဖြေလျှော့ဆောင်ရွက်မှုအနေနဲ့ အကျဉ်းထောင်အသီးသီးမှာ ထောင်ဝင်စာဧည့်တွေ့ချိန်တွေကို တစ်ပြေးညီ အနိမ့်ဆုံးမိနစ် ၃၀ သတ်မှတ်သွားမှာဖြစ်ပြီး ရက် ၁၀၀ စီမံချက်ကာလအတွင်း ပြင်ဆင်ရေးဆွဲနေတဲ့ အကျဉ်းထောင်ဥပဒေမူကြမ်းမှာ ထည့်သွင်းရေးဆွဲပြီး အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီကို တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ၂၀၁၆ ခုနှစ်အတွင်း အစိုးရသစ်ကာလ ရက် ၁၀၀ စီမံချက်မှာ မီးသတ်ဦးစီးဌာနက ဆောင်ရွက်သွားမယ့် အစီအမံတွေကို ရှင်းပြပေးစေလိုပါတယ်။**

**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**ဦးသန်းကျော်ကျော်**

**ဖြေ။** မီးဘေးလုံခြုံရေးနဲ့ ပတ်သက်ပြီး မီးဘေးသတိမူရေး၊ မီးဘေးကာကွယ်ရေးနဲ့ မီးငြိမ်းသတ်ရေးဆိုပြီး အပိုင်း (၃)ပိုင်း ခွဲခြားဆောင်ရွက်သွားပါမယ်။

မီးဘေးကြိုတင်ကာကွယ်တားဆီးရေးနဲ့ မီးငြိမ်းသတ်ရေးလုပ်ငန်းတွေ အကောင်အထည်ဖော်ရာမှာ အဓိကကျတဲ့ မီးသတ်လုပ်ငန်းစဉ် (၇)ရပ်ကို လျာထားချက်တွေနဲ့ စီစဉ်ဆောင်ရွက်ခြင်းတွေ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

မီးငြိမ်းသတ်ရာမှာ ရေလုံလောက်စွာရရှိဖို့ ဒေသအလိုက် စီမံချက်ရေးဆွဲထားရှိခြင်း၊ ရေရရှိနိုင်တဲ့နေရာတွေကို စစ်ဆေးမှတ်တမ်းပြုခြင်း၊ အခါမလပ် စစ်ဆေးဆောင်ရွက်ခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်တွေ နယ်မြေကျွမ်းကျင်မှုရှိစေဖို့ နယ်မြေအလိုက် တစ်အိမ်တက်ဆင်း စစ်ဆေးခြင်း၊ နယ်မြေအတွင်းမှာရှိတဲ့ လမ်းတွေရဲ့ အခြေအနေ၊ မီးသတ်ကား ဝင်/ထွက်နိုင်ခြင်း ရှိ/မရှိ စတဲ့အခြေအနေတွေနဲ့ ကွင်းဆင်းလေ့လာခြင်း၊ မီးသတ်ယာဉ်နဲ့ မီးသတ်ပစ္စည်းကိရိယာတွေကို လိုအပ်ချိန်မှာ အမြဲစွမ်းအားအပြည့်အသုံးချနိုင်ဖို့အတွက် မျက်ခြည်မပြတ်ထိန်းသိမ်းမှုနဲ့ အသင့်ထားရှိခြင်းတို့ကို ကြပ်မတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ မီးသတ်ဦးစီးဌာနအနေနဲ့ အယ်နီညို စီမံချက်နဲ့ ပတ်သက်တဲ့ဆောင်ရွက်ထားရှိမှုတွေကို သိရှိလိုပါတယ်။**

**ဖြေ။** အယ်နီညိုရာသီဥတုရဲ့ ပူပြင်းတဲ့အရှိန်ကြောင့် မီးလောင်မှုကြီးတွေဖြစ်ပွားခြင်းနဲ့ သောက်သုံးရေရှားပါးမှုပြဿနာတွေ ဖြစ်ပွားနိုင်လို့ မီးသတ်ဦးစီးဌာနအနေဖြင့် မီးသတ်စခန်းတွေအလိုက် အယ်နီညိုတုံ့ပြန်ရေးစီမံချက်တွေကို ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။

အဲဒီစီမံချက်မှာ မီးလောင်မှုအကြိမ်ရေလျော့နည်းစေရေး၊ မီးငြိမ်းသတ်ရာတွင် ရေလုံလောက်စွာရရှိရေးနှင့် ပြည်သူများ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတွင်းအရေးအရာများ ဆောင်ရွက်ရာ၌ ပြည်ထဲရေးဝန်ကြီးဌာနသည် အရေးပါသည့် အခန်းကဏ္ဍတစ်ရပ်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ပြည်သူ့အရေးသည် နိုင်ငံ့အရေး၊ နိုင်ငံ့အရေးသည် ပြည်သူ့အရေးပင် ဖြစ်သည်။ တရားဥပဒေဘောင်အတွင်းရှိ ပြည်သူများ ကိုယ်စိတ်နှစ်ပါးချမ်းသာစေရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနသာမက ကျန်ဝန်ကြီးဌာနများအနေဖြင့်လည်း သက်ဆိုင်ရာအခန်းကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ ရက် ၁၀၀ လှုပ်ရှားမှုအစီအစဉ်များသည် ပြည်သူများ ကိုယ်စိတ်နှစ်ပါးချမ်းသာရေးအတွက် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။ ။



ပြည်သူလူထုအတွင်း မီးသတိမူရေးလုပ်ငန်းများ စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးနေစဉ်။

# ၁၆ ခုတင်ဆံ့ ဝဲခမိကျေးရွာ တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်ပွဲကျင်းပ

**သံဖြူဇရပ် မေ ၂၈**

ကျေးလက်နေပြည်သူများ အဆင်ပြေလွယ်ကူစွာ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ရန်ရည်ရွယ်၍ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျန်းမာရေးဦးစီးဌာနအောက်ရှိ ၁၆ ခုတင်ဆံ့ ဝဲခမိကျေးရွာတိုက်နယ်ဆေးရုံဖွင့်ပွဲကို မေ ၂၆ ရက် နံနက် ၉ နာရီက အဆိုပါဆေးရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဝဲခမိတိုက်နယ်ဆေးရုံအား မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း၊ ပြည်နယ်ကုသရေးဦးစီးမှူး ဒေါက်တာမောင်မောင်ဇင်နှင့် ကျေးရွာရပ်မိရပ်ဖ ဦးစောငြိမ်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ဆေးရုံခန်းမတွင် မြေအလှူရှင်နှင့် ဆေးရုံသုံးပစ္စည်းအလှူရှင်များအား ပြည်နယ်ကုသရေးဦးစီးမှူး၊ မြို့နယ်ကုသရေးဦးစီးမှူးနှင့် တိုက်နယ်ဆေးရုံတာဝန်ခံဆရာဝန် ဒေါက်တာခိုင်ထူးတို့က ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့သည်။

ဖွင့်လှစ်သည့် ဝဲခမိတိုက်နယ်ဆေးရုံအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ခွင့်ပြုငွေ ကျပ်သန်းခြောက်ရာဖြင့် တည်ဆောက်ခဲ့ပြီး ဝဲခမိကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၉ ရွာမှ တိုင်းရင်းသားပြည်သူ ၁၅၀၀၀ ကျော်အတွက် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်များ ဖွင့်ပွဲကိုကျင်းပရာ ဝဲရက်ကျေးရွာ ကျန်းမာရေးဌာနခွဲနှင့် ကွမ်သတ်ကျေးရွာ ကျန်းမာရေးဌာနခွဲကို ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။



**ကျော်ဝင်း(ပြန်/ဆက်)**

## မြင်းမူမြို့နယ်တွင် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး



**မြင်းမူ မေ ၂၈**

တောင်သူများ လယ်ယာလုပ်ငန်းများကို အဆင်ပြေစွာ လုပ်ကိုင်နိုင်ရန်အတွက် မြင်းမူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိရာ ၂၀၁၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၂၀၀၀၀ တိတိကို ကျေးရွာအုပ်စု ၄၈ အုပ်စုမှ တောင်သူ ၁၂၀၀၀ အတွက် မေ ၂၆ ရက်မှစ၍ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ထုတ်ချေးပေးရာတွင် ၂၀၁၅ ခုနှစ် မိုးနှင့်ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများ အပြေအကျေပေးဆပ်ပြီးမှ ၂၀၁၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို စတင်ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ် ပုလဲတန်ကျေးရွာမှ တောင်သူ ၅၂ ဦးအား မိုးစပါးဧက ၃၉ ဧကနှင့် အခြားသီးနှံ ၂၁၄ ဧကအတွက် ချေးငွေပေါင်း ကျပ် ၁၀၁ ဒသမ ၃၀ သိန်းတိတိကို ထုတ်ပေးခြင်းဖြစ်ကြောင်းနှင့် ယခုနှစ်မှစ၍ မိုးစပါးစိုက်ပျိုးမှုအတွက် တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ တိုးမြှင့်၍ ငွေကျပ် ၁၅၀၀၀၀ ထုတ်ချေးပေးခြင်းဖြစ်၍ ဒေသခံလယ်ယာမြေစိုက်ပျိုးသူများ ပိုမိုအဆင်ပြေလာကြောင်းလည်း သိရသည်။

**အောင်စိုးဖေ(ပြန်/ဆက်)**

## ယင်းမာပင်ခရိုင် ပုလဲမြို့နယ်၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း ၄၆ ကျောင်းအဆင့်တိုးမြှင့်၊ ပညာရေးမျှော်မှန်းချက်များ ပိုမိုရရှိလာမည်

**ပုလဲ မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း အဆင့်တိုး ၄၆ ကျောင်းရရှိ၍ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးမျှော်မှန်းချက်များ ပိုမိုရရှိလာမည်ဖြစ်ကြောင်း ဒေသခံပြည်သူများက ပြောသည်။

ပုလဲမြို့နယ်ပညာရေးမှူးရုံး ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်ဇော်မြင့်က "ကျွန်တော်တို့ မြို့နယ်အနေနဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) အဆင့်တိုး ၂၂ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းအဆင့်တိုး ၁၆ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း အဆင့်တိုး ငါးကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) အဆင့်တိုးသုံးကျောင်း စုစုပေါင်း ၄၆ ကျောင်းကို နိုင်ငံတော်က ခွင့်ပြုပေးခဲ့ပါတယ်" ဟု ပြောသည်။

ပုလဲမြို့နယ်၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း အဆင့်တိုးရရှိသည့် ၄၆ ကျောင်းတွင် အခြေခံပညာအလယ်တန်းကျောင်းခွဲအဆင့်သို့ အခြေခံပညာမူလတန်းလွန်ကျောင်း စစ်ရင်၊ ကြိုပင်၊ လက်ပန်၊ ကျောက်ကုန်း၊ ပုပ္ပား၊ ဇီးရင်း၊ နှောရိုး၊ မုံပင်၊ သင်တီးကန်၊ မင်းမ(အရှေ့)၊ ရွှေလောင်း၊ အင်ကြင်းစု၊ ရွာထင်၊ သရက်ကန်၊ ဘန့်ဘွေး၊ ရွာသာ၊ ဦးနှောက်၊ ချင်ပြစ်ကျင်း၊ သေတ္တာရာ၊ မုံကြိုင်း၊ ဆင်ရှင်နှင့် ဇီးဖြူးကုန်း(တ)၊ အခြေခံပညာမူလတန်းလွန်ကျောင်း အဆင့်သို့ အခြေခံပညာမူလတန်းကျောင်း သပြေရေ၊ တောင်ရင်း၊ ပြင်လှိုင်း၊ ကျောက်ဆင်ထူး၊ သီတင်း၊ ချောင်းနား၊ သက္ကယ်ကျင်း(အ)၊ တောင်ပျောက်၊ ကုန်းရွာ၊ သာယာကုန်း၊ ခေါင်းပွာ၊ ခင်သာ၊ ဂျပ်၊ ကျော်တော၊ ငှက်ပျောတောနှင့် ကျွဲကျ၊ အခြေခံပညာမူလတန်းကျောင်းအဆင့်သို့ အ. မ. က( ခွဲ ) ကံသာယာ၊ ချမ်းသာအောင်၊ ပုလဲမြိုင်၊ ဖိုမိုးအိုက်နှင့် ကိုယ့်အားကိုယ်ကိုးကျောင်း ပိတောက်ကုန်းမွှာ၊ အခြေခံပညာမူလတန်းကျောင်း (ခွဲ) အဆင့်သို့ ကိုယ့်အားကိုယ်ကိုးကျောင်း ပြောင်းခင်းကြီး၊ အုန်းပင်တောနှင့် ရေချမ်းသာတို့ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

## သာစည်မြို့နယ်တွင် မိုးဦးသီးနှံများစိုက်ပျိုးရန် မိုးကိုမျှော်ကြသည့် တောင်သူဦးကြီးများ မိုးရွာလာပြီဖြစ်၍ မိုးနှမ်းများစိုက်ပျိုး

**သာစည် မေ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် မိုးဦးသီးနှံများစိုက်ရန် မိုးကိုမျှော်ကြသည့် တောင်သူများ ယခုရက်ပိုင်းအတွင်း ရွန်နူမုန်တိုင်းကြောင့် မိုးများရွာလာပြီဖြစ်သည့်အတွက် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအသီးသီးတို့တွင် တောင်သူများ လယ်ယာသုံးထွန်စက်များဖြင့်လယ်ယာလုပ်ငန်းခွင်သို့ စတင်ဝင်ရောက်နေကြပြီကိုတွေ့ရသည်။

"မိုးဦးနှမ်းက ယခု ကဆုန်လအတွင်း အပြီးကြဲပက်ရမှာပါ။ နွားထွန်ရှည်းနဲ့ဆိုရင် ကြဲပက်စိုက်ပျိုးချိန်နောက်ကျနေမှာစိုးလို့ စက်တွေနဲ့ပဲငှားရမ်းပြီး လုပ်ကိုင်နေကြရပါတယ်။ နွားထွန်ရှည်းတစ်ရှည်းကို ငှားရင်လည်း တစ်မနက်ခင်းကို ငွေကျပ် ၄၀၀၀ ပေးငှားရပါတယ်။ လယ်ယာသုံးစက်တွေကလည်း တစ်နာရီကို ၄၀၀၀ ပဲ ပေးရပါတယ်။ စက်တွေနဲ့ဆိုတော့ ပိုခရီးရောက်တာပေါ့" ဟု ဉသျှစ်ကုန်းကျေးရွာမှ တောင်သူကြီးဦးသန်းဝင်းက ပြောသည်။

သာစည်မြို့နယ်တွင် နှမ်းစိုက်ပျိုးရာသီချိန်ဖြစ်သည့်အတွက် နှမ်းနက်တစ်တင်းလျှင်ငွေကျပ် ၅၀၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၄၅၀၀၀၊ နှမ်းနီတစ်တင်းလျှင်ငွေကျပ် ၃၅၀၀၀ အထိ စျေးရှိနေပြီး နှမ်းစိုက်တောင်သူဦးကြီးများမှာ နှမ်းစိုက်ဧကအလိုက် တွက်ချက်ပြီး စိုက်ဧကများသူတို့က တင်းချိန်ဖြင့် ဝယ်ယူ၍လည်းကောင်း၊ စိုက်ဧကနည်းသူများက ပြည်ချိန်ဖြင့်လည်းကောင်း မြို့ပေါ်ပွဲရုံများတွင် ဝယ်ပြီး ကြဲပက်၍ စိုက်ပျိုးသူကစိုက်ပျိုးပြီး တန်းဆွဲ၍ အစေ့ချစိုက်ပျိုးသူက စိုက်ပျိုးနေကြသည်။ မိုးဦးနှမ်းကို ကဆုန်လအတွင်း အပြီးစိုက်ပျိုးကြပြီး တော်သလင်း၊ သီတင်းကျွတ်လတွင် နှမ်းများထွက်ရှိပြီဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများဆင်း

**ဘားအံ မေ ၂၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ရက် ၁၀၀ စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖြစ်သည့် မော်တာအပ်ချုပ်စက်သင်တန်း၊ ဆိုင်ကယ်စက်ပြင်သင်တန်းဆင်းပွဲနှင့် ဆိုင်ကယ်စက်ပြင်သင်တန်းသားများအား ယာဉ်မောင်းလိုင်စင်များဆောင်ရွက်ပေးခြင်းကို မေ ၂၅ ရက် နံနက်ပိုင်းက ဘားအံမြို့ လှာကမြင်မြို့သစ်ရှိ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခန်းမတွင် ပြုလုပ်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဦးခင်မောင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ သင်တန်းအတွေ့အကြုံနှင့် အကျိုးကျေးဇူးများအား ရှင်းလင်းတင်ပြသည်။ ထို့နောက် ဆိုင်ကယ်စက်ပြင်သင်တန်းတွင် ဆုရရှိသူများအား မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဥက္ကဋ္ဌ ဦးစောဘူဒီမန်ကလည်းကောင်း၊ မော်တာအပ်ချုပ်စက်သင်တန်းတွင်ဆုရရှိသူများအား ဘားအံမြို့ ရက်ကန်းကျောင်းအုပ် ဒေါ်ဧကရီအောင်အောင်က လည်းကောင်း ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

အထူးအစီအစဉ်အနေဖြင့် ဆိုင်ကယ်စက်ပြင်သင်တန်းမှ အသက်(၁၆)နှစ်ပြည့်နှင့် ယာဉ်မောင်းလိုင်စင် မရှိသေးသော သင်တန်းသား ၂၄ ဦးအား ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပူးပေါင်း၍ (က) အဆင့် ယာဉ်မောင်းလိုင်စင်များအား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ ဈေးကြီးရပ်ကွက်ရှိ တက်ဆိပ်ကျောင်းတိုက် ပြည်လုံးချမ်းသာမွှာရုံ၌ မေ ၂၆ ရက် နံနက်ပိုင်းက အမှတ်(၅) တပ်မတော် တန်းမြင့်လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၄) စစ်မြေပြင်ဆေးတပ်ရင်း၊ အမှတ်(၁)စစ်မြေပြင်ဆေးတပ်ခွဲ၊ အမှတ်(၄) နယ်လှည့်ဆေးတပ်စုမှ ဗိုလ်ကြီးမောင်မောင်လင်းဦးဆောင်သော ဆေးဝန်ထမ်းများက မဲဇလီကုန်းမြို့ပေါ်နှင့် အနီးဝန်းကျင်ကျေးရွာများမှ လူနာ ၉၀ ခန့်အား (အခမဲ့)ဆေးဝါးများ ကုသပေးခဲ့ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - မန်းကျော် (ပြန်/ဆက်)

# ဆန်ကော၊ ဆန်ခါနှင့် တင်းတောင်း ရက်လုပ်ခြင်းဖြင့် မိသားစုဝင်ငွေရရှိ



**စလင်း မေ ၂၈**
မင်းဘူးခရိုင် စလင်းမြို့နယ် စာစီကျောင်းရပ်ကွက်တွင် ဝါးနှီး၊ ကြိမ်များနှင့် ကျေးလက်ဒေသသုံး ဆန်ကော၊ ဆန်ခါနှင့် တင်းတောင်း၊ လောင်းတောင်း ရက်လုပ်ခြင်းများဖြင့် မိသားစုဝင်ငွေ တိုးပွားရရှိလျက်ရှိသည်။

ဝါးနှီးများဖြင့်ရက်လုပ်သော ကျေးလက်ဒေသသုံး ဆန်ကော၊ ဆန်ခါ၊ ပဲချဆန်ခါများကို ဝါးများကို နှီးဖြာ၍ ရက်လုပ်ကြပြီး အရွယ်အစားပေါ်မူတည်၍ ငွေကျပ် ၁၁၀၀ မှ ၁၇၀၀ ထိ ရောင်းချကြသည်။

ရက်လုပ်ရာတွင် အသုံးပြုသော ဝါးတစ်လုံးလျှင် ငွေကျပ် ၅၅၀ ဖြင့်ဝယ်ယူရပြီး ဝါးနှီးဖြာခြင်း၊ ဆန်ကော ဆန်ခါရက်လုပ်ခြင်း၊ ကြိမ်ဖြင့် အနားကွပ်ခြင်းများ အဆင့်ဆင့်ဆောင်ရွက်ရပြီး တစ်နေ့လျှင် ရက်လုပ်သူတစ်ဦးလျှင် ဆန်ကော၊ ဆန်ခါရှစ်ချပ်မှ ၁၀ ချပ်ထိ ရက်လုပ်နိုင်သည်။ အနားကွပ်သည့်ကြိမ်ကို မန္တလေးမြို့ ကျွဲဆည်ကန်မှ မှာယူအသုံးပြုပြီး ကြိမ်နန်းဆွဲ၍ အနားကွပ်ခြင်းနှင့် စပါး၊ ပဲများ ခြင်တွယ်ရာတွင် အသုံးပြုသော ကြိမ်တင်းတောင်းများ ပြုလုပ်ရာတွင် အသုံးပြုကြသည်။

ကြိမ်တင်းတောင်း တစ်လုံးကို ငွေကျပ် ၂၅၀၀၀ ထိရရှိပြီး ရိုးရိုး ဝါးနှီးဖြင့်ရက်လုပ်သော တင်းတောင်းများတွင် ၁၆ ပြည် တင်းတောင်း အကြမ်းတစ်လုံးလျှင် ငွေကျပ် ၃၀၀၀၊ အချောတစ်လုံးလျှင် ငွေကျပ် ၅၀၀၀၊ ခြောက်ပြည်ဝင် တောင်းတစ်လုံးလျှင် အကြမ်း ငွေကျပ် ၂၀၀၀၊ အချော ငွေကျပ် ၂၅၀၀ ထိရရှိ၍ စလင်းမြို့စာစီကျောင်းရပ်ကွက်နေပြည်သူများ အိမ်တွင်း လက်မှုလုပ်ငန်းဖြင့် မိသားစုဝင်ငွေ တိုးပွားရရှိလျက်ရှိကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

# မန္တလေးမြို့တော်စည်ပင်သာယာ မီးသင်္ဂြိုဟ်ခများ လျှော့ချ

**မန္တလေး မေ ၂၈**
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ မီးသင်္ဂြိုဟ်စက်များမှာ မီးလောင်နှုန်းအထူးကောင်းမွန်၍ လေထုညစ်ညမ်းမှုမရှိစေရန် ပြုလုပ်ထားသောစနစ်ဖြစ်ပြီး ဒီဇယ်ဆီအသုံးပြုလောင်ကျွမ်းသောစက်ကို အသုံးပြုထားခြင်းကြောင့် စက်သုံးဆီဈေးနှုန်းအပေါ်မူတည်၍ မီးသင်္ဂြိုဟ်ခကို ကွယ်လွန်သူ လူကြီးတစ်ဦးလျှင် ကျပ် ၁၆၀၀၀ နှုန်း၊ ၁၂ နှစ်အောက် ကလေးတစ်ဦးလျှင် ကျပ် ၈၀၀၀ နှုန်း ကောက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

စက်သုံးဆီဈေးနှုန်းများ ကျဆင်းလာပြီး ပြည်သူလူထု၏လိုလားချက်ကို ဖြည့်ဆည်းပေးလိုသဖြင့် ဇွန် ၁ ရက်မှစ၍ မီးသင်္ဂြိုဟ်ခ နှုန်းထားများကိုလူကြီးတစ်ဦးလျှင် ငွေကျပ် ၁၂၀၀၀ နှုန်း၊ ၁၂ နှစ်အောက်ကလေးတစ်ဦးလျှင် ငွေကျပ် ၆၀၀၀ နှုန်းသို့ လျှော့ချကောက်ခံမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေးထားသည်။

**သီဟကိုကို(မန္တလေး)**

# ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

**ကျောက်မဲ မေ ၂၈**
ကျောက်မဲခရိုင်အတွင်းရှိ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၏ သားသမီးများအတွက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၆ ရက် မွန်းလွဲ ၁ နာရီက ကျောက်မဲမြို့ အမှတ် ၁၂၀ ယာဉ်ထိန်းတပ်ဖွဲ့ စုမျှုးရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောက်မဲခရိုင်ယာဉ်ထိန်းတပ်ဖွဲ့ အမှတ် ၁၂၀ ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူး ချစ်စိန်က ပညာသင်စရိတ်ထောက်ပံ့ပေးရခြင်းနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် တပ်ဖွဲ့ဝင်များ၏ မိသားစုဝင် သားသမီးများကို ပညာတတ်များ ဖြစ်စေလိုသည့်အတွက် ပညာသင်စရိတ်ကို တတ်နိုင်သမျှ ထောက်ပံ့ချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း ပညာကြိုးစားသင်ယူပြီး ပညာတတ်များဖြစ်အောင် ကြိုးစားသွားရန်လိုပါကြောင်း၊ ပညာရွှေအိုး လူမခိုးဆိုသလို အသိပညာ၊ အတတ်ပညာမြင့်မားစေဖို့ အတန်းပညာသာမက ပြင်ပဗဟုသုတရရှိစေမည့် စာများလည်း များများဖတ်ရန် တိုက်တွန်းပါကြောင်း အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ကျောက်မဲ၊ သီပေါ၊ နောင်ချိုမြို့နယ်တို့ရှိ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၏ သားသမီးများအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေများ ပေးအပ်သည်။ တပ်ဖွဲ့ဝင်မိသားစုများ၏ ကိုယ်စား ယာဉ်ထိန်းတပ်ဖွဲ့ဝင် တပ်ကြပ်ကြီး ဘိုဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ပညာသင်စရိတ်ငွေများကို တက္ကသိုလ်အဆင့်တစ်ဦးလျှင် ကျပ် ၁၅၀၀၀ ဖြင့် သုံးဦး၊ အထက်တန်းအဆင့်တစ်ဦးလျှင် ကျပ် ၁၀၀၀၀ ဖြင့် သုံးဦး၊ အလယ်တန်းအဆင့်တစ်ဦးလျှင် ကျပ် ၇၀၀၀ ဖြင့် ငါးဦး၊ မူလတန်းအဆင့်တစ်ဦးလျှင် ၅၀၀၀ ကျပ်ဖြင့် ရှစ်ဦး စုစုပေါင်း ကျောင်းသား ၁၉ ဦးအတွက် ပညာသင်စရိတ်ငွေကျပ် ၁၅၀၀၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သိန်းသန်း(ကျောက်မဲ)**

# မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျိုက်ထိုတွင်ပြုလုပ်



**ကျိုက်ထို မေ ၂၈**
ကျိုက်ထိုမြို့နယ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်စေရန် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းမော်နှင့် ဝန်ထမ်းများက ကျိုက်ထိုမြို့နယ် လှည်းလမ်းကူးကျေးရွာအုပ်စု ဘိုက္ကာကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မေ ၂၆ ရက် နံနက် ၁၀ နာရီက မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ပြုလုပ်ခဲ့သည်။

ဟောပြောပွဲပြုလုပ်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းမော်က မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်များ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေနှင့် ပြစ်ဒဏ်များအပြင် ကွမ်းစားခြင်း၏ဆိုးကျိုးအကြောင်းကို ဟောပြောခဲ့သည်။

ယင်းနောက် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေကာ တက်ရောက်လာသည့် ကျေးရွာသူကျေးရွာသားများအား မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ နံရံကပ်ပြဘုတ်များတွင် ပြသထားသည့် အသိပညာပေးမှတ်တမ်းဓာတ်ပုံများကို လိုက်လံရှင်းလင်းပြသခဲ့သည်။

အဆိုပါဟောပြောပွဲသို့ လှည်းလမ်းကူးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းဌေးအောင်နှင့် ရပ်မိရပ်ဖများ၊ လူငယ်လူရွယ်များ တက်ရောက်ခဲ့သည်။

**ဝင်းမောင်(ကျိုက်ထို)**

# ကျောက်ကြီးမြို့နယ်တွင် လျှပ်စစ်ဓာတ်အားလိုင်းများ ကွန်ကရစ်တိုင်နှင့် လိုင်းသစ်များလဲလှယ်တပ်ဆင်

**ကျောက်ကြီး မေ ၂၈**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ၃၃ ကေဗွီ ဓာတ်အားခွဲရုံမှ နတ်သံကျေးရွာ ၁၁ ကေဗွီ ခုနစ်မိုင် ဓာတ်အားလိုင်းအား ကွန်ကရစ်တိုင်သစ်များနှင့် လိုင်းသစ်များဆွဲခြင်းနှင့် ကျောက်ကြီးမြို့တွင်း ပဲခူးရပ်၊ ဆားတန်းရပ်နှင့် ကပ်ကျေးရပ်ကွက် ၄၄၀ ဗို့ ၃ ဒသမ ၈ မိုင် ကွန်ကရစ်တိုင် အစားထိုးလဲလှယ်ခြင်းများကို Jica အစီအစဉ်ဖြင့် အောင်မြင့်မိုရ်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိရာ လိုင်းသစ်များ ဆက်သွယ်နိုင်တော့မည်ဟု သိရသည်။

"မြို့တွင်းလိုင်းတိုင်တွေက နှစ်တွေလည်းကြာ ဆွေးမြည့်ပြီး ခိုင်ခံ့မှုမရှိတော့ဘူး၊ ကွန်ကရစ်တိုင် အစားထိုးလဲလှယ်လိုက်တော့ မြို့တွင်း လျှပ်စစ်ဓာတ်အားလိုင်းတွေအတွက် စိတ်ချသွားရတာပေါ့" ဟု ကပ်ကျေးရပ်ကွက်နေ ဦးသန်းထွန်းက ပြောသည်။

"ကျောက်ကြီး နတ်သံကွင်း ၁၁ ကေဗွီ ဓာတ်အားလိုင်းမှာ ကွန်ကရစ်တိုင်ရော၊ ဗို့အားပိုပြည့်မီတဲ့ ဓာတ်အားလိုင်းရော အသစ်ဆွဲမှာ ဖြစ်ပါတယ်။ အဲဒီအတွက် ဓာတ်အားလိုင်းတွေ ကြံ့ခိုင်ကောင်းမွန်လာမယ်။ ဓာတ်အားပြတ်တောက်မှု လျော့နည်းသွားမယ်၊ လျှပ်စစ်အန္တရာယ်လည်း ကင်းရှင်းနိုင်မယ်၊ ဓာတ်အားပြည့်မီမယ်"ဟု ကျောက်ကြီးမြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း အင်ဂျင်နီယာ ဦးမျိုးမင်းဦးက ရှင်းပြသည်။

ကျောက်ကြီးမြို့နယ်တွင် ၃၃ ကေဗွီ လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်ပြီးနောက် ဖေဖော်ဝါရီလမှစ၍ လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ပြီဟု သိရသည်။ (၁၂၂)

# ကျွန်းလှမြို့နယ် မူလတန်းကြိုကျောင်း၌ စက်ရေတွင်း တူးဖော်လှူဒါန်း

**ကျွန်းလှ မေ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ထားသော မူလတန်းကြိုကျောင်း၌ စက်ရေတွင်းတူးဖော်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ထိုမူကြိုကျောင်းမှာ ကျောင်းဖွင့်ရက်တွင် ကလေးငယ်များကို နေ့စဉ်ထိန်းကျောင်း သင်ကြားပေးလျက်ရှိပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း သက်ကြီးဘိုးဘွားများအား အခမဲ့ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါမူကြိုကျောင်းတွင် ရေတွင်းမရှိသည့်အတွက် သောက်သုံးရေကို အခြားနေရာမှာ သွားရောက်ခပ်ယူသုံးစွဲရခြင်းကြောင့် အလှူရှင် မြို့နယ်လမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမာက လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# အခွန်အကောက်ဥပဒေဆိုင်ရာ ရှင်းလင်းပွဲ ကျင်းပ

**ချောက် မေ ၂၈**
မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အခွန်ဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၁၆ ခုနှစ် ပြည်ထောင်စုအခွန်အကောက်၏ ဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ဆိုင်ရာအချက်အလက်များ ရှင်းလင်းခြင်း အခမ်းအနားကို မေ ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ်ထွေအုပ်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်စုစုအောင်က အခွန်နှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စက်သုံးဆီဆိုင်၊ ဈေးဆိုင်၊ ယာဉ်ပိုင်ရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ စသည့် အခွန်ထမ်းပြည်သူ ၁၅၀ ခန့် တက်ရောက်ကြပြီး မရှင်းလင်းသည့် အချက်များကို မေးမြန်းကြရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်စုစုအောင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

တက်ရောက်လာသူများအား အခွန်ဆိုင်ရာအချက်အလက်များနှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ အထူးကုန်စည်ခွန်အကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

**မချို(ချောက်)**

# တရားမဝင် (Informal) ကဏ္ဍများကို တရားဝင် (formal) ကဏ္ဍများသို့ ပြောင်းလဲခြင်းဖြင့် မြန်မာ့စီးပွားရေးမြှင့်တင်နိုင်

à Dr. မောင်အောင်

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် တရားမဝင် (informal sector) များ ကြီးစိုးနေသည်မှာ ဓမ္မတာပင်ဖြစ်သည်။ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက်မူ ယခင် တရားမဝင်ကဏ္ဍများ၊ တရားဝင်ကဏ္ဍများ ဖြစ်လာမှသာ အမှန်တကယ် တိုင်းပြည်စီးပွားရေးအခြေအနေမှန်ကို သိနိုင်မည်ဖြစ်သလို ဘယ်ကဏ္ဍများ အရေးပါသည်၊ မည်သည့်ကဏ္ဍများတွင် informal များနေသည်၊ ဘာကြောင့်များနေရသည်၊ တရားဝင်ဖြစ်အောင် ပြုလုပ်ခြင်းဖြင့် အဆိုပါကဏ္ဍ၏ဝင်ငွေ၊ နိုင်ငံတော်ရမည့် အခွန်အကောက်သာမက အမှန်တကယ် တိုင်းပြည်ဝင်ငွေကိုပါ ဖော်ပြနိုင်မည်ဖြစ်သည်။ ပို၍အရေးကြီးသည်မှာ ကဏ္ဍအလိုက် အမှန်တကယ်အရေးပါမှု သိရှိခြင်းဖြင့် ချမှတ်မည့်ပေါ်လစီများလည်း မှန်ကန်အားကောင်းလာနိုင်ပြီး ရေရှည်တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ထို့အတွက် informal ကဏ္ဍ ကြီးထွားနေရသည့် အကြောင်းရင်းများ သိရှိဖို့ အရေးကြီးပြီး ပြောင်းလဲပြင်ဆင်နိုင်မှသာ တိုင်းပြည်စီးပွားရေးတိုးတက်မှုကို အရှိန်မြှင့်နိုင်မည်ဖြစ်သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ် ဆိုရှယ်လစ်စနစ်နှင့် တံခါးပိတ်စီးပွားရေးမူဝါဒကျင့်သုံးခဲ့ခြင်းကြောင့် ပြည်တွင်းထုတ်လုပ်မှု (domestic supply) က ပြည်တွင်းလိုအပ်ချက် (domestic demand) ကို မဖြည့်စွမ်းနိုင်သည့်အတွက် မှောင်ခိုဈေးကွက် (black market) ကြီးတဖြည်းဖြည်း ကြီးထွားခဲ့သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေကို အဓိကညွှန်ပြနေသည့် GDP နှင့် တစ်ဦးကျဝင်ငွေတို့မှာ အမှန်တကယ် လက်ရှိအခြေအနေထက် များစွာလျော့နည်းဖော်ပြနေမှုများကြောင့် ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် မြန်မာနိုင်ငံတွင် တရားမဝင်ကဏ္ဍ (informal sector) ကြီးထွားနေမှုကြောင့် တရားဝင်ဖော်ပြသည့် စီးပွားရေးအချက်အလက်များ၊ ဝင်ငွေများ အမှန်အခြေအနေထက်များစွာ လျော့နည်းနေခြင်းပင်ဖြစ်သည်။

ထို့အတွက် မြန်မာနိုင်ငံ၏ အမှန်တကယ်ရှိသည့် စီးပွားရေးအခြေအနေကိုဖော်ပြနိုင်ရန် လက်ရှိကြီးမားနေသည့် တရားမဝင်ကဏ္ဍများ (informal sectors) ကို တရားဝင်ကဏ္ဍများအဖြစ်သို့ ပြောင်းလဲနိုင်ရေး ပထမအဆင့်ဖြင့် ကြိုးစားမည်ဆိုလျှင် တိုင်းပြည်အဆင့် စီးပွားရေးအခြေအနေများ မြင့်မားလာနိုင်ပေသည်။

တရားမဝင်ရငွေဟုပြောဆိုရာတွင် တိုင်းပြည်ဝင်ငွေစာရင်းတွင် မပါဝင်သည့် ရငွေများကို ဆိုလိုသည်။ မိသားစုတစ်စုချင်းမှ အခြေခံလျှင် ပို၍ရှင်းရှင်းလင်းလင်း မြင်နိုင်ပြီး မိသားစုတစ်စု၏ အိမ်ထောင်ဦးစီး ဝန်ထမ်းလုပ်လျှင် အဆိုပါဝင်ငွေသာ စာရင်းဝင်ပြီး ကျန်မိသားစုဝင်များ၏ ဝင်ငွေများ အကျုံးမဝင်ပေ။ ထို့အတူ လုပ်ငန်းဆိုလျှင် မှတ်ပုံတင်ထားသည့်လုပ်ငန်းများ၏ စီးပွားရေးလုပ်ငန်းများသာပါဝင်ပြီး အခြားလုပ်ငန်းများ၏ ဝင်ငွေများ မပါဝင်ပေ။ အလွယ်ကူဆုံးနည်းလမ်းမှာ မိသားစုတိုင်း အသုံးစရိတ်များ ကာမိစေရန် တရားဝင်ရရှိသည့် ဝင်ငွေအနည်းငယ်သာရှိပြီး ကျန်သည်များမှာ စာရင်းမဝင်သည့် ဝင်ငွေများအဖြစ် ရှိနေဆဲဖြစ်သည်။ မိသားစုတိုင်း ဖခင်တစ်ဦးတည်းဝင်ငွေနှင့် ရပ်တည်၍ မရတော့၊ ကျောင်းသားမှလွဲ၍ ကျန်သူများအားလုံး အလုပ်လုပ်ရသည့်အခြေအနေဖြစ်သည်။ ဥပမာအားဖြင့် ကျောင်းဆရာ၊ ဆရာမ တစ်ဦး၏ဝင်ငွေမှာ လခသာမက ကျူရှင်ဝင်ငွေက ပို၍များသည်ကို အများသိကြသည်။ ထို့အတူ ဆရာဝန်တစ်ဦးလခထက် ပြင်ပဆေးခန်းဝင်ငွေ မည်မျှဝင်သည်ဆိုသည့်အချက် တရားဝင်စာရင်းဇယား မရှိပေ။

လက်ရှိ တိုင်းပြည်ဝင်ငွေတွက်ချက်ရာတွင် ယေဘုယျအားဖြင့် ကုန်ထွက်နည်းလမ်း၊ ဝင်ငွေနည်းလမ်းနှင့် အသုံးစရိတ်နည်းလမ်းဟူ၍ (၃) မျိုးရှိသည့်အနက် လက်ရှိတွက်ချက်နေသည့် ကုန်ထွက်နည်းလမ်းမှာ ဟာကွက်များ များစွာရှိနေသည့်အတွက် အမှန်အခြေအနေနှင့် ကွာဟသည်ဟု ဝေဖန်ချက်များလည်းရှိသည်။ အမှန်တကယ်မူ လက်တွေ့နှင့်နီးစပ်သည့် နည်းလမ်းမှာ အသုံးစရိတ်နည်းအရ တွက်ချက်သည့်နည်းလမ်းက အမှန်တကယ်သုံးစွဲရသည့်အတွက် အဆိုပါနည်းလမ်း အခြေခံမည်ဆိုလျှင် အမှန်နှင့် ပို၍နီးစပ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ လက်ရှိအခြေအနေတွင် informal ကဏ္ဍ နေရာတိုင်းတွင် ကြီးမားလျက်ရှိပါသည်။ ကွင်းဆက်အနေဖြင့် အခွန်အကောက်ရငွေ ၂၀၁၄-၁၅ တွင် GDP ၏ ၆ ရာခိုင်နှုန်း၊ ၂၀၁၅-၁၆ တွင် ၁၀ ရာခိုင်နှုန်းဝန်းကျင်ဖြင့် အာရှနိုင်ငံများအကြား အနည်းဆုံး ဖြစ်နေဆဲပင်ဖြစ်သည်။

တစ်ဆက်တည်းမှာပင် အကျင့်ပျက်ခြစားခြင်း ဖြစ်မြောက်နိုင်မှုစံနှုန်း (corruption perception index) အများဆုံးနိုင်ငံများတွင် ပါဝင်နေခြင်းကလည်း တရားမဝင်ကဏ္ဍများ ကြီးထွားနေခြင်းကိုလည်း အပြန်အလှန် တွန်းအားပေးနေပေသည်။ အထူးသဖြင့် နိုင်ငံခြားမှတင်သွင်းလာသည့် တန်ဖိုးမြင့်ကုန်ပစ္စည်းများ၊ ယာဉ်ယန္တရားများ စသည်တို့ model year အမှန်မပြဘဲ လျော့ပြခြင်းဖြင့် နိုင်ငံဘဏ္ဍာ ဘီလီယံချီ၍ ဆုံးရှုံးမှုများ ကြားနေရသည်။ တရားမဝင်ကဏ္ဍများ လျော့နည်းပပျောက်ရေးအတွက် ပညာရှင်များ လုပ်ငန်းကျွမ်းကျင်သူများပါဝင်သည့် စဉ်ဆက်မပြတ်ထိန်းကျောင်းသည့်စနစ်များလည်း ဖွဲ့စည်းဆောင်ရွက်သင့်ပေသည်။ ထို့အတွက် အဆိုပါ informal များကို formal ဖြစ်စေရန် ကြိုးစားခြင်းဖြင့် ဖုံးကွယ်ထားသည့်ဝင်ငွေများ၊ လုပ်ငန်းများ ပေါ်လာခြင်းဖြင့် တိုင်းပြည်ဝင်ငွေ တိုးလာနိုင်ပါသည်။

## တရားမဝင်ကုန်သွယ်မှုလျော့နည်းလာရေး

မြန်မာ့စီးပွားရေးတွင် informal ကြီးမားနေမှု မြင်သာသည့်ကဏ္ဍမှာ ကုန်သွယ်ရေးကဏ္ဍပင် ဖြစ်သည်။ တရားဝင်ဖော်ပြထားသည့် စာရင်းများအရ ယခုအခါ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တစ်နှစ်လုံး ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံနီးပါးရှိသော်လည်း တစ်ဖက်နိုင်ငံများ၏ စာရင်းနှင့် သုတေသီများ၏ ခန့်မှန်းတွက်ချက်မှုများအရ (၂) ဆမကများကြောင်း ဖော်ပြကြသည်။ ၂၀၁၄-၁၅ ခုနှစ် မြဝတီကုန်သွယ်ရေးဇုန်၏ တစ်နှစ်တာကုန်သွယ်မှုစာရင်းတွင် မြန်မာဘက်စာရင်းနှင့် ထိုင်းဘက်စာရင်း (၃) ဆကျော်ကွာခြားမှုကြောင့် မြဝတီကုန်သွယ်ရေးဇုန်ဘက်မှာပင် တရားမဝင်ကုန်သွယ်မှုက သိသိသာသာများနေကြောင်း တွေ့ရသည်။

တံခါးဖွင့်မူဝါဒကျင့်သုံးသည့် နိုင်ငံတိုင်းတွင် ကုန်သွယ်မှုကဏ္ဍသည် တိုးတက်မှုအတွက် ဦးဆောင်ကဏ္ဍဖြစ်ပြီး ပြည်တွင်းအခြားကဏ္ဍများ၏ ထုတ်ကုန်များ ပြည်ပဈေးကွက်သို့ ရောင်းချနိုင်လေ တိုင်းပြည်စီးပွားရေးတိုးတက်လေဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ပွင့်လင်းမြင်သာမှုကို ကုန်သွယ်မှုတန်ဖိုးအရ အကဲဖြတ်လေ့ရှိပြီး တိုင်းပြည်ဝင်ငွေ တစ်နည်းအားဖြင့် GDP တွင် ကုန်သွယ်မှု တန်ဖိုးများလေ ပွင့်လင်းမြင်သာမှုရှိလေဖြစ်သည်။ စင်ကာပူနိုင်ငံဆိုလျှင် ကမ္ဘာပေါ်တွင် အပွင့်လင်းဆုံးနိုင်ငံဖြစ်၍ ကုန်သွယ်မှု တန်ဖိုးက GDP ထက် (၃) ဆမကများနေကြောင်း တွေ့ရသည်။ ဆိုလိုသည်မှာ ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများသာမက ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများ၊ ကုန်သွယ်မှုနှင့်ဆက်စပ်နေသည့် ပို့ကုန်ထုတ်လုပ်မှုလုပ်ငန်းများ (export oriented industries) ဖြစ်လေ တိုးတက်လေပင် ဖြစ်သည်။

ကုန်သွယ်မှုတွင် တရားဝင်ကုန်သွယ်ရေး (formal trade)၊ တရားမဝင်ကုန်သွယ်ရေး (informal trade)၊ မှောင်ခိုကုန်သွယ်ရေး (illegal trade) ဟူ၍ ခွဲခြားနိုင်ပြီး တရားမဝင်ကုန်သွယ်မှုနှင့် မှောင်ခိုကုန်သွယ်မှုဟုဆိုလျှင် တရားမဝင်ရုံမက မမှန်ကန်သည့်နည်းလမ်းများဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။ ယေဘုယျအားဖြင့် နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများအရ ခွင့်ပြုထားသည့် ကုန်စည်များကို ခွင့်ပြုထားသည့် လမ်းကြောင်းများဖြစ်သည့် ဝင်ပေါက်များ၊ နယ်စပ်ဂိတ်များမှ ကုန်သွယ်ခြင်းဖြစ်သည်။ တရားမဝင်ဟုဆိုလျှင် ခွင့်ပြုမထားသည့် လမ်းကြောင်းများမှတစ်ဆင့် ကုန်သွယ်ခြင်းဖြစ်ပြီး မှောင်ခိုကုန်သွယ်မှု (illegal trade) ဟုဆိုလျှင် ခွင့်ပြုမထားသည့် ကုန်စည်များကို ခွင့်ပြုမထားသည့်လမ်းကြောင်းများမှ ကုန်သွယ်ခြင်းဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုဟုဆိုလျှင် (၂) ခုစလုံး အကျုံးဝင်သော်လည်း မှောင်ခိုဟုခေါ်သည့် (၂) နိုင်ငံခွင့်ပြုမထားသည့် မူးယစ်ဆေးဝါး၊ လက်နက်၊ ခဲယမ်းမီးကျောက်၊ လူနှင့် တိရစ္ဆာန်များ ကုန်သွယ်မှုတို့သည် ဒေသတွင်း ဘေးကင်းလုံခြုံမှုနှင့် မတည်ငြိမ်မှုတို့ကိုပါ ထိခိုက်နိုင်၍ အန္တရာယ်ကြီးမားပေသည်။

## ဘာကြောင့်တရားမဝင်ကုန်သွယ်မှု ကြီးထွားနေရလဲ

အခြေခံအကြောင်းရင်းများအနက် ယခင်ခေတ်အဆက်ဆက် ပိတ်ဆို့ထားခဲ့သည့် မြန်မာ့စီးပွားရေးထွက်ပေါက်အနေဖြင့် တရားမဝင်ကုန်သွယ်မှုအပေါ် မှီခိုခဲ့ရခြင်းက အဓိကအကြောင်းရင်းဖြစ်သည်။ ထို့ပြင် သဘာဝအနေအထားအရ ကုန်းမြေတစ်ဆက်တည်းကျယ်ဝန်းသည့် နိုင်ငံဖြစ်သည့်အလျောက် နယ်စပ်လိုင်း ကီလိုမီတာ (၆) ထောင်နီးပါးနှင့် ကမ်းစပ်လိုင်း ကီလိုမီတာ (၃) ထောင်နီးပါးရှိခြင်းသည်လည်း ထိစပ်နေသည့်နိုင်ငံများနှင့် အလွယ်တကူ ကုန်သွယ်နိုင်ခြင်းပင်ဖြစ်သည်။ မြန်မာဘက်က တရားမဝင်ဖွင့်နိုင်သည့် နယ်စပ်ဂိတ် (၁၅) ဂိတ်သာရှိသော်လည်း အခြားနိုင်ငံများဘက်ဝင်ပေါက် အများအပြားရှိနေခြင်းကလည်း တရားမဝင်ကုန်သွယ်မှုကို များစေသည်။

## တရားမဝင်ကုန်သွယ်မှု၏ ဆိုးကျိုးများ

တရားမဝင်ပြုလုပ်သည့် ကုန်သွယ်မှုပမာဏ (trade volume) သည် တိုင်းပြည်ဝင်ငွေ တစ်နည်းအားဖြင့် GDP တွင် မပါဝင်သောကြောင့် တိုင်းပြည်၏ အမှန်စီးပွားရေးအခြေအနေထက် လျော့နည်းစေသည့်အပြင် အရည်အသွေးစစ်ဆေးမှုမရှိဘဲ ဝင်ထွက်သည့်အတွက် စားသုံးသူများအတွက် ဘေးကင်းလုံခြုံမှု (safety) မရှိပေ။ စားသုံးရန်မသင့်သည့် စားသောက်ကုန်များ၊ သက်တမ်းလွန်နှင့် အတုများကြောင့် ပြည်သူလူထု၏ ကျန်းမာရေးထိခိုက်နိုင်သလို ဓာတုလွန်ကဲသည့် ဓာတ်မြေဩဇာများကြောင့် သဘာဝမြေဆီလွှာ ပျက်စီးမှုနှင့် အရည်အသွေးမမီသည့် ဘိလပ်မြေ၊ သံနှင့် သံထည်ပစ္စည်း စသည်တို့ကြောင့်လည်း ပြည်သူတို့အတွက် ဘေးအန္တရာယ်ကြီးမားကြောင်း တွေ့နေရသည်။ ယနေ့တိုင် မြန်မာ့စီးပွားရေးတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (small and medium enterprises-SMEs) များကသာ အဓိကပါဝင်နေသည့်အတွက် တရားမဝင်ကုန်သွယ်မှုကြောင့် အဆိုပါပစ္စည်းများ ထုတ်လုပ်သည့် SMEs များ ပြိုလဲနိုင်သလို မှန်မှန်ကန်ကန်လုပ်ဆောင်သည့် ကုန်သည်များ၊ မမှန်ကန်သည့် နည်းလမ်းများ လုပ်ဆောင်ရန် တွန်းပို့သလိုဖြစ်နိုင်သည်။

ထို့ပြင် အခွန်ကောက်နည်းပါးနေသည့် ယနေ့အချိန်တွင် ကုန်သွယ်မှုမှရရှိသည့် အခွန်သည် အရေးပါနေဆဲဖြစ်သည့်အတွက် တရားမဝင်ကုန်သွယ်မှုများလေ အဆိုပါအခွန်နည်းလေဖြစ်သည်။ ထို့အတွက် အစိုးရသစ်အနေဖြင့် များပြားလှသည့် ပြည်သူ့လိုအပ်ချက်များဖြည့်စွမ်းနိုင်ရန် ခက်ခဲနေမည်ဖြစ်သည်။ ထို့အတူ ရေရှည်တိုးတက်ဖွံ့ဖြိုးမှုအတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများဖိတ်ခေါ်နေသည့် ယခုကာလများတွင် တရားမဝင်ကုန်သွယ်မှုကြီးမားလျှင် ထုတ်လုပ်မှု အခြေပြုရင်းနှီးမြှုပ်နှံမှုကို အဟန့်အတားဖြစ်စေသည်။

## တရားမဝင်ကုန်သွယ်မှုလျော့နည်းရေး လုပ်ဆောင်မှုများ

ခေတ်အဆက်ဆက် အမြစ်တွယ်နေသည့် တရားမဝင်ကုန်သွယ်မှု သိသိသာသာလျော့ချနိုင်မှသာ မြန်မာ့စီးပွားရေး အဆင့်တစ်ခုသို့ မြင့်တက်နိုင်သလို ရေရှည်တိုးတက်မှုအတွက်ပါ အားပေးမည်ဖြစ်သည်။ တရားမဝင်ကုန်သွယ်မှု တိုးပွားနေသည့်အတွက် ၂၀၁၂ ခုနှစ်တွင် ရွှေ့လျားထိန်းချုပ်ရေးအဖွဲ့ “mobile team” ဟုခေါ်သည့်အဖွဲ့ကို စီးပွား/ကူးသန်း၊ အကောက်ခွန်၊ ပြည်ထဲရေး၊ ကုန်သည်အသင်းများနှင့် မီဒီယာပါဝင်ဖွဲ့စည်းပြီး အဓိကလမ်းကြောင်း (၁၂) နေရာတို့တွင် ထိန်းသိမ်းမှုများ ပြုလုပ်ခဲ့သည်။ အဂတိနည်းစေရန် ကုန်သည်အသင်းနှင့် မီဒီယာကိုပါ ပါဝင်စေခြင်းဖြစ်သည်။ ရုံးအဖွဲ့အစည်းသက်သက်မရှိခြင်း၊ လမ်းပေါ်တွင် လှည့်လည်လှုပ်ရှားရခြင်း၊ မှောင်ခိုလုပ်သူများ၏ ရန်ပြုခြင်းကိုလည်း တွေ့ကြုံခဲ့ရသည်။ တစ်ဖက်တွင်လည်း တရားမဝင်ကုန်သွယ်မှု အထိုက်အလျောက် ကျဆင်းခဲ့သလို စားသုံးရန်မသင့်သည့် စားသောက်ကုန်များ တန်ဖိုးအားဖြင့် ကျပ်သန်း ၂၄၀၀ ကျော်ခန့် ဖျက်ဆီးနိုင်ခဲ့ပြီး ပြည်သူ့ဘဏ္ဍာငွေအဖြစ် ကျပ်သန်းတစ်သောင်းကျော်ခန့် ရရှိခဲ့သည်။ သို့သော် အချိန်ကြာလာသည်နှင့်အမျှ အဆိုပါအဖွဲ့၏ အားနည်းချက်များ၊ ညှိနှိုင်းမှုများကြောင့်လည်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် အဆိုပါအဖွဲ့ကို ပြန်လည်ဖျက်သိမ်းခဲ့ရသည်။ အမှန်တကယ်မူ လူကိုလူချင်းတွေ့ပြီး စစ်ဆေးမှုသည် ကြာလျှင်ညှိနှိုင်းခြင်း၊ ဈေးဆစ်ခြင်းစသည့် အပေးအယူများကြောင့် မအောင်မြင်နိုင်ပေ။

တရားမဝင်ကုန်သွယ်မှု လျော့ကျစေပြီး အသေးစားကုန်သည်များ တရားဝင်ကုန်သွယ်နိုင်ရန်အတွက် တစ်ဦးချင်းကုန်သွယ်ခွင့်လက်မှတ် (individual trading card – ITC) များထုတ်ပေးပြီး တစ်ပတ်လျှင် သိန်းတစ်ရာတန်ဖိုးအထိ ကုန်သွယ်စေခြင်းဖြင့် အသေးစားကုန်သည်များအတွက် အဆင်ပြေလာသော်လည်း ကိုယ်ကျိုးစီးပွားအတွက် တရားမဝင်ကုန်သွယ်မှု ကြီးကြီးမားမားလုပ်နေသည့် ကုန်သည်ကြီးများရှိနေခြင်းကြောင့်လည်း ကြီးထွားရှင်သန်နေခြင်းဖြစ်သည်။

နိုင်ငံတော်အပိုင်းမှ ကုန်သွယ်မှုဆိုင်ရာ လွယ်ကူချောမွေ့စေရေး အထူးဇောင်းပေးလုပ်ဆောင်ရမည်ဖြစ်ပြီး အဆင့်များ၊ စာရွက်စာတမ်းများလျှော့ချခြင်း၊ စက်နှင့်နည်းပညာအခြေပြု စစ်ဆေးမှုများလုပ်ဆောင်ခြင်း၊ ကုန်သွယ်မှုဆိုင်ရာ အသိပညာများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ဆောင်ရွက်ခြင်းတို့ အရှိန်မြှင့်ရမည်ဖြစ်သည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ အခန်းကဏ္ဍသည်လည်း တရားမဝင်ကုန်သွယ်မှုလျှော့ချရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်ပေသည်။ ထို့အတူ နိုင်ငံတကာကဲ့သို့ နည်းပညာနှင့်စက် (X ray) များအသုံးပြုကာ စစ်ဆေးခြင်း၊ ဖွင့်နိုင်သည့် နယ်စပ်ဂိတ်များ တိုးချဲ့ဖွင့်လှစ်ခြင်းတို့ကိုလည်း လုပ်ဆောင်သင့်သည်။ အဆင့်မြင့်နည်းပညာအခြေခံ ဂြိုဟ်တုစလောင်းများမှ တရားမဝင် ဝင်ပေါက်များကို စဉ်ဆက်မပြတ် ကြည့်ရှုစစ်ဆေးပြီးတွေ့ရှိပါက ချက်ချင်းအရေးယူနိုင်သည့် စနစ်ဖော်ဆောင်နိုင်လျှင်လည်း တရားမဝင်ကုန်သွယ်မှု သိသိသာသာလျော့ကျစေနိုင်သည်။ ထို့အတူ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အောင်မြင်အောင် လုပ်ဆောင်ခြင်းဖြင့် တရားမဝင်ကုန်သွယ်မှု ကျနိုင်သလို ဂိတ်သစ်များလည်း ဖွင့်နိုင်မည်ဖြစ်သည်။

နယ်စပ်တစ်လျှောက် အချက်အခြာကျသည့်နေရာများတွင် ကုန်သွယ်ရေးဇုန်များ၊ ကုန်းတွင်းဂိတ်ကြီးများ (dry ports) ပိုမိုဖော်ဆောင်ခြင်းဖြင့်လည်း တရားမဝင်ကုန်သွယ်မှု လျော့ကျစေနိုင်သည်။ အရေးကြီးသည်မှာ တရားမဝင်ကုန်သွယ်သူများကို ဖော်ထုတ်၍ ထိရောက်သည့် ပြစ်ဒဏ်ပေးခြင်းလည်း အများသိအောင် လုပ်ဆောင်ရမည်ဖြစ်သည်။ AEC အကောင်အထည်ဖော်တော့မည်ဖြစ်၍ ကုန်ပစ္စည်းအဝင်အထွက် အားလုံးနည်းပညာအခြေပြု ပြတင်းတစ်ပေါက်စနစ် (single window system) ကျင့်သုံးတော့မည်ဖြစ်၍ ကုန်စည်စီးဆင်းမှု ပိုမိုမြန်တော့မည်ဖြစ်သလို ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် self certification စနစ်ကျင့်သုံးမည်ဖြစ်ရာ မိမိဖော်ပြထားသည့်အတိုင်း ကုန်သွယ်ခွင့်ပြုတော့မည်ဖြစ်သည်။ ဤစနစ်များအောင်မြင်လာမည်ဆိုလျှင် တရားမဝင်ကုန်သွယ်မှု သိသိသာသာလျော့လာမည်ဖြစ်ပြီး တိုင်းပြည်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုကိုပါ ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။

အချုပ်အားဖြင့် တရားမဝင်ကဏ္ဍများ တရားဝင်ကဏ္ဍသို့ ပြောင်းလဲရေးမှာ ကျယ်ပြန့်သည့်အပြင် အရှုပ်စွဲနေသည့် အလေ့အထဖြစ်သည့်အတွက် အစိုးရသစ်တစ်ဦးတည်းပြုလုပ်၍ မရနိုင်ပေ။ နိုင်ငံတော် ပုဂ္ဂလိကပြည်သူများ ပူးပေါင်းဆောင်ရွက်မှု (public private partnership- PPP) ပုံစံဖြင့်လုပ်ဆောင်မှသာ အောင်မြင်နိုင်ပေသည်။ နိုင်ငံတော်အပိုင်းမှ တရားမဝင်လုပ်ဆောင်မှုများ တရားဝင်ဖြစ်လာစေရန်အတွက် စည်းရုံးပညာပေးခြင်း၊ တွန်းအားပေးခြင်း၊ ဆွဲဆောင်မှုပေးခြင်း၊ ဂုဏ်ပြုပေးခြင်းစသည်တို့ ပြုလုပ်ပေးရမည့်အပြင် စီးပွားရေးပတ်ဝန်းကျင်ကောင်း (conducive business environment) ကိုလည်း ပိုမိုဖန်တီးပေးရမည်ဖြစ်သည်။ လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် မလိုသည့် ကြိုးနီစနစ် (red tape) များ လျှော့ရမည်ဖြစ်သလို ကောက်ခံသည့် အခွန်နှုန်းထားများသည်လည်း အများပြည်သူပေးဆောင်နိုင်စွမ်းရှိသည့်နှုန်း (affordable tax rate) ဖြစ်ရန်လိုပေသည်။ ထို့အတူ လုပ်ငန်းရှင်များ လက်တွေ့ရင်ဆိုင်နေရသည့် အခက်အခဲပြဿနာများကိုလည်း အတတ်နိုင်ဆုံးနှင့် အမြန်ဆုံးဖြေရှင်းသည့်နည်းလမ်းဖြင့် အစိုးရနှင့်ပြည်သူအကြား အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာကဲ့သို့ ကျောသားရင်သား မခွဲခြားဘဲ တရားမဝင်ပြုလုပ်သူများကို ထိရောက်သည့် အရေးယူမှုများကိုလည်း လုပ်ဆောင်ရမည်ဖြစ်သလို ပြစ်ဒဏ်သာမက နာမည်ပျက်စာရင်းသွင်းကာ နောင်မည်သည့် လုပ်ငန်းမှလုပ်ခွင့်မရမှသာ အောင်မြင်မည်ဖြစ်သည်။

ပြည်သူများအနေဖြင့်လည်း အပြုသဘောဖြင့် နိုင်ငံ့အကျိုး၊ အများအကျိုး ဖော်ဆောင်နိုင်ရေးအတွက် တစ်ဦးချင်းစီ၏ အသိစိတ်ဓာတ် (mindset) ပြင်ရမည်ဖြစ်သလို စီးပွားရေးလုပ်ငန်းရှင်တိုင်း စီးပွားရေးကျင့်ဝတ် (business ethics)၊ လူ့ပတ်ဝန်းကျင် အသိုင်းအဝန်းကျင့်ဝတ် (community ethics) တို့ မလွဲမသွေ လိုက်နာရမည်ဖြစ်သည်။ တရားမဝင်သည့် လုပ်ဆောင်မှုကိုယ်တိုင်မလုပ်သလို မိမိဝန်းကျင်ရှိ လုပ်ငန်းရှင်များမလုပ်စေရန် ဆွေးနွေးပြောကြားခြင်း၊ လုပ်သူများကိုလည်း အချိန်မီ သက်ဆိုင်ရာသို့ သတင်းပေးခြင်းဖြင့် ဝိုင်းဝန်းကူညီရမည်ဖြစ်သည်။ သို့ဖြစ်၍ တရားမဝင်ကဏ္ဍများ လျှော့ချနိုင်ရေးအတွက် အစိုးရသစ်နှင့်အများပြည်သူ တက်တက်ကြွကြွ ဝိုင်းဝန်းလုပ်ဆောင်ခြင်းဖြင့် နိုင်ငံ၏ဘဏ္ဍာငွေ ပိုမိုရရှိလာမည်ဖြစ်သလို တိုင်းပြည်အဆင့် စီးပွားရေးအတိုင်းအတာတစ်ခုအထိ မြှင့်တင်ပေးနိုင်မည် ဖြစ်ပေသည်။






MADE IN THE UK.
VALUED WORLDWIDE.

# MBA Programmes

INTERNATIONAL LEARNING.
INDEPENDENT THINKING.

www.ebsglobal.net

မြန်မာနိုင်ငံတွင်တက်ရောက်နိုင်သော နိုင်ငံတကာ MBA များတွင်အကောင်းဆုံးနှင့် ဂုဏ်သိက္ခာအကြီးမားဆုံးဖြစ်သော UK နိုင်ငံ Heriot-Watt University, Edinburgh Business School မှ MBA, MBA (Finance), MBA (Marketing), MBA (HRM) နှင့် MSc programmes များကို Strategy First Institute မှ တရားဝင်အသိအမှတ်ပြု မိတ်ဖက်အဖြစ်ယူဆောင်လာခဲ့ပြီဖြစ်ပါသည်။

UK, Scotland ရှိ Heriot-Watt University ကို 1821 တွင်တည်ထောင်ခဲ့ပြီး UK တွင် (၉) ခုမြောက်သက်တမ်းအရှည်ဆုံး အဆင့်မြင့်ပညာရေးအဖွဲ့အစည်းဖြစ်ပါသည်။ UK နိုင်ငံရှိ တက္ကသိုလ်များ၏ အဆင့်သတ်မှတ်ချက်ကို ဖော်ပြသော UK Guardian University League Table 2016 တွင် Heriot-Watt University သည်နံပါတ် (၁၈) နေရာရရှိထားပြီး QS World's Ranking အရကမ္ဘာ့အကောင်းဆုံးတက္ကသိုလ်များတွင် အဆင့် (၃၀၈) ရှိသောတက္ကသိုလ်တစ်ခုဖြစ်ပါသည်။ Edinburgh Business School (EBS) သည် Heriot-Watt University ၏ ဘွဲ့လွန်စီးပွားရေးသင်တန်းများကို သင်ကြားပေးနေသောဌာနတစ်ခုဖြစ်ပါသည်။ ယခုလက်ရှိ EBS MBA programme များကို နိုင်ငံပေါင်း (၁၆၆) နိုင်ငံမှ တက်ရောက်နေကြပြီး တက်ရောက်နေသူများထဲတွင် Fortune (500) စာရင်းတွင်ပါဝင်သော ကမ္ဘာ့ဩဇာအကြီးမားဆုံးကုမ္ပဏီများမှလည်း ပါဝင်ပါသည်။

MBA သင်တန်းများအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားပြီး လုပ်သက်အတွေ့အကြုံအနည်းဆုံး (၃) နှစ်နှင့် အင်္ဂလိပ်စာကျွမ်းကျင်မှု IELTS 6.5 ရရှိထားရန် လိုအပ်ပါသည်။ IELTS စာမေးပွဲ အောင်လက်မှတ်မရှိပါက အင်္ဂလိပ်စာ အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပါသည်။ ဘွဲ့မရရှိထားသော်လည်း လုပ်သက်အတွေ့အကြုံကောင်းမွန်သော လုပ်ငန်းရှင်များကိုလည်း အင်္ဂလိပ်စာ လိုအပ်ချက်ပြည့်မီပါက ဝင်ခွင့်ရရှိရန် စဉ်းစားပေးပါမည်။ ပထမ Core Module သုံးခုအောင်မြင်မှသာ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

သင်တန်းကြေးများမှာ MBA (General) 9675 USD + 5,000,000 Kyats နှင့် MBA (with Specialism) 11800 USD + 5,000,000 Kyats ဖြစ်ပြီး ဘာသာရပ်အားလုံးကို UK မှ တိုက်ရိုက်စာမေးပွဲစစ်ဆေး ဆုံးဖြတ်ပါသည်။ သင်တန်းများအောင်မြင်ပြီးဆုံးသည့်အခါ UK Heriot-Watt University မှ ချီးမြှင့်သောဘွဲ့ကို ရယူနိုင်ပါသည်။ UK, Malaysia နှင့် Dubai တို့ရှိ Heriot-Watt University Campus များတွင် Revision အတန်းများသွားရောက်သင်ယူလိုပါက တစ်ဘာသာလျှင် ပေါင် ၃၀၀ ထပ်မံ ပေးသွင်းပြီးတက်ရောက်နိုင်ပါသည်။ မအားလပ်သောအလုပ်ခွင်မှ အရာရှိများအတွက်အဆင်ပြေစေရန် အတန်းချိန်များသည်ရုံးပိတ်ရက်များနှင့်ရုံးချိန်လွတ်သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လကြာမြင့်ပါမည်။



■ သင်တန်းများကို ဇွန်လ (၄) ရက်နေ့တွင် စတင်မည်ဖြစ်ပါသည်။

သင်တန်းအပ်လက်ခံမည့် နောက်ဆုံးရက် - မေလ (၂၈) ရက်

■ သင်တန်းကြေးကို (၁၅) ကြိမ်အထိ အရစ်ကျပေးသွင်းနိုင်ပါသည်။

Installment plan လျှောက်ထားရန် နောက်ဆုံးရက် - 31 May 2016

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp.

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.

Apply Now - (09) 450177770

အောင်စကြာဆရာတော် ကြီး ဒေါက်တာဘဒ္ဒန္တစန္ဒသိရီ (မဟာကမ္မဋ္ဌာနာစရိယ၊ဓမ္မကထိကဗဟုဇနဟိတဓရ) ဦးဆောင်သောအောင်စကြာပရမေတ္တာစက္ခုဒါနဆေးရုံကြီးတွင်မျက်စိဝေဒနာရှင်များအားလူမျိုး၊ဘာသာ၊အဆင့်အတန်းမရွေးအခမဲ့ကုသပေးလျက်ရှိရာစေတနာရှင်များမှမျက်စိခွဲစိတ်မည့်ဝေဒနာရှင်များအတွက်အလင်းအလှူပေးလှူနိုင်ကြပါသည်။လစဉ်(၂)ကြိမ်မျက်စိခွဲစိတ်ကုသလျက်အလင်းအလှူပေးနေပါသည်။ဆက်သွယ်လှူဒါန်းလိုပါကအောင်စကြာဆရာတော်(ဖုန်း)၀၉၅၁၄၇၇၃၈၊အုပ်ချုပ်ရေးအဖွဲ့(ဖုန်း)၀၉၇၇၁၉၂၄၀၉တို့သို့ဆက်သွယ်ပါရန်။

လှိုင်မင်းလတ်
စာရင်းကိုင်သင်တန်း November Series / 2016
LCCI Diploma in IFR
Computerised Accounting

| Level I+II | | သင်တန်းချိန် | စမည့်ရက် |
|---|---|---|---|
| Sec(A) | Sat+Sun | 7-9 (am) | 18.June |
| Sec(B) | Sat+Sun | 9-11 (am) | 25.June |
| Sec(C) | Sun | 11-3 (pm) | 26.June |
| Sec(D) | Mon+Tue | 6-8 (pm) | 4.July |
| Sec(E) | Sat | 11-3 (pm) | 2.July |
| Sec(F) | Fri | 12-4 (pm) | 8.July |
| Sec(G) | Tue to Fri | 12-3(pm) | 1.July |

| Level III | | သင်တန်းချိန် | စမည့်ရက် |
|---|---|---|---|
| Sec(A) | Sat+Sun | 3- 8 (pm) | 25.June |
| Sec(B) | Wed to Sun | 6- 8 (pm) | 29.June |
| Sec(C) | Tue to Fri | 8-12 (am) | 7.July |

June တန်းခွဲသစ်စမည်
နံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ၊
Ph: 09 510 9922
အမှတ် ၃၄၊ ၄လွှာ၊ အင်းစိန်လမ်းမ၊ ကမာရွတ်၊ လှည်းတန်းမှတ်တိုင်အနီး၊ရန်ကုန်

SiES ENGLISH SCHOOL
အင်္ဂလိပ်စကားပြော(SPEAKING အဓိကတန်းခွဲများ)
၁၀ တန်းဖြေထားသူများ၊ ဘွဲ့ကြိုများ၊ ဘွဲ့ရများ၊ ဝန်ထမ်းများ – အားလုံးအတွက်( ၂လ သင်တန်း)
လှည်းတန်းမီးပွိုင့်အနီး
ကမာရွတ်၊ ရန်ကုန်
09 5406533
၁.၆.၂၀၁၆ နေ့ စမည်။

## ၂၂-၅-၂၀၁၆ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၇)ကြော်ငြာပါ ဒေါ်တင်တင်ဝေ[၉/နထက(နိုင်)၀၀၈၄၄၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်းသည် ဥပဒေအရ လွဲမှားကြေညာချက်ဖြစ်နေကြောင်း ဦးထွန်းထွန်းလွင်ဘက်မှ အလေးအနက် တုံ့ပြန်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးထွန်းထွန်းလွင်[၁၃/တကန(နိုင်)၁၉၅၆၆၃]၏ လွှဲအပ်ညွှန်ကြားချက်အရ ၂၈-၄-၂၀၁၆ရက်ထုတ် ကြေးမုံတင်းစာ၊ စာမျက်နှာ-၂၂(ကြော်ငြာ)တွင်“ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇/၈၊လူနေရပ်ကွက်အမှတ်-ရွှေပင်လုံအိမ်ရာ၊ မြေကွက်အမှတ်(၁၃)ဖြစ်သော အကျယ်အဝန်း(၀. ၁၂၈)ဧက အကျယ်အဝန်းရှိ နှစ်(၆၀)မြေကွက်နှင့်မြေပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံနှင့် စပ်လျဉ်း၍ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ အောင်ချမ်းသာအိမ်ရာ၊ အမှတ်(၂)၊ အခန်းအမှတ်(၀၀၃)၊ တတိယထပ်နေ ဒေါ်တင်တင်ဝေ[၉/နထက(နိုင်)၀၀၈၄၄၀]နှင့် အများသိစေရန်”ကြေညာချက်ကို ထည့်သွင်းကြော်ငြာခဲ့ပါသည်။

ယင်းသို့ ကြော်ငြာမှုအပေါ် ဒေါ်တင်တင်ဝေ၏ လွှဲအပ်ညွှန်ကြားချက်အရဆိုကာ တရားလွှတ်တော်ရှေ့နေ ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀)နှင့်အထက်တန်းရှေ့နေများဖြစ်သော ဒေါ်စန်းစန်းနု(စဉ်-၂၃၂၅၂)၊ ဒေါ်စိုးစိုးနွယ်(စဉ်-၄၂၇၈၈)တို့က ၂၂-၅-၂၀၁၆ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ-၇(ကြော်ငြာ)တွင် **အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်းကို ထည့်သွင်းကြေညာခဲ့ရာ၌ “တရားရုံးများ မထီမဲ့မြင်ပြုမှုဥပဒေအရ----”**ဟု ပါရှိခဲ့ရာ “တရားရုံးများ မထီမဲ့မြင်ပြုမှုဥပဒေဆိုသည်မှာ” ယခင် ဥပဒေဟောင်းကို မှားယွင်းကိုးကားနေခြင်းဖြစ်ပြီး၊ ၂၉-၇-၂၀၁၃ ရက်က ပြဋ္ဌာန်းခဲ့သော ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်-၁၇ ဖြစ်သည့် “တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေ”ပါ ပြဋ္ဌာန်းချက်ကို လျစ်လျူရှုသုံးနှုန်းနေခြင်း ဖြစ်ပါကြောင်းနှင့် ဦးထွန်းထွန်းလွင်မှ သတင်းစာတွင် ထည့်သွင်းကြေညာသည့်နေ့မှာ ၂၈-၄-၂၀၁၆ရက်ဖြစ်ပြီး ဒေါ်တင်တင်ဝေက စွဲဆိုထားသည်ဆိုသော တရားမကြီးမှုအမှတ်-၃၂၉/၂၀၁၆အတွက် ရုံးခေါ်စာကို ဦးထွန်းထွန်းလွင်ထံ ၁၇-၅-၂၀၁၆ရက်ကမှ ချအပ်ခဲ့သည့်အတွက် အမှုစွဲဆိုထားကြောင်း ရုံးခေါ်စာမရောက်ရှိမီကပင် သတင်းစာတွင် ထည့်သွင်းကြေညာထားခြင်းဖြစ်၍ ယခင်ဖျက်သိမ်းပြီး ဥပဒေဖြစ်သော “တရားရုံးများ မထီမဲ့မြင်ပြုမှုဥပဒေပုဒ်မ-၃အရလည်း မည်သည့်နည်းနှင့်မှ တရားစွဲဆို၍မရသလို“၂၀၁၃ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်-၁၇ဖြစ်သည့် တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေ၏ အခန်း(၂)(၃)ပါ ပြဋ္ဌာန်းချက်များအရလည်း မည်သို့မျှ အရေးယူပိုင်ခွင့်မရှိသဖြင့် ဒေါ်တင်တင်ဝေနှင့် ရှေ့နေများ၏ ကြော်ငြာချက်သည် ရုပ်သိမ်းပြီးဖြစ်သည့် The comtempt of courts Act ဥပဒေကို တည်ရှိနေသည့်သဖွယ် လွဲမှားကြေညာချက်ဖြစ်နေ၍ ကျွန်ုပ်တို့မှ ၂၈-၄-၂၀၁၆ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ-၂၂(ကြော်ငြာ)ပါ ကြေညာချက်ကို စွဲမြဲရင်းအတိုင်း အတည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ထို့ပြင် ဦးထွန်းထွန်းလွင်မှလည်း ဒေါ်တင်တင်ဝေအပေါ် “သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ-၉အရ မတရားလက်လွှတ်ဆုံးရှုံးခဲ့ရသော မြေနှင့်နေအိမ်အား ပြန်လည်လက်ရောက်ရလိုမှုကို ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌ တရားမကြီးမှုအမှတ်-၂၆၂/၂၀၁၆ဖြင့် စွဲဆိုထားပြီးဖြစ်ပါကြောင်း”နှင့် ဒေါ်တင်တင်ဝေ၏ရှေ့နေများ ကြေညာချက်အပိုဒ်(၁)ပါ ဒေါ်တင်တင်ဝေနေထိုင်သည်ဆိုသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇/၈၊ လူနေရပ်ကွက်အမှတ်၊ ရွှေပင်လုံအိမ်ရာ၊ မြေကွက်အမှတ်(၁၃)ဆိုသည်မှာလည်း ဦးထွန်းထွန်းလွင်မှ တရားလိုပြုလုပ်၍ ဒေါ်တင်တင်ဝေအပေါ် စွဲဆိုထားသည့် အမှု၏အဆိုလွှာပါ ပစ္စည်းဖြစ်နေကြောင်း အလေးအနက် တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးထွန်းထွန်းလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထွန်းအေး(B.A,R.L)** — တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၃၅)
**ဒေါ်ဆွေဆွေညွှန့်(LL.B)** — တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၇၁)
**ဒေါ်ခင်ကြည်မွန်(LL.B)** (စဉ်-၁၀၀၅၂)
**ဒေါ်အေးခိုင်ဇင်(LL.B,D.B.L,D.I.L)** စဉ်(၁၀၁၂၄)
**ဒေါ်သီတာအေးမြ(LL.B)** (စဉ်-၄၅၂၀၄)
တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ
အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၀၅၀၄၃၊ ၀၉-၇၃၀၉၆၁၂၅၊ ၀၉-၂၅၀၃၇၅၅၇၂




MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
၂၀၀,၀၀၀ ကျပ်
၂,၀၀၀,၀၀၀ ကျပ်
၂၀၀ ကျပ်
၂၀၀,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ်
၂,၀၀၀ ကျပ်
၂,၀၀၀ ကျပ်
၂၀၀ ကျပ်
၂,၀၀၀,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ်
သုံးစွဲသူ
သန်း ၂၀
ကို လှိုက်လှဲစွာကျေးဇူးတင်ပါတယ်
MPT သုံးစွဲသူ သန်း (၂၀) ပြည့် အထိမ်းအမှတ်
ဆုလက်ဆောင်များ
ငွေဖြည့်ပမာဏ (၂)သန်းထိ ကံထူးနိုင်ဖို့
20 ဟုရိုက်ပြီး 2222 သို့ အခမဲ့ SMS ပေးပို့ခြင်းဖြင့် ပျော်ရွှင်စွာပါဝင်လိုက်ကြပါစို့
SMS ပေးပို့သူတိုင်း ဆုလက်ဆောင်များ ရရှိပါမည်။
အပိုဆုငွေ ၂,၀၀၀,၀၀၀ ကျပ် ကံထူးသူများသည် ၅ နှစ်ကြာ အသုံးပြုနိုင်ပါသည်။
ဖုန်းခေါ်ဆိုမှု အတွက် ၁,၀၀၀,၀၀၀ ကျပ် နှင့် အင်တာနက်အတွက် ၁,၀၀၀,၀၀၀ ကျပ်
အပိုဆုငွေ ၂၀၀,၀၀၀ ကျပ် ကံထူးသူများသည် ရက်ပေါင်း ၃၆၀ ကြာ အသုံးပြုနိုင်ပါသည်။
ဖုန်းခေါ်ဆိုမှု အတွက် ၁၀၀,၀၀၀ ကျပ် နှင့် အင်တာနက်အတွက် ၁၀၀,၀၀၀ ကျပ်
အပိုဆုငွေ ၂၀,၀၀၀ ကျပ် ကံထူးသူများသည် ရက်ပေါင်း ၆၀ ကြာ အသုံးပြုနိုင်ပါသည်။
ဖုန်းခေါ်ဆိုမှု အတွက် ၁၀,၀၀၀ ကျပ် နှင့် အင်တာနက်အတွက် ၁၀,၀၀၀ ကျပ်
အပိုဆုငွေ ၂,၀၀၀ ကျပ် ကံထူးသူများသည် ၁၀ ရက်ကြာ အသုံးပြုနိုင်ပါသည်။
ဖုန်းခေါ်ဆိုမှု အတွက် ၁,၀၀၀ ကျပ် နှင့် အင်တာနက်အတွက် ၁,၀၀၀ ကျပ်
အပိုဆုငွေ ၂၀၀ ကျပ် ကံထူးသူများသည်ဖုန်းခေါ်ဆိုမှုနှင့် အင်တာနက်အတွက် ၅ ရက် ကြာ အသုံးပြုနိုင်ပါသည်။
MPT ၏ Prepaid/Postpaid GSM/WCDMA/CDMA မိုဘိုင်းဖုန်းအသုံးပြုသူများအားလုံး ပါဝင်ခွင့်ရှိပါသည်။
ပရိုမိုးရှင်းကာလမှာ ၂၀၁၆ ခုနှစ် မေလ ၂၀ ရက်နေ့မှ ဇွန်လ ၂ ရက် နေ့ထိ ဖြစ်ပါသည်။
ပါဝင်ကံစမ်းသူများအနေဖြင့် ပရိုမိုးရှင်းကာလ အတွင်း ကံစမ်းခွင့် SMS တစ်စောင်သာ ပေးပို့ခွင့်ရှိပါသည်။
ဆုလက်ဆောင်များကို ဇွန်လ ၂ ရက်နေ့နောက်ပိုင်းတွင် SMS ပေးပို့ပြီးအကြောင်းကြားပေးပါမည်။
ကံထူးသူများသည် အပိုဆုငွေများဖြင့် MPT အချင်းချင်းဖုန်းခေါ်ခြင်း၊ Mobile data အသုံးပြုခြင်း၊ ပရိုမိုးရှင်း Package ဝယ်ယူခြင်းများကို အသုံးပြုနိုင်ပါသည်။
* ၂၀၁၆ ဧပြီလ ၁ ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်ဆောင်းကောက်ခံသွားပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline
24 hours everyday

# ငွေရတု မင်္ဂလာနှစ်ပတ်လည် ဆုမွန်ကောင်း

ဖေဖေ ဦးကျော်သူရ (ဒုဥက္ကဋ္ဌ - Kaung Myanmar Aung Group of Companies)

နှင့်

မေမေ ဒေါ်ခင်လှလှ (ဒုဥက္ကဋ္ဌ - CB Bank)တို့၏

မေလ ၂၈ ရက်နေ့တွင် ကျရောက်သော ၂၅ နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သော သား၊ သမီးများနှင့်အတူ ပျော်ရွှင်စွာ ရာသက်ပန် ပေါင်းဖက်နိုင်ပါစေကြောင်းနှင့် ဘာသာအကျိုး၊ သာသနာအကျိုး၊ တိုင်းပြည်အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကိုစွန်ရဲမင်းကိုကို + မအင်ကြင်းသူရ
အာဂသူရ၊ မာဂသူရ

The 3rd International Exhibition for Food & Drink, Hotel, Restaurant, Bakery & Food Service Equipment, Supplies & Services

Visit

FOOD & HOTEL 2016 Myanmar

1-3 JUNE
Myanmar Event Park (MEP)
Yangon 10.00 -18.00 Hrs.

Myanmar's Largest & Most International Food & Hospitality Trade Event in Myanmar

- 250 Exhibitors
- 7 International Pavilions
- 1,000 Products
- Industry Events

Including: MCAC 2016 Myanmar Culinary Arts Competition; MNBC 2016 Myanmar National Barista Championship



The Industry's Choice

Visitor Pre-Registration at www.foodandhotelmyanmar.com
Find us on Facebook

Supported by: ... Organised by: ...

• Open to trade visitors only • Minor aged below 18 will not be allowed admission • All visitors must be in proper attire

Information Hotline: Tel: +95-1 513 515-519
Email: marketing@informationmatrix.com
Contact: U Htet Wai Zaw

## ပြည့်စုံးအောင်
Exclusive Bridal Creations

သတို့သမီးဝတ်စုံ - ဂါဝန် နှင့် ပွဲထိုင်ဝတ်စုံများကို ပုံစံတကျစွာ ညှပ်နိုင်စေရန်အတွက် Pattern drawing and Cutting သီးသန့်သင်တန်းကို June 7 တွင် စပါမည်။

(သင်တန်းကာလ (၂) လ)

အသေးစိတ်သိလိုသူများ အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။
အမှတ်(၂၃၀)၊ ၃၅ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၀၁-၃၈၈၅၈၉၉၊ ၀၁-၃၈၃၃၇၈၉

## TOP®
HIGH QUALITY PLASTIC PRODUCTS

ကြက်သောက်ရေခွက် (၁ဂါလံ/ ၂ဂါလံ)၊
ကြက်အစာခွက် (အောက်ခံ ဦးလုံး/ဦးချွန်)
ကြက်အစားမန်း၊ ဆုံလည်ကြက်အစာခွက်၊
ကြက်ဥကန် (အသေး/အကြီး)၊ အစာငင်၊
ကြက်ရေသောက်ခေါင်း၊ အောက်ခံခွက်
အစာမြောင်း (၂ပေ) တို့ကို လက်ကားဖြန့်ချီပေးနေပါသည်။



☎ 01-642028, 01-642065
09-253 542 036, 09-7800 28200

## ပြင်ဆင်ဖတ်ရှုပါရန်
၃-၅-၂၀၁၆ ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ(ကြော်ငြာ)(၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာ...မြို့နယ် GP-ဦးသန်းထိုက်စိုး...ပိုင်ဆိုင် + အရောင်း...မြေပုံကူးတွင် GP-ရသူဦးသန်းထိုက်စိုး(၁၂/ ဥကမ(နိုင်)၀၁၆၃၉၉)ဟုအမှန်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်
၁၅-၂-၂၀၁၆ ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၁၄)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ GP-ဦး ဝင်းမြင့်၏မြေပုံကူးတွင် ပိုင်ဆိုင်စာချုပ်ရရန် အစား ပိုင်ဆိုင် + အရောင်းအဝယ်စာချုပ်ရရန် မြေပုံကူးဟု အမှန်ဖတ်ရှုပါရန်။

## ပြည့်မြန်မာ
အိမ်ပြောင်း၊ အိမ်ရွှေ့၊ ကားအငှား ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်များ၊ တိုက်ခန်း၊ ရုံးခန်းများကို မြို့တွင်း၊ နယ်ဝေး(သို့) ကားနှင့် လုပ်သားများဖြင့် အဆင်ပြေ ချောမွေ့စွာ အထူးသက်သာသော ဈေးနှုန်းများဖြင့် ဝန်ဆောင်မှုပေးနေပါသည်။
ဖုန်း-၀၉-၇၈၁၂၆၉၄၁၂၊ ၀၉-၄၅၀၀၅၃၉၂၈၊ ၀၉-၉၆၁၃၆၈၅၁၆၀၊ ၀၉-၂၅၂၄၆၃၀၉၄

PUN HLAING SILOAM HOSPITALS

## Monsoon Promotion
Coronary Risk Check Up
~~165,000~~ ks
96,000 ks
Only in June @PHSH

Don't let your heart cry in heavy rain



နှလုံးသွေးကြောကျဉ်း ရောဂါ ရှိမရှိ စစ်ဆေးသင့်သူများ
- နှလုံးရောဂါမျိုးရိုးရှိသူများ နှင့် အသက် (၄၀)နှစ် နှင့် အထက်ရှိသူများ
- ဆီးချို သွေးချို ရောဂါရှိသူများ
- အဝလွန် နေသောသူများ
- ကိုယ်လက်လှုပ်ရှားမှု အားပုံမှန်မလုပ်ဖြစ်နေသူများ
- ဆေးလိပ်သောက်သုံးနေသူများ
- စိတ်ဖိစီးမှုများသူများ
- ကိုယ်လက်စရောပမာဏ မြင့်တက်နေသောသူများ
- နှလုံး၊ သွေးတိုးရောဂါခံစားနေရသူများ

နှလုံးရောဂါကြောင့် အသက်ဆုံးရှုံးမှုမှ ကာကွယ်ရန် အသက် ၄၀ ကျော်သူတိုင်း စစ်ဆေးသင့်သည်။
နယ်သာလန်နိုင်ငံမှ နှလုံး အထူးကု ဆရာဝန်ကြီးမှ အခမဲ့ အကြံပေးဆွေးနွေးပေးပါမည်။

Pun Hlaing Siloam Hospitals
Pun Hlaing Golf Estate Avenue,
Hlaing Tharyar Township, Yangon, Myanmar.

Like us on facebook Pun Hlaing Siloam Hospitals
www.punhlaingsiloamhospitals.com

Medical Check Up
01 68 44 33


| | |
|---|---|
| တန့်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ | မူး ယစ် ဆန့် ကျင် အောင် ပွဲ ဆင် |

# Myanmar Noble College

edexcel Approved Centre No.93711

**Pre-Foundation Course အတွက်လျှောက်လွှာခေါ်ယူခြင်း**

နိုင်ငံတကာတက္ကသိုလ်များတွင် ဆည်းပူးလေ့လာနိုင်ရေးအတွက် အခြေခံကောင်းရရှိစေရန် Myanmar Noble College တွင် Pre-Foundation Course ကိုစတင်ဖွင့်လှစ်ပါမည်။

ဖွင့်လှစ်မည့်ကာလ - ၆.၇.၂၀၁၆ မှ ၅.၅.၂၀၁၇

လိုအပ်သောအရည်အချင်း -
- နဝမတန်းအောင်မြင်ပြီးသူများ
- IGCSE Secondary III အောင်မြင်ပြီးသူများ
- Secondary II အောင်မြင်၍ ကျောင်းမှပြုလုပ်သည့် Placement Test တွင် အရည်အချင်းပြည့်မီသူများ

Pre-Foundation Course အောင်မြင်သူများသည် Myanmar Noble College တွင် Foundation Course တက်ရောက်ပြီးနောက် Higher National Diploma Courses များကို ဆက်လက် လေ့လာသင်ယူနိုင်ပါသည်။ HND ပြီးမြောက်ပါက နိုင်ငံတကာတက္ကသိုလ်များတွင် ဆက်လက်၍ BE/ BSc (Hons)/ BA (Hons) ဘွဲ့များရယူနိုင်ပါသည်။

**Higher National Diploma Courses - Business**
**Information Technology**
**Engineering (Civil,Mechanical,Electrical & Electronic)**

No.6(A), Kyoe Sett Yone Street, (B) Quarter, Thuwunna, Thingankyun Township, Yangon.
Contact Us : 01-2331257, 01-2331276, 01-2331264, 09-780639577

## အာရှနဂါး

Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

**မသဒ္ဒါ** (B.A English)
မူလတန်း ဘာသာစုံ
စာသင်ဝိုင်း အိမ်တိုင်
ရာရောက် သင်ပေးသည်။
Ph: 09-796028524,
09-49288258

## ဒေါ်ခိုင်ခိုင်ဝင့်

B.Sc (Chem), DA, LCCI (UK), ACCA Part II

# LCCI, ACCA

- လူနည်းစုနှင့်ထိထိမိမိသင်လိုသူများ။
- အချိန်နှင့်ငွေကို Save ဖြစ်လိုသူများ။
- Costထက် Benefit အားသာချက်ကို အပြည့်အဝ ရရှိစေမည်။

ရုံးချိန်အလွတ်၊ ညဦးရောက်သင်တန်း ကျောင်းအပ်လက်ခံပြီ

အမှတ်(၃၂)၊ ၅လွှာ၊ သမ္မာဒိဋ္ဌိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
Ph : 0950 67748,09254716005,09798427764

## STARFISH Education

10% discounts + special gifts for New Students !!



တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူများနှင့် လုပ်ငန်းခွင်ဝင်ရောက်နေသူများအတွက် English (4 skills)

- ✓ တနလာ - သောကြာ တန်းခွဲသစ်များ ဇွန်လ (၇) ရက်စမည်။
- ✓ စနေ - တနင်္ဂနွေ တန်းခွဲသစ်များ ဇွန်လ (၁၁) ရက်စမည်။

Centre(1) သခြေည့်တိုက် (၂)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ရန်ကုန်။ Ph 09 799905715, 09 253179825
Centre(2) တိုက်အမှတ်(၁၅/၁၇)၊ ၃လွှာ(ဘီ)၊ ရန်ကုန် - အင်းစိန်လမ်းမ၊ လှည်းတန်း၊ ရန်ကုန်။ Ph 09 777264230, 0977726423

## Home

Since 1996

မယုံမရှိနဲ့ တကယ်ရနိုင်ပါသည် **28 သိန်းကျပ်** ⟶ တစ်အိမ်လုံး အလှဆင် 12 ft x 40 ft



အပြီးအစီးပါဝင်သော အလှဆင်မှုများ

| | Bedroom 1 | Bedroom 2 | Living room | Walkway | Kitchen |
|---|---|---|---|---|---|
| (a) Laminate Floor | ✓ | ✓ | ✓ | ✓ | |
| (b) Wall Covering/ Paint | ✓ | ✓ | ✓ | ✓ | |
| (c) Panel | ✓ | ✓ | | ✓ | |
| (d) Aluminium Door | ✓ | ✓ | | | |
| (e) Single face Partition | ✓ | ✓ | ✓ | | |
| (f) Tile ( Floor+Wall ) | | | | | ✓ |
| (g) Indoor Plant | | | ✓ | | |
| (h) Kitchen Cabinet | | | | | ✓ |

* Terms & Condition Apply

- ရန်ကုန် (အောင်ဆန်းကွင်း) မင်္ဂလာတောင်ညွန့်။ ဖုန်း - 09 730 84 840, 09 730 84 841
- ရန်ကုန် (သီရိရတနာ) မြောက်ဥက္ကလာပ။ ဖုန်း - 09 79 700 70 88,09 79 700 70 99
- ရန်ကုန် (လေးထောင့်ကန်) သမ်မ်းကျန်းမြို့နယ်။ ဖုန်း - 09 79 700 70 73, 09 79 700 70 83
- (ပဲခူး) တပင်ရွှေထီးလမ်း ပယာမြို့ပတ်တိုင်။ ဖုန်း - 09 79 700 70 75, 09 79 700 70 85
- နေပြည်တော် ( ပုပ္ပသီရိ ) မင်္ဂလာဒီပ ရပ်ကွက် ဖုန်း - 09 730 84 844, 09 79 5900 146
- (ဟင်္သာမြိုင်) မြနန္ဒာ အဝေးပြေးကားဝင်းအနီး။ ဖုန်း - 09 79 58 999 80, 09 79 58 999 81
- (မန္တလေး) ၈၂ လမ်း ( ၃၄ လမ်း နှင့် ၃၅ လမ်းကြား ) ဖုန်း - 09 3311 6626, 09 3311 6636
- ပြင်ဦးလွင် ( မြို့ပတ်လမ်း) ဈေးလေးရှေ့ ဖုန်း - 09 78 12345 01, 09 78 12345 02
- (တောင်ကြီး) ရွှေသူငွေကုန်း။ ဖုန်း - 09 79 700 70 79, 09 79 700 70 89
- (မုံရွာ) ဗိုလ်ချုပ်လမ်းမ။ ဖုန်း -09 79 700 70 87, 09 79 700 70 97

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ် တပ်ရောကုန်းကွက်သစ်(ရွှေပြည်သာယာ) ရပ်ကွက် ပေ၄၀×၆၀၊ ပါမစ်မြေကွက် ရောင်းမည်။ Ph : 095174219


## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)ရပ်ကွက်၊ မြေကွက်အမှတ် (၁၅၅၄)၊အမည်ပေါက် ဦးမြင့်စိုး၏ မြေကွက် အား ဝယ်ယူပိုင်ဆိုင်သူ ဦးကျော်သူ [၁၂/ကတတ(နိုင်)၀၀၀၃၈၄] ကိုင်ဆောင်သူမှ မြေကွက်စလစ် (မူရင်း)၊ ငွေသွင်းချလန် (မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း) များတင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား (မူရင်း)များတင်ပြပြီး ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**




ဟေး!
တစ်နေ့လုံး လန်းဆန်းပျော်ရွှင်စေတာ . . .
HAPPY®
30g




ကော်ဖီ၊ လက်ဖက်ရည်၊ ခရင်(မ်)မီကော်ဖီ၊ ကွေကာ

Since 1986
KMD Institute
NCC education
SQA
UNIVERSITY of GREENWICH
ISO



တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ အတွက် UK နိုင်ငံ၏ ကွန်ပျူတာသိပ္ပံဘွဲ့ နှင့် ဒီပလိုမာများကို
ပညာတော်သင်ဆုများဖြင့် တက်ရောက်နိုင်မည့် အထူးအခွင့်အရေး

L4DC
Level 4 Diploma in Computing

- ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်သူများ အတွက် ပညာတော်သင်ဆု အများဆုံး ၁၀၀% မှ အနည်းဆုံး ၂၀% ထိ ရရှိနိုင်မည်ဖြစ်ပါသည်။

SQA/HND
Higher National Diploma

- ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်သော ကျောင်းသား၊ကျောင်းသူတိုင်းအတွက် HND ဒီပလိုမာသင်တန်းကို တက်ရောက်ပါက ပညာတော်သင်ဆု ၃၀% ခံစားရရှိနိုင်မည်ဖြစ်ပါသည်။

နယ်မှ လာရောက်မည့် ကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးပါမည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုထားသူများ နှင့် အောင်မြင်ပြီးသူများအားလုံး တက်ရောက်နိုင်ပါသည်။

ENROLL NOW FOR NEW SECTIONS

Level-4 Computing Diploma (NCC) → Level-5 Computing Diploma (NCC) → B.Sc(Hons)BIT (Final Year) (University of Greenwich)

HND Foundation (SQA) → HND Diploma (Software Development) (SQA)

Hotline
01-700895

KMD (Myaynigone): 331, Pyay Road, Myaynigone, Sanchaung Township, Yangon.
☎ 01- 381776, 381035, 502233, 527436, 220555 www.facebook.com/kmdncc











သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) ကျင်းပနိုင်ရေး ဆုံးဖြတ်

## အစိုးရမှ ၁၆ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်များမှ ၁၆ ဦး၊ နိုင်ငံရေးပါတီများမှ ၁၆ ဦးတို့ဖြင့် ဖွဲ့စည်းမည်



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ပြင်ဆင်ဖွဲ့စည်းမှုနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲ ဒုတိယနေ့ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၂၈**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးက သဘောတူဆုံးဖြတ်လိုက်သည်။

ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ HORIZON Lake View Resort ၌ ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ပြင်ဆင်ဖွဲ့စည်းမှုနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲ ဒုတိယနေ့တွင် ထိုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ ပြင်ဆင်ဖွဲ့စည်းမှုနှင့် ပတ်သက်၍ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ၁၆ ဦး၏ အမည်စာရင်းအား နိုင်ငံတော်အစိုးရက ရွေးချယ်သတ်မှတ်ပေးသည့်အတိုင်း လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံရေးပါတီများအစုအဖွဲ့မှ တင်ပြချက်ကို သဘောတူညီကြသည်။

UPDJC ၏ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ နိုင်ငံရေးပါတီများ၏ UPDJC အဖွဲ့ဝင် ၁၆ ဦးစာရင်းကို အစိုးရက အမြန်ဆုံးရွေးချယ်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါစာရင်းကို UPDJC အတွင်းရေးမှူး ဦးလှမောင်ရွှေထံ ပေးပို့မည်ဖြစ်ကြောင်း၊ အတွင်းရေးမှူးအဖွဲ့ကို ယခင်အတိုင်း အစုအဖွဲ့တစ်စုလျှင် သုံးဦး

စာမျက်နှာ ၉ ကော်လံ ၁ သို့

# မြန်မာ့အနုပညာအကအား စကိတ်အားကစားနောက်ခံထားကာ မှတ်တမ်းရုပ်ရှင်အဖြစ် ရိုက်ကူး

သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ - ကိုစ




အမေရိကန်နိုင်ငံ FREETHINK မီဒီယာ မှ မေ ၂၇ ရက်က လှည်းတန်းခုံးကျော်တံတားအောက်တွင် မြန်မာ့အနုပညာအကကို နောက်ခံစကိတ်ကစားနေသည့် မြင်ကွင်းနှင့်တွဲဖက်၍ မှတ်တမ်းရုပ်ရှင်အဖြစ် ရိုက်ကူးသည်ကို တွေ့မြင်ခဲ့ရသည်။(ယာပုံ)

မှတ်တမ်းရုပ်ရှင် လာရောက်ရိုက်ကူးခြင်းနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာ FREE THINK မီဒီယာမှ Ms. AMANDAက " အမေရိကန် ဝါရှင်တန်ကလူတွေဟာ မြန်မာ့ယဉ်ကျေးမှုကို မသိကြဘူး။ မြန်မာ့ယဉ်ကျေးမှုအနုပညာတွေ၊ အကပညာတွေ အခုနောက်ပိုင်းမှာ ပြောင်းလဲလာပြီဆိုတာကိုလည်း ဝါရှင်တန်ကသူတွေကို ပြချင်ပါတယ်။ ပြီးတော့ အရင်က မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကို

စာမျက်နှာ ၉ ကော်လံ ၁ သို့

